# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၁၄) ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (16-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၆၉)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း



နေပြည်တော် အောက်တိုဘာ ၁၅

ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား-

ဒီနေ့ကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား သဘောတူညီမှုရရှိခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement – NCA)ကို ချုပ်ဆိုနိုင်ခဲ့တဲ့ (၉)နှစ်ပြည့်မြောက်တဲ့နေ့ပဲဖြစ်ပါတယ်။ဒီနေ့အခါသမယမှာ သဘောတူစာချုပ်စတင်လက်မှတ်ရေးထိုးခဲ့ချိန်မှာ ပါဝင်ခဲ့ကြတဲ့

စာမျက်နှာ ၁၈ ကော်လံ ၁ 

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် မိန့်ခွန်းပြောကြားစဉ်။





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၀၇၇၊ ၀၉ ၆၉၄၉၆၅၀၈၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# အနာဂတ်လူ့ဘဝတွင် စားရေရိက္ခာဖူလုံရေး

လူတို့အသက်ရှင်ရပ်တည်ရေးအတွက် စား၊ ဝတ်၊ နေရေးသည် အဓိကလိုအပ်ချက်ပင်ဖြစ်ပေသည်။ အစာအာဟာရ မှီဝဲစားသောက်ရမှသာ အသက်ရှင်ရပ်တည်နိုင်မည်ဖြစ်ပြီး ထိုသို့ မှီဝဲစားသောက်ရာ၌လည်း ကျန်းမာရေးနှင့်ညီညွတ်သည့် အစာအာဟာရကို လုံလောက်မျှတစွာ ရရှိရန်လိုအပ်သည်။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများသည် လူသားများ၏ စားနပ်ရိက္ခာအတွက် မရှိမဖြစ်သော လုပ်ငန်းများဖြစ်သည်။ ယနေ့ခေတ်ကာလကဲ့သို့ လူဦးရေအဆမတန်မတိုးပွားမီက လူသားတို့၏ ပုံမှန်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြင့် စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် လူသားများ၏စားသုံးမှုသည် မျှတလုံလောက်ခဲ့သည်။ သို့သော်လည်း အဆမတန်တိုးပွားလာသော လူဦးရေကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ကာ စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်လာသော်လည်း စားရေရိက္ခာ မလုံလောက်မှုများဖြစ်လာခဲ့သည်။

ကမ္ဘာ့လူဦးရေတိုးပွားနှုန်းသည် ၂၀ရာစုအကုန်တွင် သန်း ၆၀၀၀ အထိတိုးပွားလာခဲ့ရာမှ ၂၁ရာစုတွင် သန်း ၆၆၀၀ ခန့်ထိရှိလာသည့်အတွက် လူဦးရေနှင့် စားနပ်ရိက္ခာ လုံလောက်မျှတရေးသည် ဦးစားပေးအကောင်အထည်ဖော် ဆောင်ရွက်ရမည့်အကြောင်းအရာဖြစ်လာသည်။ ကမ္ဘာ့လူဦးရေတိုးပွားလာမှုကြောင့် စိုက်ပျိုးမြေများတိုးချဲ့ခြင်း၊ နေစရာနေရာများတိုးချဲ့ခြင်းများကြောင့် နောက်ထပ်တိုးချဲ့ရန်နေရာများ ရှားပါးလာသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းစနစ်များကို ပိုမိုတိုးတက်အောင် နည်းပညာအကူအညီဖြင့် တီထွင်ကြိုးပမ်းလာကြသော်လည်း ကမ္ဘာတွင် စားနပ်ရိက္ခာပြတ်လပ်မှု၊ အာဟာရချို့တဲ့မှုပြဿနာများကို တွေ့ကြုံရင်ဆိုင်နေရဆဲဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ကမ္ဘာ့စားနပ်ရိက္ခာမလုံလောက်မှုပြဿနာကို ဖြေရှင်းရန် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၁၆ ရက်နေ့တွင် ကမ္ဘာ့စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့ (FAO) ကို ဖွဲ့စည်းခဲ့ပြီး အဆိုပါ FAO ဖွဲ့စည်းခဲ့သည့် အောက်တိုဘာ ၁၆ရက်နေ့ကို အစွဲပြု၍ ကမ္ဘာ့စားနပ်ရိက္ခာနေ့ကိုသတ်မှတ်ခဲ့ရာ ယခုနှစ်ကျရောက်သောကမ္ဘာ့စားနပ်ရိက္ခာနေ့ဆောင်ပုဒ်မှာ "ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင် ဖြည့်ဆည်းပေး"ဟူ၍ဖြစ်သည်။

အစာရေစာပေါကြွယ်ဝသောကမ္ဘာကြီးတွင် ငတ်မွတ်ခေါင်းပါးမှုဒဏ်ကြောင့် စက္ကန့်တိုင်း လူတစ်ဦးသေဆုံးနေရသည်မှာ အင်မတန်ဝမ်းနည်းဖွယ်ရာပင်ဖြစ်သည်။ စီးပွားရေးကျပ်တည်းလာမှု၊ သဘာဝပတ်ဝန်းကျင်ဖောက်ပြန်ပြောင်းလဲမှုနှင့် နိုင်ငံများကြားဖြစ်ပွားနေသောပဋိပက္ခများကြောင့် ငတ်မွတ်မှုဘေးသည် ပိုမိုဆိုးရွားလာသည်။

စိုက်ပျိုးရေးကိုအခြေခံသည့် မြန်မာနိုင်ငံသည် ဘေးအန္တရာယ်ကင်းရှင်းပြီး အာဟာရဓာတ်ပြည့်ဝဖူလုံစေရန်၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်လာစေရန် မဟာဗျူဟာများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးရေးလုပ်ငန်းများတွင် မျိုး၊ မြေ၊ ရေ၊ နည်း လေးချက်နှင့်အညီ အကောင်အထည်ဖော်နိုင်သကဲ့သို့ မွေးမြူရေးတွင်လည်း မျိုးကောင်းမျိုးသန့်များကိုမွေးမြူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီဥတုဒဏ်ခံနိုင်သောစိုက်ပျိုးနည်းပညာများတွင် ရင်းနှီးမြှုပ်နှံမှုများကို တိုးချဲ့မြှုပ်နှံရန်လိုအပ်သကဲ့သို့ ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များနှင့်အညီ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လိုက်လျောညီထွေဆောင်ရွက်ရေးသည် များစွာအရေးပါလှသည်။ သို့မှသာ အနာဂတ်လူ့ဘဝများတွင် ငတ်မွတ်မှုဘေးများသည် အဆုံးသတ်လာကာ ရေရှည်တည်တံ့ခိုင်မြဲသော လူသားတို့၏စားနပ်ရိက္ခာများကို ရှိစေမည်ဖြစ်ပါသောကြောင့် ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဖူလုံဘေးကင်းရေးအတွက် နိုင်ငံ့အစိုးရများ၊ ပုဂ္ဂလိကလူမှုအဖွဲ့အစည်းများနှင့် ပြည်သူများက စားရေရိက္ခာဖူလုံရေးအတွက် အတူတကွဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း အကြံပြုရေးသားအပ်ပါသည်။

# ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပြောင်းဖူး(ဗမာ) အရောင်းအဝယ်ကောင်းမွန်နေ



**မန္တလေး အောက်တိုဘာ ၁၅**

ပြည်ပက ဝယ်ယူမှုများပြားသဖြင့် မန္တလေးဈေးကွက်တွင် ပြောင်းဖူး(ဗမာ) အရောင်းအဝယ်ကောင်းမွန်နေကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ပြောင်းဖူး(ဗမာ)ကို ယခုလက်ရှိ တရုတ်နိုင်ငံဘက်မှ ဝယ်ယူမှုများပြားလျက်ရှိပြီး ပြည်တွင်း၌ ပြောင်းဖူး(ဗမာ)များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အလားတူ မန္တလေးဈေးကွက်အတွင်း၌ ပြောင်းဖူး(ဗမာ)ကို ကုန်သည်များ ဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

"ပြည်တွင်းက ထွက်ရှိတဲ့ ပြောင်းဖူး(ဗမာ)တွေကို အခုလက်ရှိမှာ ပြည်ပကရော ပြည်တွင်းကပါ ဝယ်ယူမှုများလာတာကြောင့် အရင်ကထက်ပိုပြီး အရောင်းအဝယ် ကောင်းမွန်နေတဲ့ အနေအထားမှာရှိနေပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် ယနေ့ပေါက်ဈေးအရ ပြောင်းဖူး(ဗမာ) ဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၇၃၀၀၀ ထိ ပေါက်ဈေးရှိပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်မှာတော့ ပြောင်းဖူး(ဗမာ)ကလဲ အရောင်းအဝယ်ဖြစ်နေတဲ့ အမျိုးအစားထဲမှာ ပါပါတယ်။ မန္တလေးဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ထဲမှာလဲ ပြောင်းဖူး(ဗမာ)အရောင်းအဝယ် ပြန်ပြီးကောင်းမွန်နေပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန် ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ညောင်တုန်း အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးတန်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

ညောင်တုန်းမြို့နယ်မှ ငါးတန်အပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဩဂုတ်လအတွင်းက ငါးတန်ပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ငါးတန်ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"စက်တင်ဘာလ တစ်လအတွင်း ငါးတန်ပိဿာချိန်၇၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ညောင်တုန်းမြို့နယ်ကနေ ထွက်တဲ့ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချလျက်ရှိပါတယ်။ စက်တင်ဘာလအတွင်းကော အခုလက်ရှိပါ ရေထွက်ကုန်တွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးတန်က ပြည်တွင်းဈေးကွက်မှာကို အရောင်းအဝယ်ကောင်းနေပါတယ်။ တင်ပို့မှုအားကောင်းလာတော့ ငါးတန်မွေးမြူတဲ့လုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေလာပါတယ်"ဟု ညောင်တုန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၉၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးတန်များကို ရန်ကုန်ဈေးကွက်သို့ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် မွေးမြူရေးလုပ်ငန်းရှင်များ၊ ငါးရောင်းဝယ်ရေးကုန်သည်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေလျက်ရှိကြောင်း ညောင်တုန်းမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နီနီဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးမည်

**ကျွန်းလှ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလ တတိယပတ်တွင် စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်းလှမြို့နယ်အတွင်း ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၁၃၃၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ ဖူးစားပြောင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးသွားပါမယ်။ ဖူးစားပြောင်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် ဖူးစားပြောင်း စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ဒေါ်မြင့်မြင့်ရီက ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏ နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ဘိုကလေး အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ၂၄ ပြည်ဝင် ပေါ်ဆန်းဆန် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၆၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်းပေါ်ဆန်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၇၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ပေါ်ဆန်းဆန် အိတ်ရေများများ ရန်ကုန်ဈေးကွက်ဘက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ပေါ်ဆန်းဆန်တွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ်ကောင်းခဲ့တာဖြစ်ပါတယ်။ ပေါ်ဆန်းဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေ ရှိနေပါတယ်။ အခြားဆန်တွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းနဲ့ လတ်တလောမှာပါ ပေါ်ဆန်းဆန် အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်''ဟု ဘိုကလေးမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သည့်စက်တင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ပေါ်ဆန်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၁၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း ဘိုကလေးမြို့နယ်မှ ဆန်စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ဒေါ်ယုဝေထံမှ သိရသည်။

**ကျော်ကျော်လင်း**

# တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်လှစ်မည်

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ တန်ဖိုးမြှင့်စားသောက်ကုန် (Bakery) ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်ပို့ချမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ သိရသည်။

အဆိုပါသင်တန်းကို ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ရန်နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်ထိ အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၂၅ လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အဆိုပါဦးစီးဌာနသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

သင်တန်းတွင် ဂျုံ၊ ဆန်တို့ဖြင့် ပြုလုပ်သော ကိတ်များ၊ ပေါင်မုန့်များ၊ ကွတ်ကီးများ၊ မုန့်ပြုလုပ်ရာတွင် အသုံးပြုနိုင်သည့် သတ်မှတ်အချိုးအဆများ၊ အစားအသောက်သုံး ဓာတုဆေးဝါးများအကြောင်းကို အဆိုပါဦးစီးဌာနမှ သင်တန်းနည်းပြများက အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၁၅၂)

# ပူတာအိုမြို့နယ် ဂျူဗလီကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပူတာအို အောက်တိုဘာ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဂျူဗလီကျေးရွာ၌ပထမအကြိမ် မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဇော်က မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်း ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးနှင့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ်သိန်း ၅၅၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဂျူဗလီကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ အခြားလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို ရန်ပုံငွေကျပ်သိန်း ၅၅၀ ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။**ဆက်လူ**

# ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၁၁၅၀၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကသာ အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံဧက ၁၁၅၀၇၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြံ၁၂၇၂၅၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကသာမြို့နယ်တွင် ၆၂၀၀၈ ဧက၊ အင်းတော်မြို့နယ်တွင် ၁၀ ဧက၊ ထီးချိုင့်မြို့နယ်တွင် ၅၃၀၁၅ ဧကနှင့် ဗန်းမော်မြို့နယ်တွင် ၃၇ ဧက စုစုပေါင်း ဧက ၁၁၅၀၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကသာခရိုင်မှာ ကြံ ၁၂၇၂၅၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ကြံဧက ၁၁၅၀၇၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဒေသခံတောင်သူတွေက ကြံကိုပုံမှန်စိုက်ကြပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

မိုးသီးနှံစိုက်ပျိုးရာသီ၌ ကသာခရိုင်တွင် ကြံစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကသာမြို့နယ်တွင် ၆၁၃၅၆ ဧက၊ အင်းတော်မြို့နယ်တွင် ၁၀ ဧက၊ ထီးချိုင့်မြို့နယ်တွင် ဧက ၆၅၈၅၀ နှင့် ဗန်းမော်မြို့နယ်တွင် ၃၇ ဧက စုစုပေါင်း ၁၂၇၂၅၃ ဧကတို့ဖြစ် ကြောင်း သိရသည်။

ကြံစိုက်ပျိုးမှုအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ရွှေဘိုခရိုင်၊ ကန့်ဘလူခရိုင်နှင့် ကသာခရိုင်တို့တွင် စိုက်ပျိုးကြပြီး ကသာခရိုင်နှင့် ကန့်ဘလူခရိုင်တို့တွင် ကြံစိုက်ပျိုးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

ကသာခရိုင်တွင် ကြံစိုက်ပျိုးရာ၌ ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ခြောက်သိန်းမှ ခုနစ်သိန်းခန့်ထိ ကုန်ကျပြီး ကြံတစ်ဧကလျှင် တန်ချိန် ၃၀ ထွက်ရှိကြောင်း ကသာခရိုင် စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)



# မှတ်တမ်းခိုင်မာ ပုဂံကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ကမ္ဘာပေါ်တွင် ပထမဆုံးစာရေးသားသည့်စနစ်သည် ခရစ်တော်မပေါ်မီ နှစ် ၃၄၀၀ မှ နှစ် ၃၁၀၀ ကြား မစ်ဆိုပိုတေးမီးယားဒေသတွင် ပေါ်ထွန်းခဲ့သည်။ ပထမဆုံးစာရေးခြင်းစနစ်ဖြစ်သည့် ကျူနီဖောင်း(Cuneiform)သည် အရုပ်များ၊ သင်္ကေတများ၊ အမှတ်လက္ခဏာများဖြင့် ရေးသားခဲ့သည့်ပုံစံဖြစ်သည်။ စာရေးခြင်းစနစ်စတင်ပေါ်ထွန်းခဲ့ချိန်တွင် အက္ခရာစာလုံးများကို အသုံးမပြုနိုင်သေးဘဲ ခရစ်တော်မပေါ်မီ နှစ် ၁၇၀၀ ရောက်မှ အရှေ့အလယ်ပိုင်းဒေသတွင် အက္ခရာစာအရေးအသားကိုအသုံးပြုခဲ့ရာ လွန်ခဲ့သည့် နှစ် ၄၀၀၀ ဝန်းကျင်ဖြစ်သည်။

လွန်ခဲ့သည့် နှစ် ၃၅၀၀ ဝန်းကျင်က မြန်မာနိုင်ငံတွင် ထွန်းကားခဲ့သည့် ကြေးခေတ်နှင့် သံခေတ်ဦးကာလတွင် စာပေအရေးအသားကို အသုံးပြုခဲ့သည့် အထောက်အထားကို မတွေ့ရှိရသေးပေ။ ကြေးခေတ်နှင့် သံခေတ်နောက်တွင် ထွန်းကားခဲ့သည့်ပျူခေတ်တွင် စာပေရေးသားသည့် အထောက်အထားတွေ့ရှိခဲ့သည်။ သရေခေတ္တရာမြို့ဟောင်းမှ တူးဖော်တွေ့ရှိခဲ့သည့်ကျောက်ထွင်းအိုးများ၊ ခင်ဘကုန်းမှတူးဖော်တွေ့ရှိခဲ့သည့် ရွှေပေလွှာအချပ်(၂၀)၊ ဟန်လင်းမှ တွေ့ရှိခဲ့သည့်ကျောက်စာများ စသည်တို့တွင် စာပေရေးသားသည့်အထောက်အထားများ တွေ့ရှိရသည်။

ပျူယဉ်ကျေးမှုထွန်းကားသည့် ခေတ်ကာလတွင် တွေ့ရှိခဲ့သည့်အက္ခရာများကို ယေဘုယျအားဖြင့် ပျူစာပေဟု သတ်မှတ်နိုင်ခဲ့သည်။ ပျူစာပေအရေးအသားသည် ပုဂံခေတ်ထိရှိခဲ့ကာ ပျူစာအရေးအသားကို ရာဇကုမာရ်ကျောက်စာ၊ စောလူးမင်းကျောက်စာ စသည်တို့တွင် တွေ့ရှိရပေသည်။

ပုဂံခေတ်တွင် ပျူစာပေသာမက၊ မြန်မာစာပေနှင့် မွန်စာပေအရေးအသားများကို တွင်ကျယ်စွာ အသုံးပြုခဲ့ကြောင်း ကျောက်စာများက သက်သေထူနေပေသည်။

**သမိုင်းထင်ရှားမြန်မာကျောက်စာများ**

မြန်မာနိုင်ငံသမိုင်းတစ်လျှောက်တွင် ပုဂံခေတ်က ရေးထိုးခဲ့သည့်ကျောက်စာများကို အများအပြား တွေ့ရှိခဲ့ရသည်။ ကျောက်စာများသည် ရေးထိုးခဲ့သည့် ခေတ်ကာလသမိုင်းကြောင်းများကို ထင်ဟပ်နေသည့် အထောက်အထားများဖြစ်သဖြင့် ပုဂံကျောက်စာများမှတစ်ဆင့် ပုဂံ၏ သမိုင်းပုံရိပ်များကို ခြေရာခံနိုင်ခဲ့သည်။

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် များစွာသော ကျောက်စာများအနက် ရာဇကုမာရ်မင်းသားရေးထိုးခဲ့သည့်ကျောက်စာသည် အထင်ရှားဆုံးဖြစ်ဖွယ်ရှိကာ မြစေတီကျောက်စာဟုလည်း သိရှိကြသည်။ ၎င်းကျောက်စာကို ကမ္ဘာ့ကုလသမဂ္ဂ၊ UNESCO အဖွဲ့က ခိုင်မာသော သမိုင်းအထောက်အထားများကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ် (Memory of the World) ဟု သတ်မှတ်ခဲ့သည်။

ထို့အတူ သိင်္ဃသူသမီးကျောက်စာ၊ ဖွားစောကျောက်စာ၊ ကျစွာမင်းကျောက်စာ၊ ရှင်ဒိသာပါမောက်ကျောက်စာ စသည့်ထင်ရှားသော ပုဂံကျောက်စာများကို သမိုင်းသုတေသီများက သုတေသနပြုနိုင်ခဲ့သဖြင့် ပုဂံခေတ် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ယုံကြည်ကိုးကွယ်မှု၊ အနုပညာနှင့် စာပေအရေးအသား စသည်တို့ကို ဖော်ထုတ်ရာတွင် လွန်စွာအထောက်အကူဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ သမိုင်းတင်ခေတ်ကို လေ့လာရာတွင် ကျောက်စာများသည် အဓိကကဏ္ဍမှ ပါဝင်ခဲ့သည်။ ခေတ်အဆက်ဆက်ကို ဖြတ်သန်းခဲ့သည့် မြန်မာနိုင်ငံ၏သမိုင်းကို ခြေရာကောက်ရာတွင် ကျောက်စာများသည် ပညာရှင်နှင့် သုတေသီများ အဓိကအားကိုးရသည့် ခိုင်မာသောအထောက်အထားများဖြစ်ခဲ့ပေသည်။

ထို့ကြောင့် ဗဒုံမင်း(၁၇၈၂- ၁၈၁၉)လက်ထက်မှစ၍ ကျောက်စာများကိုစုစည်းခဲ့ကာ လက်ရှိအချိန်တွင် ရှေးဟောင်းကျောက်စာအများစုကို ရှေးဟောင်းသုတေသနဌာနများနှင့် ကျောက်စာရုံများတွင် ထိန်းသိမ်းထားရာ ပုဂံကျောက်စာများကို ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် လေ့လာနိုင်ပေသည်။

ရှေးဟောင်းကျောက်စာများကို မျက်မှောက်ခေတ်သုံးအက္ခရာများဖြင့် ရေးထိုးခဲ့ခြင်းမဟုတ်သဖြင့် ၎င်းတို့၏အဓိပ္ပာယ်ကိုသိရှိရန် ရှေးခေတ်သုံးအက္ခရာနှင့် အရေးအသား၊ အသုံးအနှုန်းများကို သင်ယူကြရသည်။ အထူးသဖြင့် တက္ကသိုလ်အသီးသီးတွင် မြန်မာဘာသာနှင့် အရှေ့တိုင်းပညာဘာသာကိုသင်ယူသည့် ကျောင်းသား၊ ကျောင်းသူများကို ပုဂံကျောက်စာရေးထုံးနှင့် ပုဂံကျောက်စာတချို့ကို သင်ရိုးတစ်ခုအဖြစ် ပို့ချပေးလျက်ရှိသည်။ ထို့ကြောင့် ပုဂံခေတ်ကျောက်စာများမှ မြန်မာစာခေတ်ဦးအရေးအသားများ၊ မြန်မာစာအရေးပုံသဏ္ဌာန်များနှင့် ကျောက်စာမှတ်တမ်းများကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ခဲ့ပေသည်။

မြန်မာ့စွယ်စုံကျမ်းတွင် ကျောက်စာများကို လေ့လာခြင်းဖြင့် ကျောက်စာရေးထိုးသောခေတ်က ယုံကြည်မှု အယူဝါဒများ၊ ယဉ်ကျေးမှုအနုပညာများနှင့် လူမှုဆက်ဆံရေးများကို မှန်းဆအကဲခတ်နိုင်သဖြင့် နိုင်ငံသမိုင်းကို များစွာအထောက်အကူဖြစ်စေကြောင်း ရေးသားထားသည်။

**သမိုင်းမှတ်တမ်းကျောက်စာများ**

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ရေးထိုးခဲ့သည့် ရှေးဟောင်းကျောက်စာများကို လေ့လာနိုင်ရန် ပညာရှင်များစုဆောင်းပြုစုခဲ့သည့် ကျောက်စာစာအုပ်များကို ထုတ်ဝေခဲ့ကြသည်။ ၁၈၈၁ ခုနှစ်တွင် ကမ္ပည်းကျောက်စာဌာန၊ ကျောက်စာဝန် ဒေါက်တာအီးဖောချမ်းမား(Dr.E Forchhammer)သည် မြန်မာနိုင်ငံအတွင်းရှိကျောက်စာများကို မင်ဖြင့် မိတ္တူများကူးယူခဲ့သည်။ ဒေါက်တာအီးဖောချမ်းမား ကွယ်လွန်ပြီးနောက် ၎င်းစုဆောင်းခဲ့သည့် ကျောက်စာများကို ကျောက်စာဝန် မစ္စတာတော်စိန်ခိုက ပုဂံ၊ ပင်းယ၊ အင်းဝရှိ ကျောက်စာများ(၁၈၉၂) (Inscription of Pagan, Pinya, Ava, 1892)၊ ဘိုးတော်ဘုရားစုစည်းခဲ့သောကျောက်စာများမှ ကူးသော မန္တလေးမြို့ မဟာမြတ်မုနိဘုရားရှိ ကျောက်စာများ အတွဲ နှစ်တွဲ (၁၈၉၇) (The Inscriptions copied from the stones collected by King Bodawpaya and placed near the Arakan Pagoda Vol. I,II, 1897)၊ အထက်မြန်မာပြည်၌ စုဆောင်းထားသော ကျောက်စာများ အတွဲနှစ်တွဲ (၁၉၀၀ နှင့် ၁၉၀၃)၊ (The Inscriptions collected in upper Burma, 1900 and 1903)၊ ဘိုးတော်ဘုရားစုစည်းခဲ့သော အမရပူရမြို့ ပုထိုးတော်ကြီးဘုရားအရံအတွင်းရှိ မူလထိုးကျောက်စာများ(၁၉၁၃) (The Original Inscriptions collected King Bodawpaya and now palaced near the Patodawgyi Pagoda, Amarapura, 1913) ကို စာအုပ်များထုတ်ဝေခဲ့သည်။



မန္တလေးနန်းတွင်းကျောက်စာရုံတွင် စုစည်းထားသည့် ရှေးဟောင်းကျောက်စာများ။

ကမ္ပည်းကျောက်စာဌာနသည် နှစ် ၂၀ အတွင်း မြန်မာပြည်ကမ္ပည်းကျောက်စာများ(Epigraphia Birmanica) စာစဉ်ခုနစ်အုပ်ကို ၁၉၁၉ ခုနှစ်မှစ၍ ထုတ်ဝေခဲ့သည်။ ၁၉၂၁ ခုနှစ်ထိ တွေ့ရှိထားသော ကျောက်စာများကို အမှတ်စဉ်၊ သက္ကရာဇ်၊ တွေ့ရှိသည့်နေရာ၊ ယခုရှိနေသည့်နေရာ၊ ကျောက်စာထိုးဘာသာ၊ အကြောင်းအရာ စသည်တို့ကို စုစည်း၍ မြန်မာပြည်တွင်တွေ့ရှိရသည့် ကျောက်စာများစာရင်း(A List of Inscriptions found in Burma) စာအုပ်ကို ထုတ်ဝေခဲ့သည်။

ထို့အတူ ပါမောက္ခဦးဖေမောင်တင်နှင့် ဂျီအိပ်ချ်လုစ်တို့က ၁၉၂၈ ခုနှစ်တွင် ပုဂံကျောက်စာညွန့်ပေါင်း၊ ၁၉၃၃ ခုနှစ်မှ ၁၉၅၆ ခုနှစ်အတွင်း တိုင်းရင်းမြန်မာကျောက်စာများ ငါးတွဲ၊ ပါမောက္ခ ဦးဇမောင်က ၁၉၅၈ ခုနှစ်တွင် ပုဂံကျောက်စာလက်ရွေးစင်စာအုပ်ကို ထုတ်ဝေခဲ့သည်။ ရှေးဟောင်းသုတေသနဦးစီးဌာနကလည်း သုတေသနလက်ထောက် ဦးငြိမ်းမောင် စုစည်းခဲ့သည့် မြန်မာသက္ကရာဇ် ၄၇၄ ခုနှစ်မှ ၉၉၈ ခုနှစ်အတွင်းရေးထိုးခဲ့သော ရှေးဟောင်းမြန်မာကျောက်စာများ အတွဲငါးတွဲကို ထုတ်ဝေခဲ့သည်။ လက်ရှိအချိန်တွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက မြန်မာ့ရှေးဟောင်းကျောက်စာစာအုပ်များကို ဆက်လက်ထုတ်ဝေလျက်ရှိသည်။

**ထူးထူးခြားခြားကျောက်စာများ**

ကျောက်စာများကို မူလထိုး၊ ဆင့်ထိုးနှင့်စပ်ထိုးဟု ခွဲခြားထားရာ မူလထိုးကျောက်စာသည် အထောက်အထားအခိုင်မာဆုံးဖြစ်သည်။

မူလထိုးကျောက်စာအများစုတွင် ကျောက်စာအမည်မပါရှိသော်လည်း ရေးထိုးသူအမည်ကို အစွဲပြု၍ ရာဇကုမာရ်ကျောက်စာ၊ ရှင်ဒိသာပါမောက်ကျောက်စာ၊ မနူဟာကျောက်စာ၊ ဓမ္မစေတီကျောက်စာ စသည်ဖြင့်လည်းကောင်း၊ ကျောက်စာရေးထိုးခဲ့သည့်နေရာဒေသကို အစွဲပြုလျက် သထုံမြသပိတ်စေတီကျောက်စာ၊ ပဲခူးကလျာဏီသိမ်ကျောက်စာ စသည်ဖြင့်လည်းကောင်း၊ ကျောက်စာတည်ရှိသည့် စေတီ၊ ဘုရားနေရာကိုအစွဲပြု၍ ရွှေစည်းခုံစေတီကျောက်စာ၊ ထီးလိုမင်းလိုကျောက်စာ၊ ကုသိုလ်တော်ဘုရားကျောက်စာ စသည်ဖြင့်လည်းကောင်း၊ အကြောင်းအရာအပေါ်မူတည်၍ ကျစွာမင်းအမိန့်ပြန်တမ်းကျောက်စာ၊ စောရဟန်းသိမ်ကျောက်စာ စသည်ဖြင့်လည်းကောင်း၊ ကျောက်စာများစုစည်းထားရှိသည့်နေရာကိုမူတည်၍ နန်းတွင်းကျောက်စာ၊ ထူပါရုံကျောက်စာ၊ ဟန်လင်းကျောက်စာရုံကျောက်စာ စသည်ဖြင့်လည်းကောင်း ခေါ်ဆိုခဲ့ကြသည်။

မြန်မာနိုင်ငံအတွင်း နေရာဒေသအသီးသီးတွင် တွေ့ရှိရသည့် ရှေးဟောင်းကမ္ပည်းကျောက်စာအများစုသည် ကုသိုလ်ကောင်းမှုမှတ်တမ်းများဖြစ်ကြသော်လည်း ထူးခြားသောကျောက်စာများကိုလည်း တွေ့ရှိကြရပေသည်။

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်မှ မော်ကွန်းပညာရှင် ဦးခင်မောင်ဆွေက မင်ဝိုင်းကျောက်စာတွင် မြေရှင်၊ မြေငှား၊ မြေရောင်းဝယ်ပုံ၊ လေးမျက်နှာကျောက်စာတွင် ကျွန်အရောင်းအဝယ်ပြုပုံ၊ ဓမ္မရာဇိကဘုရားကျောက်စာတွင် ပုဂံခေတ်နိုင်ငံရေးနှင့် ခရိုင်အမည်၊ ခေမာရ်ဘုရားကျောက်စာတွင် ငရဲကြီးရှစ်ထပ်၊ မင်းမတ်ဉာဏဝိစည်ကျောက်စာတွင် အနုပညာသည်များ၊ မြောက်ဂူကြီးဘုရားကျောက်စာတွင် ဂီတတူရိယာ၊ စောရဟန်းသိမ်ကျောက်စာတွင် ဗိသုကာပညာ၊ ရှင်ဒိသာပါမောက်ကျောက်စာတွင် တရုတ်ပြည်သံတမန်ခရီးမှတ်တမ်း၊ ရှင်ပင်ဗောဓိကျောက်စာတွင် သတ္တုများကိုသုံးစွဲပုံ၊ ဖုန်သည်မင်း အနန္တသူကျောက်စာတွင် ပေပြုလုပ်ပုံများကိုရေးထိုးခဲ့ကြောင်း ကျောက်စာသင်တန်းပို့ချချက်တွင် ရေးသားခဲ့သည်။

**မူလထိုး၊ ဆင့်ထိုး၊ စပ်ထိုး**

ကျောက်စာများတွင် မူလထိုးကျောက်စာများသည် အထောက်အထားအခိုင်မာဆုံးဟု ဆိုကြသော်လည်း ဆင့်ထိုး၊ စပ်ထိုး ကျောက်စာများကိုလည်း အကိုးအကားပြုကြရသည်။

မူလထိုးကျောက်စာသည် ပထမဆုံးရေးထိုးခဲ့သည့်ကျောက်စာဖြစ်၍ မူလကျောက်စာပါအကြောင်းအရာများကို ပြန်လည်ရေးထိုးသည့် ကျောက်စာများသည် ဆင့်ထိုးဖြစ်သည်။ မူလကျောက်စာအကြောင်းအရာများကို တစ်ခု၊ နှစ်ခုစသည်ဖြင့် ပေါင်းစပ်ရေးထိုးထားလျှင် စပ်ထိုးဖြစ်သည်။

ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားလက်ထက်တွင် ကောက်ယူခဲ့သည့် အခွန်စစ်တမ်းများအရ မြန်မာနိုင်ငံအရပ်ရပ်မှ သယ်ယူခဲ့သည့်ကျောက်စာများအနက် ပျက်စီးမှုနည်းပါးသည့် ကျောက်စာများကို မန္တလေးနန်းတွင်းရှိ ကျောက်စာရုံနှစ်ရုံတွင် စိုက်ထူခဲ့ရာ တောင်ဘက်ကျောက်စာရုံ၌ ၆၂၅ ချပ်၊ မြောက်ဘက်ကျောက်စာရုံ၌ အချပ် ၁၄၀ ရှိသည်။

ထို့အတူ ပျက်စီးမှုနည်းပါးသော မူလထိုးကျောက်စာများကို စစ်ကိုင်းမြို့ ထူပါရုံစေတီဝင်းအတွင်းနှင့် ပုဂံပြတိုက်တွင် ဆက်စပ်စိုက်ထူခဲ့သည်။ ပျက်စီးမှုများပြားကာ မူလကျောက်စာအတိုင်းဆက်စပ်၍ မစိုက်ထူနိုင်တော့သည့်ကျောက်စာများကို ပြန်လည်ရေးထိုး၍ မန္တလေးမြို့ မဟာမုနိဘုရားဝင်းအတွင်း အနောက်တောင်ထောင့်တွင် စိုက်ထူခဲ့သည်။ အချို့ကျောက်စာများကို မူလစာသားများအပြင် နောက်ပိုင်းတွင်လှူဒါန်းသည့် အလှူရှင်များ၏ အမည်များပေါင်းစပ်၍ ကျောက်စာအသစ်များ ရေးထိုးစိုက်ထူခဲ့ရာ မဟာမုနိအရှေ့ဘက် ကျောက်စာရုံတွင် သဲကျောက်ဖြင့်ပြုလုပ်ထားသည့် ကျောက်စာ ၁၈၇ ချပ်နှင့် အနောက်ဘက်ကျောက်စာရုံ၌ စကျင်ကျောက်တွင် ရေးထိုးထားသည့် ကျောက်စာ ၅၂၃ ချပ်ဖြစ်သည်။

မြန်မာနိုင်ငံတွင်တွေ့ရှိခဲ့သည့် ကျောက်စာများအနက် ပျူယဉ်ကျေးမှုထွန်းကားခဲ့သည့် သရေခေတ္တရာနှင့် ဟန်လင်းမှတွေ့ရှိခဲ့သည့် ကျောက်စာများသည် အစောဆုံးဖြစ်ကြသည်။ သရေခေတ္တရာမှ တူးဖော်ရရှိခဲ့သည့် ကျောက်အရိုးအိုးများတွင် ပျူဘုရင်များ၏အမည်များနှင့် နတ်ရွာစံသည့်

စာမျက်နှာ ၅ သို့ ➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။"**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၄၂၂၂ ဧကစိုက်ပျိုးပြီးစီး



**မြောင်းမြ အောက်တိုဘာ ၁၅** ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၁၄၄၂၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ လျာထား ၁၄၄၂၂၂ ဧကကို ယခုနှစ် ဇူလိုင်လပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် မိုးသီးနှံစုံ ဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော သီးနှံစုံစိုက်ဧကများတွင် ကန်စွန်း ငါးဧက၊ ပိန်း ၁၂၆ ဧက၊ ဟင်းသီးဟင်းရွက်သီးနှံစုံ ၁၀၈၁ ဧက၊ စပါး ဧက ၁၄၃၀၁၀ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အိမ်မဲမြို့နယ်မှာ မြို့နယ်တစ်ခုလုံး အနေနဲ့ သီးနှံစုံ ၁၄၄၂၂၂ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာတော့ ဧကအားလုံးစိုက်ပျိုးပြီးစီးပါပြီ။ မျိုးကောင်းမျိုးသန့်တွေစိုက်ပျိုးနိုင်ဖို့၊ စိုက်ပျိုးထားတဲ့ သီးနှံတွေမှာ ပိုးမွှားအန္တရာယ်ကင်းရှင်းစေဖို့၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနိုင်စေဖို့ နည်းပညာတွေနဲ့ အခြားပံ့ပိုးမှုတွေကို သီးနှံမစိုက်မီ စိုက်ပျိုးရေးဦးစီးဌာနက တောင်သူ အသိပညာပေး လုပ်ငန်းတွေကို ကွင်းဆင်းဆောင်ရွက်ပေးထားပါတယ်။ ဒီနှစ် မိုးသီးနှံတွေကို ဒေသနဲ့ကိုက်ညီပြီး ဈေးကွက်ရှိတဲ့သီးနှံတွေ အများဆုံးစိုက်ပျိုးထားပါတယ်"ဟု ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

➤ စာမျက်နှာ ၄ မှအဆက်

သက္ကရာဇ်များရေးထိုးထားသဖြင့် ဝိကြမမင်းဆက်ကို ခြေရာကောက်နိုင်ခဲ့သည်။

ကျောက်စာများသာမက ရွှေပြားစာ၊ ငွေပြားစာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ ပလ္လင်စာ စသည်တို့လည်းရှိခဲ့ရာ ရာဇကုမာကျောက်စာနှင့် ဘုရားထောင်အရိုးအိုးအပါအဝင် ကျောက်အိုးများပေါ်တွင် ရေးသားထားသည့်စာများကို အဓိပ္ပာယ်ပြန်ဆိုနိုင်ခဲ့သည်။ ရခိုင်ပြည်နယ် သံတွဲမြို့နှင့် မြို့ဟောင်း(ယခုမြောက်ဦးမြို့)အနီးမှ အေဒီ ၇ ရာစုနှင့် ၈ ရာစုထိုးကျောက်စာများကို တွေ့ရှိခဲ့ပြီး သျှစ်သောင်းဘုရားရှိ စန္ဒြမင်းဆက်ကျောက်စာအရ ရခိုင်မင်းဆက်နှင့် သမိုင်းဖြစ်ရပ်များကို သိရှိနိုင်ခဲ့ကြသည်။ ထို့အတူပင် မွန်ပြည်နယ်မှ တြာပ်နှင့် ပဏ္ဍိတ်ကျောက်စာနှစ်ချပ်ကို တွေ့ရှိခဲ့သည်။

မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြား၌တွေ့ရှိရသည့် ကျောက်စာများသည် အချုပ်ရေ ၃၀၀၀ ခန့်ရှိမည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင် ဦးမြင့်အောင်က မှတ်တမ်းပြုခဲ့သည်။ ကျောက်စာများကို ဝေဘူကျောက်၊ သဲကျောက်နှင့် စကျင်ကျောက်များတွင် အများဆုံးရေးထိုးခဲ့ကြကာ ကျောက်စာအများစုကို မြန်မာနိုင်ငံအလယ်ပိုင်း မိုးခေါင်ရေရှားရပ်ဝန်းဒေသများတွင်တွေ့ရှိရသည်။ ၎င်းတို့အနက် ကုသိုလ်တော်ဘုရားကျောက်စာ ၇၂၉ ချပ်နှင့် ရာဇကုမာရ်ကျောက်စာတို့သည် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်(Memory of the World)များအဖြစ် အသိအမှတ်ပြုခြင်းခံခဲ့ရသည်။

**ကျောက်စာဖတ်နည်း**

ကျောက်စာပေါ်တွင်ရေးထွင်းထားသည့်စာလုံးများကို တိုက်ရိုက်ဖတ်ရှုခြင်းထက် ကျောက်စာများကို မိုင်းကိုင်စက္ကူပေါ်သို့ ကူးယူပြီးမှ ဖတ်ကြခြင်းက ပိုမိုပီပြင်ရှင်းလင်းစွာဖတ်ရှုနိုင်သည်။

ကျောက်စာတစ်ချပ်ကိုမဖတ်မီ ထိုကျောက်စာကိုရေးထိုးထားသည့် အက္ခရာစာလုံးများကို သိရှိထားရန်လိုအပ်ပေသည်။ ဥပမာအားဖြင့် ရှေးဟောင်းမွန်ဘာသာကို မတတ်မြောက်သူသည် မျက်မှောက်ခေတ်သုံး မွန်ဘာသာကိုတတ်မြောက်သည့်တိုင် ရှေးဟောင်းမွန်ကျောက်စာကို ဖတ်ရှုနိုင်မည်မဟုတ်ပါချေ။ ထို့အတူ ရှေးခေတ်သုံးမြန်မာစကားလုံးများကို မသိရှိလျှင် ရှေးဟောင်းမြန်မာကျောက်စာများကို ဖတ်ရှုနိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျောက်စာဖတ်လိုသူများသည် ရှေးခေတ်ကျောက်စာသုံး မြန်မာစာလုံးများကို လေ့လာကြရသည်။

ရှေးခေတ်အက္ခရာ စာလုံးပုံစံများကိုသိရှိသည့်တိုင် ကျောက်စာများသည် ကာလရှည်ကြာလာချိန်တွင် ချွတ်ယွင်းပျက်စီးမှုများရှိလာသဖြင့် ည နှင့် သ၊ ဏ နှင့် လာ၊ ဘ နှင့် ဂ၊ ရ နှင့် ပုဒ်မ၊ သ နှင့် ပ၊ ၁ ဂဏန်းနှင့် ပုဒ်မ၊ ရကောက်စသည်တို့သည် ဆင်တူယိုးမှားဖြစ်ကာ မသဲမကွဲဖြစ်လာလေ့ရှိကြသည်။ အက္ခရာစာလုံးများအပြင် ကိန်းဂဏန်းရေးသားပုံနှင့် အပိုင်းကိန်းရေးသားထားပုံများကိုလည်း လေ့လာကြရသည်။

ရှေးဟောင်းကျောက်စာများကိုဖတ်ရာတွင် ခက်ခဲသောစာများပါရှိမြဲဖြစ်သဖြင့် ကြိုးစားဖတ်ရှုကြရမြဲဖြစ်ရာ ကျောက်စာအချပ်ပေါင်း ၁၀၀၀ ကျော်ကို ကူးယူဖတ်ရှုပြီး စာအုပ်များထုတ်ဝေခဲ့သည့် သုတေသနလက်ထောက် ဦးငြိမ်းမောင်က ကျောက်စာလေးချပ်ကိုသာ လွယ်လွယ်ကူကူဖတ်နိုင်ခဲ့ကြောင်း ရေးသားခဲ့သည်။ ကျောက်စာများကို မှန်ကန်စွာဖတ်ရှုနိုင်ခြင်းကြောင့် ပုဂံအပါအဝင် မြန်မာသမိုင်းကောက်ကြောင်းကို ရှာဖွေဖော်ထုတ်နိုင်ခဲ့ပေသည်။

**ကိုးကား**

- **မြန်မာ့စွယ်စုံကျမ်း အတွဲ (၂) (၉)**
- **ပုဂံခေတ်မြန်မာနိုင်ငံသမိုင်း (ဒေါက်တာတိုးလှ)**
- **မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုသုတေသန (ဦးမြင့်အောင်)**
- **ရှေးဟောင်းမြန်မာကျောက်စာများ (ဦးငြိမ်းမောင်)**

## ငွေရတုမှသည် ရွှေ့သို့ချီ

- ဘိုးဘွားပေးဝေ ချစ်အမွေကို
  ကြာရှည်မြဲခိုင် မယိမ်းယိုင်ဖို့
  နိုင်ငံလူမျိုး ဂုဏ်မညှိုးအောင်
  မြတ်နိုးချစ်ခင် သယ်ပိုးစဉ်လာ
  အနုပညာ တို့ရိုးရာ။

- အမျိုး၏ဂုဏ် ဇာတိဂုဏ်ကို
  မွေးထုံစေမှု စဉ်တွေးရှုကာ
  အနုပညာ ပွဲခင်းသာဝယ်
  ညီညာတွဲလက် ခိုင်ခိုင်ယှက်၍
  ပွင့်ချပ်လေးလွှာ ပန်းမာလာသို့
  ထုံရှာရနံ့ ကမ္ဘာပြန့်အောင်
  ခံ့ခံ့မော်ကွန်း ရေးညွှန်းခဲ့သည်
  ငွေရတုတိုင် မြဲရှည်ခိုင်။


- ဆိုကရေးတီး ပြိုင်ပွဲကြီးသည်
  ခရီးတာရှည် ခိုင်မာတည်၍
  ထုံကြည်မွှေးကြိုင် ရနံ့လှိုင်ကာ
  နိုင်ငံ့ဂုဏ်ရောင် ထွန်းသစ်ပြောင်ဖို့
  ပြည်ထောင်စုသား တိုင်းရင်းသားတို့
  စိတ်ထားညီတူ ရွှေ့သို့မူ
  ကြည်ဖြူလက်ကမ်း စဉ်လျှောက်လှမ်း။

- အနုပညာ တို့ရိုးရာကို
  ခိုင်မာမြင့်မား နှလုံးသားဖြင့်
  ဝင့်ကြွားထည်ဝါ မျိုးမြန်မာတို့
  ရိုးရာအစစ် တိုးကာချစ်၍
  ရင်နှစ်သည်းချာ ရတနာသို့
  ဝေဖြာတိုးတက် တို့မျိုးဆက်ကို
  လက်ဆင့်ကမ်းကာ ခိုင်မာတည်
  ငွေရတုမှသည် ရွှေ့သို့ချီ။ ။

**မောင်လေပြေ(တောင်တွင်း)**

# နိုင်ငံတကာ သတင်းများ

## ရုရှားကာကွယ်ရေးဝန်ကြီးနှင့် တရုတ်ဗဟိုစစ်ကော်မရှင်ဒုတိယဥက္ကဋ္ဌတို့ ပေကျင်းမြို့၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း အောက်တိုဘာ ၁၅**

တရုတ်နိုင်ငံသို့ ရောက်ရှိနေသော ရုရှားကာကွယ်ရေးဝန်ကြီး အန်ဒရီဘီလိုဆော့ဗ်သည် ယနေ့တွင် ပေကျင်းမြို့၌ တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး ကျန်ယိုရှားနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယနေ့ဆွေးနွေးပွဲတွင် တရုတ်ဗဟိုစစ်ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ရုရှားကာကွယ်ရေးဝန်ကြီးတို့သည် ကာကွယ်ရေးနှင့် စစ်ရေး စစ်ရာကိစ္စများကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြောင်း ရုရှားကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ထို့ပြင် နှစ်နိုင်ငံစစ်ရေးဆက်ဆံမှုချဲ့ထွင်ရန်နှင့်အဆင့်မြင့်တာဝန်ရှိသူများ၏ အပြန်အလှန်ခရီးစဉ်များ ဆက်လက်မြှင့်တင်ရန် ရုရှားနှင့် တရုတ်နှစ်ဖက်စလုံးက မျှော်လင့်ထားကြောင်း တရုတ်ကာကွယ်ရေးဝန်ကြီးဌာနက ဆွေးနွေးပွဲအပြီး ထုတ်ပြန်ထားသည့် ကြေညာချက်၌ ဖော်ပြထားသည်။

တရုတ်နှင့် ရုရှားနိုင်ငံတို့သည် အကန့်အသတ်မရှိ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေး စတင်မှုကို ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကြေညာထားသော နိုင်ငံများဖြစ်ကြသည်။

အာရှတိုက်၌ ပေါ်ပေါက်နေသည့်ပြဿနာများနှင့်ပတ်သက်၍ ရုရှားနိုင်ငံအနေဖြင့် တရုတ်နိုင်ငံနှင့် ရပ်တည်ချက်ချင်းတူကြောင်း ရုရှားအစိုးရက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း ကြေညာထားသည်။

ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ အနေဖြင့် ရုရှား-တရုတ် နှစ်နိုင်ငံ မဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးကို ဆက်လက် တိုးချဲ့တည်ဆောက်ရန် သဘောတူထားကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက တရုတ်နိုင်ငံခရီးစဉ်အတွင်း ပြောကြားထားသည်။

Ref : RT

Trs : KKO

## တောင်ကိုရီးယားနှင့် ချိတ်ဆက်ထားသည့်ကားလမ်းများ မြောက်ကိုရီးယား ဖောက်ခွဲဖျက်ဆီး

**ဆိုးလ် အောက်တိုဘာ ၁၅**

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံကြား ချိတ်ဆက်ထားသည့် နယ်စပ်ဖြတ် ကားလမ်းများ၏ မြောက်ဘက်ပိုင်းကို ယနေ့တွင် မြောက်ကိုရီးယားနိုင်ငံက ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားနိုင်ငံက ၎င်းဘက်အခြမ်းရှိ နယ်စပ်ဖြတ်ကားလမ်းများကို မြောက်ကိုရီးယားနိုင်ငံက ဖောက်ခွဲဖျက်ဆီး နေချိန်တွင် တောင်ကိုရီးယား တပ်မတော်ကလည်း သတိပေးပစ်ခတ်မှုများ ပြုလုပ်ခဲ့ရကြောင်း တောင်ကိုရီးယားပူးတွဲစစ်ဦးစီးချုပ်များအဖွဲ့ရုံးက သတင်းထုတ်ပြန်ထားသည်။

တောင်နှင့်မြောက် ကိုရီးယားနှစ်နိုင်ငံကြား နယ်စပ်ဖြတ်ကားလမ်းများနှင့် ရထားလမ်းများကို အလုံးစုံဖြတ်တောက်မည်ဖြစ်ကြောင်း မြောက်ကိုရီးယားအစိုးရက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း ကြေညာထားသည်။

မြောက်ကိုရီးယား နိုင်ငံသည် ယနေ့နေ့လယ်ပိုင်းတွင် တောင်ကိုရီးယားနှင့် ချိတ်ဆက်ထားသည့် မြောက်ကိုရီးယား ဘက်ခြမ်းရှိ ကားလမ်းနှင့် ရထားလမ်းအစိတ်အပိုင်းအချို့ကို ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း တောင်ကိုရီးယားအစိုးရ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနှင့်ချိတ်ဆက်ထားသည့် ကားလမ်း၊ ရထားလမ်းများအား မြောက်ကိုရီးယားအစိုးရက ဖောက်ခွဲဖျက်ဆီးခဲ့မှုကို တောင်ကိုရီးယားအစိုးရ ကိုရီးယားကျွန်းဆွယ် ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနက အတိတ်ကာလ နှစ်နိုင်ငံ သဘောတူညီချက်ကို ချိုးဖောက်မှုအဖြစ် ဝေဖန်ထားသည်။

ကိုရီးယားကျွန်းဆွယ်ဒေသ၌ အခြေအနေများ တင်းမာနေချိန်တွင် မြောက်ကိုရီးယားက ၎င်းဘက်ခြမ်းရှိ နယ်စပ်ဖြတ်ကားလမ်းနှင့် ရထားလမ်းများကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပင်လယ်ရေပြင်အတွင်း ၆၇ ရက်ကြာ မျောပါခဲ့သူအမျိုးသားတစ်ဦးကို ရုရှားတာဝန်ရှိသူများ ကယ်တင်

**မော်စကို အောက်တိုဘာ ၁၅**

ပစိဖိတ်သမုဒ္ဒရာ အနောက်မြောက်ဘက်အနားစပ်ရေပြင်များအတွင်း လှေငယ်တစ်စီးဖြင့် ၆၇ ရက်ကြာမျောပါနေသော အမျိုးသားတစ်ဦးကို ရုရှားအာဏာပိုင်များက ကယ်တင်နိုင်ခဲ့သည်ဟု ရုရှားပြည်တွင်းမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါအသက် ၄၆ နှစ်အရွယ် ရုရှားအမျိုးသားလိုက်ပါလာသော ရွက်လှေငယ်ကို အိုခေါ့ခ်ပင်လယ်ရေပြင်အတွင်း အောက်တိုဘာ ၁၄ ရက်တွင် ရေလုပ်သားများက စတင်တွေ့ရှိခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ယင်း အမျိုးသားနှင့်အတူ လိုက်ပါသွားသည့် အစ်ကိုတော်စပ်သူနှင့်တူဖြစ်သူတို့မှာ လှေငယ်ပေါ်မှာပင် သေဆုံးနေပြီဖြစ်ကြောင်း ရုရှားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

၎င်းတို့သုံးဦးသည် ယခုနှစ် ဩဂုတ် ၉ ရက်တွင် ကမ်ချက်ကာကျွန်းဆွယ်ဒေသမှတစ်ဆင့် ရွက်လှေငယ်တစ်စီးဖြင့် ဆာခါလင်ကျွန်းဘက်သို့ စတင်ရွက်လွှင့်ထွက်ခွာခဲ့ပြီးနောက် အဆက်အသွယ်ဖြတ် ပျောက်ဆုံးခဲ့ခြင်း ဖြစ်သည်။

၎င်းတို့ လိုက်ပါသွားသည့် လှေငယ်ကို ဆာခါလင်ကျွန်းနှင့် မိုင်ပေါင်း၆၂၀ မိုင်အကွာခန့်ရေပြင်အတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ရုရှားအရှေ့ဖျားဒေသ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် အသက်ရှင်ကျန်ရစ်ခဲ့သည့်အမျိုးသားကိုရုရှားတာဝန်ရှိသူများက ဆေးရုံသို့တင်ပို့ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## လက်ဘနွန်တောင်ပိုင်း ကုလတပ်များပစ်ခတ်ခံရမှု ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကြေညာချက်ထုတ်ပြန်

**နယူးယောက် အောက်တိုဘာ ၁၅**

အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ကြား စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေစဉ် လက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ ပစ်ခတ်ခံနေရမှုအတွက် အထူးစိုးရိမ်နေကြောင်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အောက်တိုဘာ ၁၄ ရက်တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

ထို့ပြင် ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးမစ်ရှင်များ ရှိနေသောနေရာများနှင့် တပ်ဖွဲ့ဝင်များဘေးကင်းလုံခြုံရေးကို လေးစားမှုထားရန်လည်း အဆိုပါလုံခြုံရေးကောင်စီကြေညာချက်၌သက်ဆိုင်ရာအင်အားစုများကို တိုက်တွန်းထားသည်။

အဆိုပါကြေညာချက်ကို အဖွဲ့ဝင်နိုင်ငံ ၁၅ နိုင်ငံစလုံး၏ သဘောတူညီမှုဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

လက်ဘနွန်နှင့်အစ္စရေးတို့ကြား နယ်စပ်တစ်လျှောက် ငြိမ်းချမ်းရေးအတွက် ၂၀၀၆ ခုနှစ်တွင် အတည်ပြုရယူခဲ့သော လုံခြုံရေးကောင်စီဆုံးဖြတ်ချက်-၁၇၀၁ကို အပြည့်အဝ အကောင်အထည်ဖော်ရန်လည်း လုံခြုံရေးကောင်စီကြေညာချက်၌ အစ္စရေးနှင့်ဟစ်ဇ်ဘိုလာကိုတိုက်တွန်းထားသည်။

အစ္စရေးတပ်မတော်က လက်ဘနွန်တောင်ပိုင်း၌ မြေပြင်စစ်ဆင်ရေးများစတင်ခဲ့သည့် အောက်တိုဘာ ၁ ရက်မှစ၍ လက်ရှိအချိန်ထိ လက်ဘနွန်တောင်ပိုင်းရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များမှာ အကြိမ်ပေါင်း ၂၀ ထိ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကုလသမဂ္ဂငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်များ ပစ်ခတ်ခံခဲ့ရမှုများကြောင့် ကုလတပ်ဖွဲ့ဝင် ငါးဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အောက်တိုဘာ ၂၇ ရက် လွှတ်တော်ရွေးကောက်ပွဲအတွက် မဲဆွယ်လှုပ်ရှားမှုများ ဂျပန်နိုင်ငံ၌စတင်

**တိုကျို အောက်တိုဘာ ၁၅**

အောက်တိုဘာ ၂၇ ရက်တွင် ကျင်းပမည့်လွှတ်တော်ရွေးကောက်ပွဲအတွက် တရားဝင်မဲဆွယ်လှုပ်ရှားမှုကို ဂျပန်နိုင်ငံ၌ ယနေ့တွင် စတင်နေပြီဖြစ်ကြောင်း သိရသည်။

ဂျပန်ဝန်ကြီးချုပ်သစ် အီရှီဘာသည် ၎င်း၏မူဝါဒများကို ခိုင်ခိုင်မာမာ အကောင်အထည်ဖော်ရေးအတွက် ပြည်သူထောက်ခံမှုအားကိုယူရန် ဂျပန်လွှတ်တော်ရွေးကောက်ပွဲများကို သတ်မှတ်ကာလထက်စော၍ ယနေ့တွင် ကျင်းပရန်စီစဉ်ထားခြင်းဖြစ်သည်။

အဆိုပါ ရွေးကောက်ပွဲတွင် ဂျပန်အောက်လွှတ်တော်၏ အမတ်နေရာ ၄၆၅ နေရာအနက် အမတ်လောင်း ၁၃၀၀ကျော်တို့ ပါဝင်ယှဉ်ပြိုင်ကြဖွယ်ရှိသည်။

အောက်တိုဘာ ၂၇ ရက် ရွေးကောက်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် အမတ်လောင်းများ အနေဖြင့် ယနေ့ညပိုင်းထိ မှတ်ပုံတင်ခွင့်ရှိကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ဝန်ကြီးချုပ် အီရှီဘာ၏ လစ်ဘရယ် ဒီမိုကရက်တစ်ပါတီနှင့် မိတ်ဖက်ပါတီများ အနေဖြင့် လွှတ်တော်ကို အမတ်နေရာအများစုဖြင့် ထိန်းချုပ်ထားနိုင်ရန် အောက်တိုဘာ ၂၇ရက်ရွေးကောက်ပွဲတွင် အမတ်နေရာ ၂၃၃နေရာထိ ရရှိရန် လိုအပ်သည်။




ရွေးကောက်ပွဲအတွက်လွှတ်တော်ကိုမဖျက်သိမ်းမီက လစ်ဘရယ် ဒီမိုကရက်တစ်ပါတီနှင့် မိတ်ဖက်ပါတီများသည် ဂျပန်အောက်လွှတ်တော်၌ အမတ်နေရာ ၂၈၈ နေရာထိ ရရှိထားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## နာဆာက Europa Clipper အာကာသယာဉ်ကို အောင်မြင်စွာလွှတ်တင်ခဲ့



**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် Europa Clipper အာကာသယာဉ်ကို အောက်တိုဘာ ၁၄ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

Europa Clipper အာကာသယာဉ်ကို Space-X ကုမ္ပဏီက ဖယ်လ်ကွန်ဟဲဗီးဒုံးပျံဖြင့် ဖလော်ရီဒါပြည်နယ် ကနေဒီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ၅၈ မိနစ်အကြာတွင် ဖယ်လ်ကွန်ဟဲဗီးဒုံးပျံသည် Europa Clipper အာကာသယာဉ်ကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

သတ်မှတ်ပတ်လမ်းပေါ်သို့ ရောက်ရှိပြီး မိနစ်အနည်းငယ်အကြာတွင် နာဆာတာဝန်ရှိသူများအနေဖြင့် Europa Clipper အာကာသယာဉ်နှင့် အဆက်အသွယ်ပြုလုပ်နိုင်ခဲ့သည်။

နာဆာအဖွဲ့သည် ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလကို လေ့လာရေးအတွက် Europa Clipper အာကာသယာဉ်ကို တည်ဆောက် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Europa Clipper အာကာသယာဉ်သည် ၂၀၃၀ ပြည့်နှစ် ဧပြီလတွင် ကြာသပတေးဂြိုဟ်စနစ်အတွင်းသို့ စတင်ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## CAPSTONE လလေ့လာရေးအာကာသယာဉ်၏မစ်ရှင်သက်တမ်းကို ထပ်တိုးထား

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)သည် CAPSTONE အမည်ရှိ လလေ့လာရေးအာကာသယာဉ်၏ မစ်ရှင်သက်တမ်းကိုထပ်တိုးထားကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

CAPSTONE အာကာသယာဉ်ငယ်သည် လက်ရှိအချိန်တွင် လပတ်လမ်းပေါ်၌ ကမ္ဘာမြေရက်အားဖြင့် ရက်ပေါင်း ၆၇၀ ကျော်မျှ စူးစမ်းလေ့လာရေး မစ်ရှင်များပြုလုပ်ခဲ့ပြီး လကိုလည်း အပတ်ရေ ၁၀၀၀ ထိ လှည့်ပတ်ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် နာဆာအဖွဲ့အနေဖြင့် CAPSTONE အာကာသယာဉ်၏ မစ်ရှင်သက်တမ်းကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလထိ ထပ်တိုးထားကြောင်း သိရသည်။

နာဆာအဖွဲ့သည် အလေးချိန် ၂၅ ကီလိုဂရမ်သာရှိသည့် CAP-STONE အာကာသယာဉ်ကို Ro-cketlab ကုမ္ပဏီ၏ အီလက်ထရွန်ဒုံးပျံဖြင့် ၂၀၂၂ ခုနှစ် ဇွန်လအတွင်း လွှတ်တင်ခဲ့ခြင်းဖြစ်သည်။



နာဆာအဖွဲ့သည် လပတ်လမ်းပေါ်၌ Lunar Gateway အမည်ရှိ လပတ် အာကာသစခန်း တည်ဆောက်ရေးအတွက် လပတ်လမ်းများအခြေအနေကို ကင်းထောက်စူးစမ်းရန် CAPSTONE အာကာသယာဉ်ကို လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် အားတီးမစ်အမည်ရှိ မစ်ရှင်များဖြင့်လပေါ်သို့ လူသားများ စေလွှတ်ရေးအတွက် Lunar Gateway လပတ်အာကာသစခန်း တည်ဆောက်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို တိုက်ရိုက်ဓာတ်ပုံရိုက်ကူးပေးနိုင်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏



ဂျိမ်းစ်ဝက်ဘ် အာကာသရေဒီယိုတယ်လီစကုပ်သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းကို တိုက်ရိုက်ဓာတ်ပုံရိုက်ကူးပေးနိုင်ခဲ့သည်ဟု အောက်တိုဘာ ၁၄ ရက် သတင်းများတွင် ရေးသားတင်ပြထားကြောင်း သိရသည်။

AF Leporis b ဟူ၍အမည်ပေးထားသည့် အဆိုပါဂြိုဟ်သည် နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်သစ်များအနက် ဒြပ်ထုအနည်းဆုံးဂြိုဟ်အဖြစ် သတ်မှတ်ခံထားရသည့် ဂြိုဟ်ဖြစ်ကြောင်း သိရသည်။

AF Leporis b ဂြိုဟ်ကို ဓာတ်ပုံရိုက်ကူးရာတွင် မိခင်ကြယ်၏ အလင်းရောင်နောက်ဘက်သို့ ၎င်းဂြိုဟ်မဝင်ရောက်မီ ဂျိမ်းစ်ဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်အနေဖြင့် အချိန်လု၍ ရိုက်ကူးခဲ့ရကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

မိခင်ကြယ်၏ အလင်းရောင်နောက်သို့ AF Leporis b ဂြိုဟ်ဝင်ရောက်ခဲ့ပါက ၎င်းဂြိုဟ်မှာ အနည်းဆုံး ၁၀ မိနစ်မျှ မြင်ကွင်းမှ ပျောက်ကွယ်သွားနိုင်ကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

AF Leporis b ဂြိုဟ်သည် ကမ္ဘာမြေနှင့်အလင်းနှစ် ၈၈ နှစ်အကွာတွင် တည်ရှိပြီး သက်တမ်းမှာ နှစ်ပေါင်း ၂၃ သန်း ရှိသည်ဟု သိပ္ပံပညာရှင်များက တွက်ချက်ထားကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## အရေပြားလေးဖက်နာရောဂါအတွက် ကုထုံးသစ်တစ်မျိုး မကြာမီသုံးစွဲနိုင်ဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၁၅**

အရေပြားလေးဖက်နာရောဂါ (Lupus) ခေါ် ရောဂါတစ်မျိုးအတွက် ကုထုံးသစ်တစ်မျိုးကို လူနာများအနေဖြင့် မကြာမီကာလအတွင်း သုံးစွဲနိုင်ဖွယ်ရှိကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အရေပြားလေးဖက်နာ ရောဂါသည် ခုခံအားစနစ်ဖောက်ပြန်မှုရောဂါတစ်မျိုးဖြစ်ပြီး အရေပြားများပျက်စီးခြင်း၊ အရိုးအဆစ်များကိုက်ခဲခြင်းစသည့်ရောဂါလက္ခဏာများ ပေါ်ထွက်လာတတ်သည်။

အရေပြားလေးဖက်နာရောဂါကို ထိရောက်စွာကုသနိုင်သည့် ကုထုံးအနည်းငယ်သာရှိပြီး အချို့ဆေးဝါးများမှာလည်း အန္တရာယ်ကြီးမားသည့် ဘေးထွက်ဆိုးကျိုးများရှိနေတတ်သည်။

သို့ရာတွင် တစ်လတစ်ကြိမ် ထိုးနှံရန်လိုအပ်သည့် ကုထုံးတစ်မျိုးသည် အရေပြားလေးဖက်နာရောဂါလက္ခဏာများကို ထိရောက်စွာ လျှော့ချပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသောရလဒ်များအရ Dapirolizumab Pegol သည် အရေပြား လေးဖက်နာရောဂါလက္ခဏာအမျိုးမျိုးကို ကုသပေးနိုင်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

အရေပြား သွေးလေးဖက်နာရောဂါဖြစ်ပွားရခြင်း၏ အကြောင်းတရားကို တိတိကျကျမသိရသော်လည်း ဗိုင်းရပ်ကူးစက်မှုများ၊ အချို့ဆေးဝါးများနှင့်ဆက်စပ်နေနိုင်သည်ဟု သုတေသနပညာရှင်များက ယူဆထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## Endometriosis က အမျိုးသမီးများ၏ အစာခြေလမ်းကြောင်း ဇက်တီးရီးယား စုဖွဲ့မှုပုံစံများနှင့်ဆက်စပ်နိုင်

**နယူးယောက် အောက်တိုဘာ ၁၅**

သားအိမ်အတွင်းပိုင်း ဆဲလ်များ နေရာလွဲမှုပြဿနာ (Endo-metriosis)သည် အမျိုးသမီးများ၏ အစာခြေလမ်းကြောင်းတွင် ဗက်တီးရီးယား စုဖွဲ့မှုပုံစံများနှင့် ဆက်စပ်နိုင်ကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အမျိုးသမီးများ၌ 4-Hydroxyin-dole ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုး မရှိခဲ့ပါက Endometriosis ပြဿနာ ပေါ်ထွက်လာနိုင်ခြေမြင့်တက်လာနိုင်ကြောင်း သိရသည်။

4-Hydroxyindole ဓာတုပစ္စည်းသည် အစာခြေလမ်းကြောင်းစနစ် အကျိုးပြုဗက်တီးရီးယားများက ထုတ်ပေးတတ်သော ဓာတုဒြပ်ပေါင်းတစ်မျိုး ဖြစ်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ Endometirosis ပြဿနာမရှိသည့် အမျိုးသမီးများနှင့်နှိုင်းယှဉ်ပါက ၎င်းပြဿနာရှိနေသော အမျိုးသမီးများတွင် 4-Hydroxyindole ဓာတုဒြပ်ပေါင်းပို၍နည်းပါးသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

ကြွက်များတွင်ပြုလုပ်ခဲ့သောစမ်းသပ်မှုများအရ 4-Hydroxyin-dole ဓာတုဒြပ်ပေါင်းများ ဖြည့်ဆည်းပေးခြင်းဖြင့် ကြွက်များ၌ Endometriosis ပြဿနာပေါ်လာနိုင်မှုကို တားဆီးထားနိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO






# MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ

## အုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်ကစား



**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် MFF Royal-D U-19 Futsal Championshipပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့နံနက် ၉ နာရီခွဲမှစတင်ပြီး ရန်ကုန်မြို့ MFF Futsal Stadium တွင် ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် ယနေ့နံနက် ၉ နာရီခွဲတွင် King Cobra FCအသင်းနှင့် Knight FCအသင်းတို့ကစားခဲ့ရာ King Cobra FCအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၀နာရီ ၄၅မိနစ်တွင် D.Aung Paing FCအသင်းနှင့် Ingenious Boy FCအသင်းတို့ကစားခဲ့ရာ D.Aung Paing FCအသင်းက လေးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် Insein City အသင်းနှင့် Teen Teenager FC အသင်းတို့ကစားခဲ့ရာ Insein Cityအသင်းက ခုနစ်ဂိုး သုံးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Thu Underdog FC အသင်းနှင့် Team Phoenixအသင်းတို့ကစားခဲ့ရာThu Underdog FC အသင်းက လေးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် FCT Youthအသင်းနှင့် Generations Youthအသင်းတို့ ကစားခဲ့ရာ Generations Youth အသင်းက တစ်ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ညနေ ၃ နာရီ ၄၅ မိနစ်တွင် Power HBI အသင်းနှင့် Bushido FC အသင်းတို့ကစားခဲ့ရာ Bushido FCအသင်းက ငါးဂိုး သုံးဂိုးဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိခဲ့ကြသည်။

MFF Royal-D U-19 Futsal Championshipပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် အောက်တိုဘာ ၁၆ရက် နံနက် ၉နာရီခွဲတွင် Team Greatest FCအသင်းနှင့် 16/1 FCအသင်း၊ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Golden Heart FCအသင်းနှင့် Blaze Titans FC အသင်း၊ မွန်းတည့် ၁၂ နာရီတွင် Naka Unitedအသင်းနှင့် Shwe Pyi Tharအသင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Special One FCအသင်းနှင့် Yangon Futsal အသင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် Focus FCအသင်းနှင့် Hinthar FCအသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# နေမာအသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်မည်ဟု အယ်ဟိုင်လာအသင်း ထုတ်ပြန်

**ရီယာ့ဒ် အောက်တိုဘာ ၁၅**

အယ်ဟိုင်လာအသင်းမှ နေမာသည် ဒူးဒဏ်ရာပြန်လည်သက်သာလာသောကြောင့် အောက်တိုဘာ ၂၁ ရက်တွင် ကစားမည့်ပွဲစဉ်တွင် အသင်းနှင့် ပြန်လည်ပါဝင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဘရာဇီး တိုက်စစ်မှူး နေမာသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၇ ရက်က ဥရုဂွေး အသင်းနှင့်ကစားခဲ့သည့် နိုင်ငံတကာပြိုင်ပွဲကာလတွင် ဒူးအရွတ်ထိခိုက်ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရပြီး ဘရာဇီးနိုင်ငံတွင် ကုသမှုများခံယူခဲ့လျက်ရှိရာ လက်ရှိတွင် ဒဏ်ရာကောင်းမွန်လာသဖြင့် အောက်တိုဘာ ၂၁ ရက်တွင်ကစားမည့် အယ်ဟိုင်လာအသင်းနှင့်ပွဲစဉ်တွင် ပါဝင်နိုင်မည်ဖြစ်ကြောင်း ဘရာဇီး သတင်းမီဒီယာများက ရေးသားဖော်ပြခဲ့သည်။

အယ်ဟိုင်လာ အသင်းသည် လာမည့်အောက်တိုဘာ ၂၁ ရက်တွင် အယ်အိန်းအသင်းနှင့် အေအက်စ်စီချန်ပီယံလိဂ် ပြိုင်ပွဲကစားရမည်ဖြစ်ပြီး နေမာအနေဖြင့် စက်တင်ဘာ ၂၉ ရက်က ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်ကို တီဗီဖန်သားပြင်မှသာ စောင့်ကြည့်ခဲ့ရသော်လည်း လာမည့်ပွဲစဉ်တွင် အသင်းလူစာရင်း၌ ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် နေမာသည် ဒဏ်ရာကောင်းမွန်လာသော်လည်း ၎င်းကို ခွဲစိတ်မှုပြုလုပ်ပေးသည့် ဘရာဇီးဆရာဝန် လာစမာ၏ နောက်ဆုံးအတည်ပြုချက်ရယူပြီးမှသာ အသင်းနှင့်ပူးပေါင်းခွင့်ရမည်ဖြစ်ကြောင်း အယ်ဟိုင်လာနည်းပြ ဂျီးဆပ်စ်က တရားဝင်ပြောကြားထားသည်။

နေမာသည် ၂၀၂၃ ခုနှစ် ဩဂုတ်လက ပီအက်စ်ဂျီအသင်းမှ အယ်ဟိုင်လာအသင်းသို့ ပြောင်းရွှေ့ခဲ့ပြီး ပြိုင်ပွဲစုံငါးပွဲသာ ပါဝင်ကစားခဲ့ရပြီးနောက် ဒူးအရွတ်ထိခိုက်ဒဏ်ရာကြောင့် ကာလရှည်အနားယူခဲ့ရကြောင်း သိရသည်။

Ref : ESPN
Trs : ML



# နေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် ISPEအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ်ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ ISPE အသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့ အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြောင်း သိရသည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ တောင်ဒဂုံ အားကစားကွင်းတွင် ISPE အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ ISPEအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် သုံးမိနစ်တွင် စိုးမင်းထက်၊ ပွဲချိန် ၁၅ မိနစ်နှင့် ၄၅ မိနစ်တို့တွင် ကောင်းခန့်ကျော်တို့က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက ပဒုမ္မာအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့ အသင်းတို့ကစားခဲ့ရာ ဒဂုံပေါ့ အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့ပြီး ဒဂုံပေါ့အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၈ မိနစ်တွင် ကျော်ထူးနှင့် ပွဲချိန် ၃၄ မိနစ်တွင် နိုင်အောင်ဆန်းတို့က သွင်းယူပေးနိုင်ခဲ့ကြသည်။

ဆက်လက်ပြီး ညနေ ၃ နာရီခွဲက ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ကစားခဲ့ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၄ မိနစ်တွင် မျိုးခိုင်၊ ပွဲချိန် ၂၇ မိနစ်တွင် ကောင်းထက်နှင့် ပွဲချိန် ၇၉ မိနစ်တွင် ထက်မြတ်လွင်တို့က သွင်းယူပေးနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်းအတွက်သွင်းဂိုးများကို ပွဲချိန် ၁၁ မိနစ်နှင့် မိနစ် ၃၀တို့တွင် ဇော်ဝင်းထက်တို့က သွင်းယူပေးနိုင်ခဲ့သည်။

နေရှင်နယ်လိဂ် ယူ-၂၀ပြိုင်ပွဲ ပွဲစဉ်(၁၉)အပြီး၌ ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၄၂ မှတ်ဖြင့် အမှတ်ပေးဇယား ထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

STA

## အားကစားသတင်းအတိုအထွာများ

- အင်္ဂလန်အသင်းက နည်းပြဂွါဒီယိုလာကို နည်းပြခန့်အပ်ရန် ချဉ်းကပ်နေသော်လည်း ဂွါဒီယိုလာကမန်စီးတီးအသင်းနှင့် တစ်နှစ်သက်တမ်းထပ်မံတိုးခဲ့ကြောင်း သိရသည်။
- မန်ယူအသင်းက ကွင်းလယ်ပိုင်းထပ်မံဖြည့်တင်းရန်အတွက် ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ဘိုင်ယန်မြူးနစ်အသင်းမှ ဂိုရက်ဇ်ကာနှင့် ဆာနေးတို့နှစ်ဦးကို တစ်ပြိုင်တည်းခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- လီဗာပူးအသင်းက ဘင်ဖီကာအသင်းကစားသမား ကာရီရက်စ်ကို ပြောင်းရွှေ့ကြေးယူရိုသန်း ၅၀ ဖြင့်ခေါ်ယူရန် ပစ်မှတ်ထားနေသည်။
- စပါးအသင်းက လာမည့် ၂၀၂၅ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် အက်စ်ပန်ညိုတောင်ပံကစားသမား ပူအာဒိုကိုခေါ်ယူရန် စောင့်ကြည့်လျက်ရှိသည်။
- ယူအီးအက်ဖ်အေနေးရှင်းလိဂ် ပြိုင်ပွဲအဖြစ် ဂျာမနီအသင်းနှင့် နယ်သာလန်အသင်းတို့ပွဲစဉ်တွင် ဂျာမနီအသင်းက နယ်သာလန်ကို တစ်ဂိုးဂိုးမရှိဖြင့်အနိုင်ရခဲ့သောကြောင့် လေးပွဲအနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်သို့တက်ရောက်ရန် သေချာခဲ့ကြောင်း သိရသည်။

ML

# Stockholm Openတင်းနစ်ပြိုင်ပွဲပထမအဆင့်တွင် ဘာရက်တီနီ အနိုင်ရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၁၅**

ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တွင် ကျင်းပနေသည့် Stockholm Openတင်းနစ်ပြိုင်ပွဲပထမအဆင့်ပွဲစဉ်အဖြစ် အီတလီတင်းနစ်ကစားသမားများဖြစ်ကြသည့် ဘာရက်တီနီနှင့်ဒါဒီရီတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာရက်တီနီက (၆-၄၊ ၆-၃) ရလဒ်ဖြင့် အနိုင်ရရှိခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အီတလီတင်းနစ်ကစားသမားနှစ်ဦးဖြစ်ကြသည့် ဘာရက်တီနီနှင့် ဒါဒီရီတို့သည် တစ်ယောက်အကြောင်းတစ်ယောက်ကောင်းစွာသိထားသည့် ကစားသမားများဖြစ်ကြသည့် အတွက် အကြိတ်အနယ်ရှိခဲ့သော်လည်း ဘာရက်တီနီက ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သည်။

ဘာရက်တီနီသည် ဒုတိယအဆင့်တွင် ဆွစ်ဇာလန်တင်းနစ်ကစားသမား စထရစ်ကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး စထရစ်ကာသည် ပထမအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမား ကိုဗာစီဗစ်နှင့် ယှဉ်ပြိုင်ကစားခဲ့ရပြီး စထရစ်ကာက (၆-၄၊ ၅-၇၊ ၆-၄) ရလဒ်ဖြင့်အနိုင်ရရှိကာ ဒုတိယအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။



ဘာရက်တီနီက "ကျွန်တော်ရဲ့ စွမ်းဆောင်ရည်တွေကSolid ဖြစ်ခဲ့တယ်။ ဒါဒီရီနဲ့က တစ်ယောက်အကြောင်း တစ်ယောက်သိသလို အီတလီနိုင်ငံသားတွေဖြစ်တယ်ဆိုပေမဲ့ သူနဲ့တစ်ခါမှထိပ်တိုက်မတွေ့ဖူးသေးဘူး။ ဘယ်လိုရလဒ်တွေ ထွက်လာမလဲဆိုတာကို မျှော်လင့်မထားဘူး။ ပထမအဆင့်ပွဲစဉ်မှာ ကျွန်တော့်ရဲ့ ပြိုင်ပွဲဝင် စိတ်ဓာတ်က အားရကျေနပ်မှုအပြည့်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

ဘာရက်တီနီသည် ယခုနှစ်တွင် ၎င်းထက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်နိမ့်သော ပြိုင်ဘက်များဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာတွင် ၁၇ ပွဲဆက် ရှုံးပွဲမရှိသေးသည့်ရလဒ်ကောင်းတစ်ခုကို ရရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးခြင်းကြောင့် ကျောင်းများပိတ်ထားရ



**ကိုလံဘို အောက်တိုဘာ ၁၅**

သီရိလင်္ကာနိုင်ငံ မြို့တော် ကိုလံဘိုတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးမှုများဖြစ်ပေါ်လျက်ရှိခြင်းကြောင့် မြို့တော်နှင့် အနီးတစ်ဝိုက် ဆင်ခြေဖုံးရပ်ကွက်များတွင် အောက်တိုဘာ ၁၄ ရက်မှစ၍ ကျောင်းများကို ခေတ္တပိတ်ထားရကြောင်း သက်ဆိုင်ရာ အာဏာပိုင်များ၏ ထုတ်ပြန်ချက်များကိုကိုးကား၍ ယနေ့သတင်းများအရ သိရသည်။

သီရိလင်္ကာနိုင်ငံအနှံ့အပြားတွင် ယခုသီတင်းပတ်ကုန်ရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် ရေကြီးရေလျှံခြင်းများကြောင့် လယ်ယာများ၊ လူနေအိမ်များ ရေလွှမ်းမိုးမှုဖြစ်ပွားလျက်ရှိရာ အိမ်ခြေ ၂၄၀ ပျက်စီးခဲ့ပြီး လူပေါင်း ၇၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရသည်။

ရေကြီးမှုကြောင့် ယနေ့အချိန်ထိ လူသုံးဦး ရေနစ်သေဆုံးခဲ့ပြီး လူပေါင်း ၁၃၄၀၀၀ ခန့် ထိခိုက်မှုများ ခံစားခဲ့ရကြောင်း နိုင်ငံ၏သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနမှ သတင်းထုတ်ပြန်ထားသည်။

သီရိလင်္ကာမှ ရေတပ် တပ်ဖွဲ့ဝင်များနှင့် ကြည်းတပ် တပ်ဖွဲ့ဝင်များက ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး စားနပ်ရိက္ခာနှင့် အခြား လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို ရေဘေးဒုက္ခသည်များထံ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်သုံးရက်ဆက်တိုက် မြင့်တက်မည်

**အစ္စလာမ်မာဘတ် အောက်တိုဘာ ၁၅**

ပါကစ္စတန်နိုင်ငံ ကရာချိမြို့တွင် ပြီးခဲ့သော ရက်သတ္တပတ်မှစတင်၍ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန် သုံးရက်ဆက်တိုက် ဆက်လက် မြင့်တက်မည်ဖြစ်ကြောင်း ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အပူချိန်ပမာဏသည် ၃၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီး အပူချိန်မြင့်တက်မှုဖြစ်ခဲ့ကြောင်း၊ အပူချိန်မြင့်တက်မှုသည် ကရာချိမြို့အပြင် အော်ရန်ဂီမြို့၊ လာရီမြို့၊ ဆန်ရ်မြို့နှင့် ကလစ်ဖ်တန်မြို့တို့တွင်လည်းဖြစ်ပေါ်ခဲ့ပြီး လာမည့် သုံးရက်အတွင်း အပူချိန်ပမာဏသည် မြင့်တက်လာနိုင်ကြောင်း ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ ရက်သတ္တပတ်ကစတင်တဲ့ အပူလှိုင်းဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေတယ်။ အပူချိန်ဟာ ၃၆ ဒသမ ၅ ဒီဂရီစင်တီဂရိတ်မှ ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့တယ်။ လာမဲ့သုံးရက်ဆက်တိုက် အပူချိန်မြင့်တက်လာဖွယ်ရှိနေပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ဆက်စပ်တဲ့ ရောဂါဝေဒနာတွေခံစားနေရတဲ့သူတွေအတွက် အထူးသတိပြုရမဲ့ အခြေအနေဖြစ်ပါတယ်"ဟု ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသောကာလအတွင်း တံငါသည်များကို ငါးဖမ်းမထွက်ရန်နှင့် လေဖိအားနည်းသည့်ဧရိယာများကို အထူးရှောင်ရှားရန်၊ သုံးရက်ဆက်တိုက် အပူချိန်မြင့်တက်မှုပြီးလျှင် အပူချိန်ကျဆင်းဖွယ်ရှိကာ အာရေဗီယန်ပင်လယ်ဘက်မှ မုန်တိုင်းဝင်ရောက်လာဖွယ်ရှိနေကြောင်း ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ရေဘေးအန္တရာယ်ကာကွယ်ရေးအတားအဆီးများ တည်ဆောက်ပြီးဖြစ်ကြောင်း ဂရိတ်မန်ချက်စတာအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်

**လန်ဒန် အောက်တိုဘာ ၁၅**

အင်္ဂလန်နိုင်ငံ ဂရိတ်မန်ချက်စတာမြို့တွင်စီးပွားရေးအဆောက်အအုံများနှင့်နေအိမ်များတွင် ရေဘေးအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် အင်္ဂလန်သဘာဝပတ်ဝန်းကျင်အေဂျင်စီက ရေကြီးရေလျှံမှုအတားအဆီးများ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ပြည်သူပိုင်ဧရိယာများတွင်လည်း ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ရေဘေးအန္တရာယ်ကာကွယ်ရေးအတွက် စီမံချက်များ ရေးဆွဲထားပြီးဖြစ်သကဲ့သို့ အနာဂတ်အတွက်ပါ ရည်ရွယ်၍ ရေကြီးရေလျှံမှု အတားအဆီးများ တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်စဉ် အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အတွင်းကို 'Flood Action Week' အဖြစ်သတ်မှတ်ကာ ပြည်သူပိုင်ဧရိယာများတွင် ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း အင်္ဂလန်သဘာဝပတ်ဝန်းကျင်အေဂျင်စီက ထုတ်ပြန်ခဲ့သည်။

"ရာသီဥတုပြောင်းလဲမှုတွေ မြန်ဆန်လာတဲ့အတွက် ရာသီဥတုလွန်ကဲမှုတွေ ဆက်တိုက်ဖြစ်ပေါ်နေတယ်။ အထူးသဖြင့် ရေကြီးရေလျှံမှုတွေနဲ့ နေရာတော်တော်များများမှာ ရင်ဆိုင်နေရတယ်။ ဒါကြောင့် အနာဂတ်မှာ ရေကြီးရေလျှံမှု အန္တရာယ်ကနေ ကာကွယ်နိုင်ဖို့အတွက် အတားအဆီးတွေ ရေလွှဲတွေတည်ဆောက်ခဲ့တာပါ။ အောင်မြင်စွာပြီးဆုံးသွားပြီဖြစ်ပါတယ်"ဟု အင်္ဂလန်သဘာဝပတ်ဝန်းကျင်အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ နစ်ခ်ပီယာဆင်က ပြောကြားခဲ့သည်။

အင်္ဂလန်သဘာဝပတ်ဝန်းကျင်အေဂျင်စီအနေဖြင့် ၎င်းအတားအဆီးများကို တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် စတာလင်ပေါင် ၂၃၆ သန်းထိ အသုံးပြုခဲ့ကြောင်း ထုတ်ပြန်ခဲ့သည်။



Ref : Russia Today

Trs : Sai Sat

# မိုးသည်းထန်စွာရွာသွန်းနိုင်မှုကြောင့် ထိုင်းနိုင်ငံတောင်ပိုင်းဒေသများတွင် နေထိုင်သူများ အထူးသတိထားနေထိုင်ကြရန် သတိပေးထား

**ဗန်ကောက် အောက်တိုဘာ ၁၅**

မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့် အခြေအနေများကြောင့် ထိုင်းနိုင်ငံတောင်ပိုင်း ပြည်နယ်ကိုးခုရှိ ဒေသခံများကို အထူးသတိထားနေထိုင်ကြရန် ရေကြီးခြင်း၊ မုန်တိုင်းနှင့်မြေပြိုမှုဘေးအန္တရာယ်ကယ်ဆယ်ရေးစင်တာမှ တာဝန်ရှိသူများက အောက်တိုဘာ ၁၄ ရက်တွင်သတိပေးထားကြောင်း ယနေ့သတင်းများအရ သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းနိုင်သည့်အခြေအနေများကြောင့် ထိုင်းနိုင်ငံ တောင်ပိုင်းပြည်နယ်များဖြစ်သော ဖူးခက်၊ ခရာဘီ၊ ထရန်း၊ ဆာတန်၊ ပက်သလောင်၊ ဆွန်ခလာ၊ ပက်တနီ၊ နရာသီဝပ်နှင့် ယာလာပြည်နယ်များတွင် ရေကြီးခြင်းနှင့် မြေပြိုမှုများဖြစ်ပွားနိုင်သဖြင့် ဒေသခံများအနေဖြင့် သတိထားနေထိုင်ကြရန် ရေကြီးခြင်း၊ မုန်တိုင်းနှင့် မြေပြိုမှုဘေးအန္တရာယ်ကယ်ဆယ်ရေးစင်တာမှ ပြောရေးဆိုခွင့်ရှိသူ ဂျေရာယုဝေါင်ဆက်က ပြောကြားခဲ့သည်။

အဆိုပါဒေသတွင် နေထိုင်သူများအနေဖြင့် ရာသီဥတုဆိုင်ရာ ဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များမှ သတိပြုနေထိုင်ကြရန်နှင့် အစိုးရအေဂျင်စီအားလုံး၏ နောက်ဆုံးထုတ်ပြန်ချက်သတင်းများကို လိုက်နာကြရန်တိုက်တွန်းထားပြီး ထိုင်းနိုင်ငံ အလယ်ပိုင်းရှိ ကျောက်ဖရားမြစ်၏ မြစ်ရေအခြေအနေသည် အောက်တိုဘာ ၁၃ ရက်မှ ၂၄ ရက်ထိ ထူးခြားမှုများဖြစ်ပေါ်လာနိုင်သဖြင့် သက်ဆိုင်ရာက အနီးကပ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံအလယ်ပိုင်း၊ အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်းရှိ ပြည်နယ် ၂၁ ခုတွင်လည်း လာမည့်နှစ်ရက်အတွင်း မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း သတိပေးချက်များ ထုတ်ပြန်ထားပြီး ပြည်သူများ အနေဖြင့် ဖြစ်နိုင်ပါက ဘေးလွတ်ရာသို့ရွှေ့ပြောင်းနိုင်ရေး ကြိုတင် ပြင်ဆင်ထားကြရန်နှင့် အကူအညီ လိုအပ်သူများအနေဖြင့် ရေကြီးခြင်း၊ မုန်တိုင်းနှင့် မြေပြိုမှု ဘေးအန္တရာယ် ကယ်ဆယ်ရေးစင်တာသို့ဆက်သွယ်၍ အကူအညီတောင်းခံကြရန် ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# စိုစွတ်မြေများကို ပြုပြင်ထိန်းသိမ်းရန် ကိုလံဘီယာနိုင်ငံနှင့် အီကွေဒေါနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားမည်

**ဘိုဂိုတာ အောက်တိုဘာ ၁၅**

ကိုလံဘီယာနိုင်ငံနှင့် အီကွေဒေါနိုင်ငံ နယ်စပ်တွင်တည်ရှိသည့် အန်ဒက်စ်နယ်မြေရှိ စိုစွတ်မြေများသည် ယိုယွင်းပျက်စီးမှုများရှိလာသဖြင့် ကိုလံဘီယာနိုင်ငံနှင့် အီကွေဒေါနိုင်ငံမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရှင်များပူးပေါင်းကာ စိုစွတ်မြေများကို ပြုပြင်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ကိုလံဘီယာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

အယ်နီညိုရာသီဥတုကြောင့် စိုစွတ်မြေများ ပျက်စီးလာခဲ့ခြင်းဖြစ်သလို မိုးခေါင်မှုကြောင့် စိုစွတ်မြေများတွင် ပုံမှန်အတိုင်း စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းမရှိတော့သည့် အခြေအနေဖြစ်နေကြောင်း၊ အန်ဒက်စ်စိုစွတ်မြေများသည် ကိုလံဘီယာနိုင်ငံနှင့် အီကွေဒေါနိုင်ငံတို့အတွက် အရေးပါ၍ စိုစွတ်မြေပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက် နိုင်ငံတကာ၏အကူအညီကို ရယူသွားမည်ဖြစ်ကြောင်း အီကွေဒေါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"ရာသီဥတု ဖောက်ပြန်မှုတွေအပြင် အမေဇုန်သစ်တောကြိုးဝိုင်းအတွင်း သစ်တောပြုန်းတီးမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် အန်ဒက်စ်မှာ စိုစွတ်မြေတွေ ပျက်စီးလာတယ်။ ရေတွေခန်းခြောက်လာပြီး စိုစွတ်မြေတွေမှာ စိုက်ပျိုးရေးလုပ်ငန်းတွေ လုပ်လို့မရတော့တဲ့အခြေအနေဖြစ်နေတယ်။ ဒါကြောင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို အမြန်ဆုံးဆောင်ရွက်သွားဖို့ ပြင်ဆင်နေပါတယ်"ဟု အီကွေဒေါသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ပက်ထရစ်စီယာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# ပိုမိုကောင်းမွန်သောအနာဂတ်အတွက် စားနပ်ရိက္ခာလုံခြုံမှု

၂၀၂၄ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့

WORLD FOOD DAY 2024

**“ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး”**

**“Right to Foods for a Better Life and a Better Future”**

**အောက်တိုဘာလ (၁၆) ရက်**

သက်ရှိလူသားများအတွက် အခြေခံလိုအပ်ချက်သည် စား၊ဝတ်၊နေရေးပင်ဖြစ်သည်။ ထိုလိုအပ်ချက်သုံးမျိုးအနက် အာဟာရပြည့်ဝသောအစားအသောက်ရရှိရန်သည် လူသားတို့အတွက် အသက်တမျှပင် အရေးပါလှသည်။ လူတစ်ဦးသည် ကျန်းမာစွာနေထိုင်ရှင်သန်ရပ်တည်နေနိုင်ရန်အတွက် စားနပ်ရိက္ခာဖူလုံမှုရှိနေရန်လိုအပ်သည်။ အာဟာရပြည့်ဝစွာဖြင့် ရှင်သန်ကြီးထွားလာသောလူတစ်ဦးသည် ရုပ်ပိုင်းတွင်သာမက စိတ်ဓာတ်ပိုင်းဆိုင်ရာတွင်လည်း ကြံ့ခိုင်သည့်အပြင် ဦးနှောက်စွမ်းဆောင်ရည်လည်း တိုးတက်မည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကျန်းမာတိုးတက်သောဘဝကိုပိုင်ဆိုင်ကာ သက်တမ်းစေ့နေထိုင်နိုင်သည်။

၁၉၄၅ခုနှစ် အောက်တိုဘာ ၁၆ရက်တွင် ကနေဒါနိုင်ငံ ကွီဘက်မြို့၌ စတင်ဖွဲ့စည်းခဲ့သော ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)ကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ် ထိုနေ့ရောက်ရှိချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားများ ကျင်းပကြသည်။ ၁၉၇၉ ခုနှစ် နိုဝင်ဘာလတွင် ပြုလုပ်သည့် အကြိမ်(၂၀)မြောက် FAOညီလာခံ၌ အဖွဲ့ဝင်နိုင်ငံများက နှစ်စဉ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ ကျင်းပသွားရန် အကြံပြုဆွေးနွေးခဲ့ကြသည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူလုံးဝပပျောက်ရေး ကောင်းမွန်သောရည်မှန်းချက်ဖြင့် ထိုနေ့ကို ကျင်းပလျက်ရှိကြသည်။ ၂၀၂၄ ခုနှစ်အတွက်ဆောင်ပုဒ်သည် "Right to Foods for a Better Life and a Better Future" "ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာပြည့်မီအောင်ဖြည့်ဆည်းပေး"ဖြစ်သည်။

**စားနပ်ရိက္ခာလိုအပ်**

၂၀၂၃ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း ဆာလောင်မွတ်သိပ်သူဦးရေ ၇၃၃ သန်းရှိခဲ့ပြီး လူ ၁၁ ဦးလျှင် တစ်ဦးသည်လည်းကောင်း၊ အာဖရိကဒေသတွင် လူငါးဦးလျှင် တစ်ဦးသည်လည်းကောင်း စားနပ်ရိက္ခာရှားပါးပြတ်လပ်ခဲ့သည်။ အထူးသဖြင့် လက်ရှိအချိန်တွင်ကမ္ဘာ့နိုင်ငံ ၅၉ နိုင်ငံရှိ လူဦးရေ ၂၈၂ သန်းခန့်သည် အလွန်အမင်း ဆာလောင်မွတ်သိပ်မှုနှင့် ကြုံတွေ့ရလျက်ရှိပြီး လူငါးဦးလျှင် တစ်ဦးသည် အာဟာရချို့တဲ့နေသဖြင့် ချက်ချင်းအလေးအနက်ထားဆောင်ရွက်သွားရန် လိုအပ်လျက်ရှိသည်။ ဂါဇာဒေသနှင့်တောင်ဆူဒန်တို့တွင် စားနပ်ရိက္ခာလုံခြုံမှုကင်းမဲ့လျက်ရှိသည်။ ကမ္ဘာတစ်ဝန်း စားနပ်ရိက္ခာလုံခြုံမှုမရှိသောလူဦးရေသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားပြီးနောက် ၂၂ ရာခိုင်နှုန်းခန့် မြင့်တက်လာခဲ့သည်။ နိုင်ငံပေါင်း ၃၂ နိုင်ငံတွင် အသက် ငါးနှစ်အောက် ကလေးငယ် ၃၆ သန်းသည် အာဟာရချို့တဲ့လျက်ရှိသည်။ အထူးသဖြင့် ပဋိပက္ခနှင့်သဘာဝဘေးအန္တရာယ်များကြောင့် အိမ်ခြေယာမဲ့များဖြစ်ပေါ်ရာမှ စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုဖြစ်ပေါ်လာခဲ့သည်။

၂၀၂၄ ခုနှစ် ဇူလိုင်လထိ ဂါဇာကမ်းမြောင်ဒေသတွင် ပြည်သူဦးရေ ၁ ဒသမ ၁ သန်းနှင့် တောင်ဆူဒန်တွင် ပြည်သူဦးရေ ၇၉၀၀၀ တို့သည် အလွန်အမင်းအာဟာရချို့တဲ့လျက်ရှိသည်။ စီးပွားရေးချွတ်ခြုံကျမှုနှင့် အစွန်းရောက်ရာသီဥတုတို့ကြောင့် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုကို ဖြစ်ပေါ်စေလျက်ရှိသည်။ ထို့ပြင် ပဋိပက္ခများကြောင့်လည်း နိုင်ငံပေါင်း၂၀ တွင် ပြည်သူ ၁၃၅ သန်းသည် စားနပ်ရိက္ခာလိုအပ်လျက်ရှိသည်။ အလားတူ အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့်လည်း နိုင်ငံ ၁၈ နိုင်ငံတွင် ပြည်သူ ၇၇ သန်းကျော်သည် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုကြုံတွေ့ရလျက်ရှိသည်။ ၂၀၂၃ ခုနှစ်တွင် ကမ္ဘာကြီး အလွန်အမင်းပူပြင်းခဲ့သဖြင့်ရေကြီးမှုများ၊မုန်တိုင်းတိုက်ခတ်မှုများ၊ ခြောက်သွေ့မှုများ၊ တောမီးလောင်ကျွမ်းမှုများ၊ ပိုးမွှားနှင့်ရောဂါဘေးအန္တရာယ်ကျရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။ ထို့ပြင် စီးပွားရေးချွတ်ခြုံကျမှုကြောင့် နိုင်ငံ ၂၁ နိုင်ငံတွင် ပြည်သူဦးရေ ၇၅ သန်းခန့်သည် စားနပ်ရိက္ခာ အလွန်အမင်းရှားပါးပြတ်လပ်ခဲ့သည်။

လက်ရှိအခြေအနေအတိုင်းသာ ဆက်သွားမည်ဆိုလျှင် ၂၀၃၀ ပြည့်နှစ်တွင် လူဦးရေ ၅၈၂ သန်းသည် အလွန်အမင်း အာဟာရချို့တဲ့မှုနှင့် ရင်ဆိုင်သွားရဖွယ်ရှိနေသည်။၂၀၂၃ ခုနှစ်တွင် လူဦးရေ ၂ ဒသမ ၃ ဘီလီယံသည် စားနပ်ရိက္ခာမလုံခြုံမှုကို အတန်အသင့်ရင်ဆိုင်ခဲ့ရသည်။ ၎င်းတို့အနက် လူဦးရေ ၈၆၄ သန်းခန့်သည် အစားအစာ လုံးဝမစားရသည့်နေ့ရက်များရှိခဲ့သည်။ စီးပွားရေးအခွင့်အလမ်းမရှိခြင်းသည်လည်း ကမ္ဘာ့လူဦးရေ သုံးပုံ၊ တစ်ပုံခန့်ကို ကျန်းမာရေးညီညွတ်သော အစားအာဟာရရှိရေးအတွက် သက်ရောက်မှုဖြစ်ပေါ်စေခဲ့သည်။ စားနပ်ရိက္ခာမလုံခြုံမှုနှင့်အာဟာရချို့တဲ့မှုတို့သည် ပဋိပက္ခများ၊ ရာသီဥတုပြောင်းလဲမှုများ၊ စီးပွားရေးကျဆင်းမှုများကြောင့် ပိုမိုမြင့်မားလာလျက်ရှိသည်။

ထို့ကြောင့် စားနပ်ရိက္ခာစနစ်များနှင့် လယ်ယာလုပ်ငန်းများ ပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရန် အမျိုးသားအဆင့်နှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ လိုအပ်လျက်ရှိသည်။ တည်ငြိမ်အေးချမ်းမှုသည်လည်း ရေရှည်စားနပ်ရိက္ခာဖူလုံမှုအတွက် အရေးပါသော အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။ သာတူညီမျှရှိပြီး ထိရောက်သောစီးပွားရေးလုပ်ငန်းများသည် စားနပ်ရိက္ခာရှားပါးပြတ်လပ်မှုကိုလျှော့ချရာ၌ များစွာအရေးပါလျက်ရှိသည်။ မြန်မာနိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များသည် ပြည်တွင်းစားသုံးမှုဖူလုံပိုလျှံပြီး ဒေသတွင်းနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့နိုင်ခဲ့သဖြင့် ကမ္ဘာ့စားနပ်ရိက္ခာလုံခြုံမှုကို ပံ့ပိုးပေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အစွန်းရောက်ရာသီဥတုဖြစ်စဉ်များကြောင့် အပူလွန်ကဲခြင်း၊ မြေပေါ်ရေကန်များ ဆောလျင်စွာခန်းခြောက်ခြင်း၊ မြေအောက်ရေများ ရေမျက်နှာပြင်နိမ့်ကျခြင်းများ ဖြစ်ပေါ်လာနိုင်ပြီး စိုက်ပျိုးရေနှင့်သောက်သုံးရေအခက်အခဲများဖြစ်ပေါ်လာနိုင်သဖြင့် စိုက်ပျိုးထုတ်လုပ်မှုများတွင် ထိခိုက်ဆုံးရှုံးမှုမဖြစ်စေရေးနှင့် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်နှင့်ရေတံခါးတို့မှ သိုလှောင်ရေအခြေအနေပေါ်မူတည်၍ နွေစပါးစိုက်ပျိုးရေပေးဝေခြင်းနှင့် ဒေသတွင်းသောက်သုံးရေပေးဝေခြင်းများကို ကြိုတင်ချိန်ဆပြင်ဆင်ထားရှိသည်။

**အခြေခံအခွင့်ရေးရှိ**

ဆိုရလျှင် လူသားတိုင်းသည် ဆာလောင်မွတ်သိပ်မှုကင်းဝေးပြီး လုံလောက်သော စားနပ်ရိက္ခာဖူလုံမှုရရှိရန် အခြေခံအခွင့်ရေးများရှိကြသည်။ လူသားအားလုံးသည် အစားအသောက်ဝယ်ယူနိုင်သည့် လုံလောက်သောဝင်ငွေရရှိနေမှသာ စားနပ်ရိက္ခာဖူလုံသည့်အခွင့်အရေးကို အပြည့်အဝရရှိနိုင်ကြမည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းတွင် စားနပ်ရိက္ခာဖူလုံရေးကို ရည်ရွယ်လျက် ကမ္ဘာ့ခေါင်းဆောင်များသည် အလွန်အမင်းဆင်းရဲမှုနှင့် ဆာလောင်မွတ်သိပ်မှုပပျောက်ရေးအတွက် ၂၀၀၀ ပြည့်နှစ်ကတည်းက ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကမ္ဘာပေါ်ရှိ လူသားအားလုံးသည် စားနပ်ရိက္ခာဖူလုံမှုရှိသင့်သည်။ အစာအာဟာရချို့တဲ့သူများသည် လေ့လာသင်ယူနိုင်စွမ်းခက်ခဲခြင်း၊ ကုန်ထုတ်လုပ်နိုင်စွမ်းကျဆင်းခြင်း၊ မကြာခဏဖျားနာကြသည့်အပြင် သက်တမ်းလည်းတိုကြသည်။ အာဟာရချို့တဲ့မှုကြောင့် တစ်ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးဆုံးရှုံးမှုကုန်ကျစရိတ်သည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ထရီလီယံထိရှိသည်။ ထို့ပြင် ဆာလောင်မွတ်သိပ်မှုသည် ကမ္ဘာလုံးဆိုင်ရာမလုံခြုံမှုနှင့် သဘာဝပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

**စားနပ်ရိက္ခာဖူလုံလျှင်**

အစွန်းရောက်ရာသီဥတုများ၊ စစ်ပွဲများ၊ ပဋိပက္ခများနှင့် ဘဏ္ဍာရေးအကျပ်အတည်းများသည် စားနပ်ရိက္ခာဖူလုံစွာရရှိနိုင်ရေးကို အဟန့်အတားများဖြစ်နေသည်။ ကမ္ဘာတစ်ဝန်းတွင် ဆာလောင်မွတ်သိပ်သူမရှိစေရေးအတွက် လူသားအားလုံး ပူးပေါင်းဆောင်ရွက်မှုများလိုအပ်လျက်ရှိသည်။ လူသားအားလုံး အစာအာဟာရပြည့်စုံဖူလုံနေမည်ဆိုလျှင် ကမ္ဘာတစ်ဝန်းရှိ ကလေးငယ်များ၏အသက်ကို ကယ်တင်နိုင်ခြင်း၊ အာဟာရပြည့်ဝသော မိခင်များသည် ရောဂါဒဏ်ကာကွယ်နိုင်သည့် ကိုယ်ခံအားစနစ်များပါရှိသော ကျန်းမာရေးကောင်းမွန်သည့် ကလေးငယ်များကို မွေးဖွားပေးနိုင်ခြင်း၊ အာဟာရချို့တဲ့သူ ကလေးသူငယ်များပပျောက်အောင် ဆောင်ရွက်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ GDP ကို တိုးတက်လာစေနိုင်ခြင်း၊ ဆာလောင်မွတ်သိပ်မှုကာကွယ်တားဆီးနိုင်ရေးတွင် အမေရိကန် တစ်ဒေါ်လာရင်းနှီးမြှုပ်နှံခြင်းသည် အမေရိကန်ဒေါ်လာ ၁၅ ဒေါ်လာမှ ၁၃၉ ဒေါ်လာထိ အကျိုးအမြတ်ပြန်လည်ရရှိစေနိုင်ခြင်း၊ ငယ်စဉ်ဘဝတွင် သင့်တင့်လျောက်ပတ်သောအာဟာရကျွေးမွေးထားခြင်းသည် ဘဝတစ်လျှောက်လုံးတွင် ဝင်ငွေ ၄၆ ရာခိုင်နှုန်းပိုမိုရှာဖွေနိုင်ခြင်း၊ သံဓာတ်ချို့ယွင်းမှုအားနည်းအောင် ဆောင်ရွက်ခြင်းသည် လုပ်ငန်းခွင်ကုန်ထုတ်စွမ်းအားကို၂၀ ရာခိုင်နှုန်းထိ တိုးတက်စေနိုင်ခြင်း၊ အာဟာရချို့တဲ့မှုနှင့် ဆက်စပ်သော ကလေးသူငယ်သေဆုံးမှုနှုန်း လျှော့နည်းပပျောက်အောင်ဆောင်ရွက်ခြင်းသည် လုပ်သားအင်အား ၉ ဒသမ ၄ရာခိုင်နှုန်း တိုးတက်လာစေနိုင်ခြင်း၊ အာဟာရချို့တဲ့သူမရှိခြင်းသည် လူသားတိုင်းအတွက် ပိုမိုဘေးကင်းလုံခြုံသာယာဝပြောသောကမ္ဘာကြီးကို တည်ဆောက်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်မည်ဖြစ်သည်။

**ပိုမိုကောင်းမွန်သောအနာဂတ်အတွက်စားနပ်ရိက္ခာလုံခြုံမှု**

အနာဂတ်တွင် ကမ္ဘာ့ပြည်သူများအားလုံး စားနပ်ရိက္ခာဖူလုံရေးအတွက် အစီအမံများချမှတ်ကာ ကိုယ်စီအသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်သွားရန်လည်း လိုအပ်သည်။ အထူးသဖြင့် ရာသီဥတုရုတ်ခြည်းပြောင်းလဲဖောက်ပြန်မှု၊ ဂေဟစနစ်ပျက်စီးမှုတို့ကို ကာကွယ်နိုင်မည့် ရေတို၊ရေရှည်အစီအမံများ၊ မဟာဗျူဟာ၊ နည်းဗျူဟာများချမှတ်ကာ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးဆုံးရှုံးနိုင်စေသည့် ပြုမူလုပ်ဆောင်ချက်မှန်သမျှကို ကြိုတင်ကာကွယ်တားဆီးရေးအစီအမံများ၊ ပဋိညာဉ်များ၊ ဥပဒေများ ချမှတ်ဆောင်ရွက်သွားရန်လည်း လိုအပ်နေပြီဖြစ်သည်။

ဆိုရလျှင် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအပေါ် ဆိုးကျိုးများ သက်ရောက်စေလျက်ရှိသည်။ ထိုဆိုးကျိုးများကိုကာကွယ်နိုင်ရန်အတွက် လူသားအားလုံးသည် ရာသီဥတုညီညွတ်မျှတ မှန်ကန်နေစေရန် သဘာဝပတ်ဝန်းကျင်အပေါ် တန်ဖိုးထားတတ်သည့်အလေ့အကျင့်ကောင်းများ မွေးမြူသွားရမည်ဖြစ်သည်။ လူသားတို့သည် လတ်တလောကိုယ်ကျိုးစီးပွားကိုသာရှုမြင်ပြီး စက်ရုံ၊ အလုပ်ရုံများမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လွန်ကဲစွာထုတ်လွှတ်ခြင်း၊ သစ်ပင်သစ်တောများကို စည်းမဲ့ကမ်းမဲ့ခုတ်လှဲရောင်းချခြင်းနှင့် မြစ်၊ ချောင်းများတိမ်ကောအောင် စည်းကမ်းမဲ့စွန့်ပစ်ခြင်း စသည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုဖြစ်စေနိုင်သောလုပ်ရပ်များကို သတိရှိရှိဖြင့်ရှောင်ရှားသွားရန်လိုအပ်သည်။ ထို့ပြင် အကျိုးမဲ့ပြုန်းတီးသွားသော သစ်ပင်၊ သစ်တောများနေရာတွင် အစားထိုးသစ်ပင်များကို ရှင်သန်ဖြစ်ထွန်းအောင် စီမံချက်ဖြင့် စနစ်တကျစိုက်ပျိုးသွားရန်လည်း အရေးတကြီးလိုအပ်နေပြီဖြစ်သည်။ ထို့ကြောင့် ကမ္ဘာ့လူသားများ၏ ပိုမိုကောင်းမွန်သောအနာဂတ်တည်ဆောက်နိုင်ရေး ပဋိပက္ခများလျှော့ချခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အစီအမံများချမှတ်ဆောင်ရွက်ခြင်းတို့အပြင် ရာသီဥတုဖောက်ပြန်မှုကို တုံ့ပြန်ဆောင်ရွက်ပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် လူသားအားလုံး တက်ကြွစွာပူးပေါင်းပါဝင်လျက် ဘက်စုံအမျိုးသားရေးအသွင်ဖြင့် ဆောင်ရွက်သွားကြပါစို့ဟု အကြံပြုတိုက်တွန်း ရေးသားတင်ပြအပ်ပါသည်။

**ကိုးကား**

- ၁၆-၁၀-၂၀၂၃ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ။
- Global Report on Food Crises: Acute hunger remains persistently high in 59 countries with 1 in 5 people assessed in need of critical urgent action (fao.org)
- Hunger numbers stubbornly high for three consecutive years as global crises deepen: UN report (who.int)

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ပဲခူးမြို့နယ်ရှိ ရွှေမော်ဓောစေတီတော်တွင် ဆီမီး ၁၀၀၀၀ မီးထွန်းပူဇော်ပွဲတော်နှင့် သီတင်းကျွတ်ဈေးပွဲတော်တို့ကို ကျင်းပမည်


ယခင်နှစ်က သီတင်းကျွတ်မီးထွန်းပူဇော်ပွဲတော်ကို တွေ့ရစဉ်။

**ပဲခူး အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိရွှေမော်ဓောစေတီတော်တွင် သီတင်းကျွတ်လပြည့်နေ့တွင် ဆီမီး ၁၀၀၀၀ မီးထွန်းပူဇော်ပွဲတော်နှင့် သီတင်းကျွတ်ဈေးပွဲတော်တို့ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့၊ အဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက ပြောပြ၍ သိရသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်၏ သီတင်းကျွတ်မီးထွန်းပူဇော်ပွဲတော်နှင့် သီတင်းကျွတ်ဈေးပွဲတော်ကို အောက်တိုဘာ ၁၆ ရက်မှ ၁၈ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ ပဲခူးမြို့ ရွှေမော်ဓောစေတီတော် ဆီမီး ၁၀၀၀၀ မီးထွန်းပူဇော်ပွဲကို အစဉ်အလာမပျက် သီတင်းကျွတ်လပြည့်နေ့ညပိုင်းမှာ ကျင်းပသွားမှာဖြစ်ပါတယ်။ အလားတူ ပဲခူးမြို့ရဲ့ သီတင်းကျွတ်မီးထွန်းပူဇော်ပွဲတော်နဲ့ ဈေးရောင်းပွဲတော်ကိုလဲ တစ်ဆက်တည်း ကျင်းပမှာဖြစ်ပါတယ်။ သီတင်းကျွတ် မီးထွန်းပူဇော်ပွဲတော်နဲ့ သီတင်းကျွတ်ဈေးရောင်းပွဲတော်ကို ပဲခူးမြို့ ရွှေမော်ဓောစေတီတော် အနောက်ဘက်မုခ် ဘုရားလမ်းတစ်လျှောက်မှာ မီးရောင်စုံတွေ ထွန်းညှိပူဇော်ပြီး ကျင်းပမှာဖြစ်ပါတယ်။ ပွဲတော်လာပြည်သူတွေကိုလဲ ဖျော်ဖြေရေးအစီအစဉ်အနေနဲ့ တေးသံသာတွေနဲ့ အနုပညာစင်မြင့်ကနေ ဖျော်ဖြေပေးမှာဖြစ်သလို ဆက်ကပ်၊ အငြိမ့်ပွဲတွေလဲ ထည့်သွင်းပေးမှာ ဖြစ်ပါတယ်။ စေတနာရှင်၊ အလှူရှင်တွေရဲ့ စတုဒိသာကျွေးမွေးတဲ့ အလှူတွေလဲရှိနေမှာဖြစ်ပါတယ်"ဟု ဦးတင်ဦးက ပြောပြသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ သီတင်းကျွတ် ဈေးပွဲတော်တွင် MSME ထုတ်ကုန်များ ပြသရောင်းချသွားမည်ဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ပွဲတော်လာများကို ဒေသထွက်ကုန်များနှင့် မိတ်ဆက် ရောင်းချပေးမည်ဖြစ်ကြောင်း သိရသည်။ ASH

# မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)မှ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာ သုံးရွာတွင် နေအိမ်ငါးလုံး တည်ဆောက်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၁၅**

မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာ သုံးရွာတွင် နေအိမ်ငါးလုံး တည်ဆောက်လှူဒါန်းခြင်းအတွက် အလှူငွေပေးအပ်ခြင်းကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၌ ပြုလုပ်ခဲ့ကြောင်း မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)မှ အတွင်းရေးမှူး ဦးနေဝင်းက ပြောပြ၍ သိရသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ကဖွဲ့စည်းထားသည့် "ပိုသူလှူလိုသူကူ"အဖွဲ့က နေပြည်တော်ကောင်စီနယ်မြေရှိ တပ်ကုန်းမြို့နယ်မှ ညောင်ကိုင်း၊ ဖောင်းတော၊ ရှားတောအိုင်၊ မန်ကျည်းပင်၊ ပိန်းတောရွာသစ်၊ နှောင်သဉ်၊ ဆူးလေရွာတို့မှ ရေဘေးသင့်ပြည်သူများကို စားသောက်ကုန်၊ အဝတ်အထည်၊ ဆေးဝါး စသည့်ပစ္စည်းများလှူဒါန်းခြင်းကို စက်တင်ဘာ ၁၄ ရက်နှင့် ၁၅ ရက်က ကိုယ်တိုင်ကိုယ်ကျ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"သဘာဝဘေးဒဏ်ခံစားရတဲ့ ဒေသတွေ ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးအတွက် ပိုသူလှူ လိုသူကူ အဖွဲ့တွေက စုပေါင်း လှူဒါန်းခဲ့ကြတာဖြစ်ပါတယ်။ ရေကြီးလို့ လူတွေ အသက်ကိုလုပြီး ပြေးကြရတာကို ကြည့်ပြီး စိတ်မကောင်းဖြစ်ရပါတယ်။ ဒီ အဖြစ်အပျက်နဲ့ ရင်ဆိုင်ကြသူတွေ



အိမ်လုံးကျွတ်ရေနဲ့ပါသွားတာ ဘာတစ်ခုမှမကျန်အောင် ဆုံးရှုံးရကြတာမို့လေ။ ကျွန်တော်တို့လောကသားတွေအပြင် စေတနာရှင်တွေရဲ့ ပါဝင်လှူဒါန်းမှုကြောင့် လှူဒါန်းမှုတွေနဲ့ အစားအသောက်တွေ၊ ဆေးဝါးစတာတွေကို လှူဒါန်းမှုတွေ လုပ်ဆောင်ခဲ့ပါတယ်။ အခုက နေအိမ်တစ်လုံးကို ငွေကျပ် ၃၅ သိန်းနှုန်းနဲ့ အိမ်ငါးလုံးစာ ဆောက်လှူဖြစ်တာပါ"ဟု ဦးနေဝင်းက ပြောပြသည်။

လက်ရှိတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရှိ ရေဘေးသင့်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စတင်နေပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)မှ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# တာတေနှင့်ရေမျောကမ်းတင် ဇာတ်လမ်းကို အောက်တိုဘာလတွင် Shwe Stream Application မှ ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၁၅**

Shwe Stream Application မှ တာတေနှင့် ရေမျောကမ်းတင် ဇာတ်လမ်းကို အောက်တိုဘာလအတွင်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြ၍ သိရသည်။

တာတေနှင့် ရေမျောကမ်းတင် ဇာတ်လမ်းကို ထက်ရှိုင်းထုတ်လုပ်ရေးအတွက် စာရေးဆရာ တာတေ၏ဝတ္ထုကို (အဝမ်း)ဦးလှဝင်းက ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ ရွှေဇင်မင်းကျော်က ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ ပရိသတ် သဘောကျတဲ့ လျှို့ဝှက်ဆန်းကြယ် ဂန္ထဝင် ဇာတ်လမ်းတွဲတွေထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ တာတေ ဇာတ်လမ်း တော်တော်များများကို Channel K ရုပ်သံလိုင်း၊ Skynet ရုပ်သံလိုင်း၊ Hey Play Application ကနေ ပြသနေပါတယ်။ တာတေတို့ ရွာထဲက အိမ်တစ်အိမ်မှာ မည်သူမျှမရှိဘဲ အသံတွေဆူညံစွာကြားနေရတဲ့အတွက် သွားရောက်စုံစမ်းတော့ နာနာဘာဝတစ်ကောင်ဖြစ်နေပြီး ဒီနာနာဘာဝ ဘယ်ကဘယ်လို ဒီအိမ်ထဲ ရောက်နေသလဲဆိုတာ မသိကြဘူး။ တာတေတစ်ယောက် ဒီပြဿနာကို ဘယ်လိုတွေရင်ဆိုင်ဖြေရှင်းကြရတယ်ဆိုတာ ရှုစားပေးကြပါအုံး"ဟု ဒါရိုက်တာ ရွှေဇင်မင်းကျော်က ပြောပြသည်။

တာတေနှင့် ရေမျောကမ်းတင် ဇာတ်လမ်းတွင် သရုပ်ဆောင် နေနေ၊ ထူးခြား၊ ကိုဇော်၊ အောင်မြတ်၊ ဦးဇာလီ၊ ယွန်းသဒ္ဒါအောင်၊ ဆုလေးနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Netflix ၏ RIP ဇာတ်ကား၌ မင်းသား ကီလီချန်ဒလာ ပါဝင်မည်

**နယူးယောက် အောက်တိုဘာ ၁၅**

Netflix ကုမ္ပဏီ၏ RIP အမည်ရှိ မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တွင် မင်းသား ကီလီချန်ဒလာလည်း ပါဝင်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

RIP ဇာတ်ကားတွင် မင်းသား ကီလီချန်ဒလာသည် မင်းသား ဟင်အက်ဖလက်၊ ဖက်ဒါမွန်တို့နှင့်အတူ ပါဝင်သရုပ်ဆောင်ရမည်ဖြစ်သည်။

အဆိုပါဇာတ်ကားသည် လူမနေသည့် နေအိမ်ဟောင်းတစ်လုံး၌ အမေရိကန်ဒေါ်လာငွေ သန်းပေါင်းများစွာကို ရဲတပ်ဖွဲ့တစ်စု ရှာဖွေတွေ့ရှိခဲ့ကာ နောက်ဆက်တွဲ ပေါ်ပေါက်လာမည့်ဖြစ်စဉ်များကို ရိုက်ကူးမည့်ဇာတ်ကားဖြစ်ပြီး RIP ဇာတ်ကားကို ဒါရိုက်တာ ဂျိုးကာနေဟန်က ရိုက်ကူးမည်ဖြစ်သည်။

RIP ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုလကုန်ပိုင်းတွင် မိုင်းယာမီမြို့တော်နှင့် လော့စ်အိန်ဂျလိစ်မြို့တော်တို့၌ စတင်မည်ဖြစ်သည်။

လက်ရှိတွင် အဆိုပါဇာတ်ကား ရုံတင်ပြသမည့်ရက်ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today
Trs : KKO




# Ready or Not နောက်ဆက်တွဲဇာတ်ကား Searchlight ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်မည်

**နယူးယောက် အောက်တိုဘာ ၁၅**

Ready or Not (2019) ၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ကို Searchlight ကုမ္ပဏီက ရိုက်ကူးထုတ်လုပ်မည်ဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

Ready or Not-2 ဇာတ်ကားကို မူလ Ready or Not ကို ရိုက်ကူးခဲ့သော ဒါရိုက်တာ မက်ဘက်တီနယ်လီအော်ပင်နှင့် တိုင်လာလိုးလတ်တို့က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး၊ အဆိုပါဇာတ်ကားတွင် မင်းသမီး ဆာမာရာဝေးဗင်း ပြန်လည်ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

Ready or Not-2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဘူဆန်နှင့် ခရစ္စတိုဖာမာဖီတို့က ရေးသားပေးမည်ဖြစ်သည်။

Ready or Not(2019) ထိတ်လန့်သည်းဖို ဟာသဇာတ်ကားသည် မင်္ဂလာဦးည၌ ထူးဆန်း၍ ကြောက်မက်ဖွယ်ကောင်းသော မင်္ဂလာဦးည ဂိမ်းကစားပွဲနှင့်ရင်ဆိုင်ခဲ့ရသော အမျိုးသမီးတစ်ဦး၏အဖြစ်ကို ပုံဖော်ရိုက်ကူးခဲ့သည့်ဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုကုန်ကျစရိတ်သည် အမေရိကန်ဒေါ်လာ ခြောက်သန်းထိသာ ရှိခဲ့သော်လည်း ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၅၇ သန်းထိ ရရှိခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO



# The address delivered by Chairman of State Administration Council Prime Minister of the Republic of Union of Myanmar Chairman of the National Solidarity and Peacemaking Central Committee Commander-in-Chief of Defence Services Senior General Min Aung Hlaing at the Ninth Anniversary of NCA

**Esteemed national brethren of the Union,**

Today is the ninth anniversary of the signing of Nationwide Ceasefire Agreement (NCA) between the Government of the Republic of Union of Myanmar and EAOs. Leaders of the EAOs who took part in the signing ceremony, local and foreign witnesses, all the national races of the entire Union, I wish you all health and happiness, and may all your needs be fulfilled.

Since the signing of NCA, a firm determination was mutually made to jointly realize the terms of this Agreement without fail, to achieve perpetual peace, based on responsibility, accountability and transparency. I believe it still lives in the memories of all signatories.

To what extent we could realize the NCA with the aim of marching towards a new democratic country peace that is witnessing peace, stability and progress everywhere, amidst the many disturbances, and to what degree the NCA is on its track. It is common knowledge.

**Esteemed national brethren,**

NCA was established through many meetings and dialogues between officials of the stakeholder organizations. It is a historic Agreement of Myanmar. Talks were held thoroughly through mutual understanding and a lot of compromises till bilateral consensus was reached. Since after the signing of the Agreement, I have witnessed EAOs that respect the terms of the Agreement and stand by the interest of the country and race and the ones that break the agreements at every opportune time for self-gain. The scope of NCA extends from nationwide ceasefire to perpetual peace and interest of the national races and democracy. The establishment of a Union based on democracy and federalism is the interest of the national races and democracy. It is common knowledge that Tatmadaw, with true will for national progress, made concessions by announcing unilateral ceasefire agreements many times three years after the signing of NCA. It adopted policies for peace and explained them in detail and rendered a helping hand. It also made overtures of negotiations which is a policy for peace.

As differences in political views are the source of conflicts in the country, invitations have been made to solve the political problem through political means. So, I would urge all to join the political dialogue in the interest of the country.



Senior General Min Aung Hlaing addresses the Ninth Anniversary of the Nationwide Ceasefire Agreement (NCA).

**Esteemed national brethren,**

On this democracy road, the entire people must truly enjoy the democracy essence and democracy culture. But during the times the country was under a democracy government, democracy essence and democracy culture was still away from the people. All must bear in mind that democracy culture is the realization of the wishes or solving of the conflicts of individuals or organizations through peaceful means, while avoiding any means of violence. During the second democratic government, the country lost its wealth and its internal secrets fell victim to leakages due to overly putting trust on foreign countries as in history.

Even government authorities, who had the right to shoulder the State duties, wrongly exercised democracy practices. It is common knowledge that vote rigging of the then government in the 2020 election has left a black mark in history.

In all seriousness, I say that Tatmadaw regards the duty of safeguarding the country from all dangers befalling it in the long-term interest of the country and people as the historic task. When an unexpected political change in Myanmar occurred in 2021, some EAOs, violating the terms of NCA, supported terrorist groups, NUG and CRPH, through a stratagem. They also provided aid and various support to PDF terrorist bands, under those terrorist groups. Hence, peace and stability became weak in the entire country and the people had to live in fear and in a state of alarm.

The acts of the combined terrorist group, MNDAA, TNLA and AA, that began in October 2023 has worsened the economic situation of the people. Before the incident, KNPP, KNDF, PNLO, KIA and KNU armed insurgents were committing destructive acts in various places. The consequence was the hardships that a large number of innocent people had to suffer. Various sources of support were found behind those terrorist acts. In this regard, the government is protecting the national interest through a correct view and proper arrangements.

**Esteemed national brethren,**

Driving forces for political, economic and defence sectors must be better for development of a country. Despite having stronger political strength, the country does not be weak in economic and defence sectors. Leaders need to systematically manage strengthening of political sector whereas all citizens have to strive for their respective sectors. If so, individuals will be wealthy and then the State economy will boost. Only when the country has stronger economic strength will the State have higher defence capability. Since its establishment, the Tatmadaw was purposed for just defending external enemies, but not for internal security. Depending on the internal security situations of the State, when the government assigns, the Tatmadaw has to serve the internal security duties.

Myanmar Tatmadaw on its part has been serving the defence and internal security duties from the time of the AFPFL government in the post-independence era to date in accord with the assignments. It has proved that the Tatmadaw in successive eras has dutifully served the assigned duties for the defence, peace and stability of the State. I would like to note that everybody needs not to consider that the Tatmadaw alone is responsible for the defence duty of the State, and all people have to participate in its measure through their strength. According to the geographical and political conditions of the country, our country needs to carefully make preparations for serving the defence duties of the State.

Nowadays, power struggle among powerful countries and their interference in political, economic and military affairs of small countries, territorial disputes among countries, terror attacks and internal instability can be seen across the world. In solving these problems, some regions intend to cause internal conflicts to the regional conflicts. The majority of global countries form the regional organizations to have country-wise strength and cooperate with one another in all sectors including political and economic sectors. But, it is necessary to consider that all countries prioritize to stand tall on their interests firmly. I would like to urge all national brethren to notice which countries mastermind internal conflicts of neighbouring countries and global countries with attempts to commit neocolonialism.

In order to influence small countries, it can be seen that world's powerful countries are making attempts to control the economic sector which is playing a key role in development of countries. They commit internal conflicts and crises so as to cause impacts on the economic sector of small countries with manipulation as they like. At this juncture, small countries need to utilize own natural resources to overcome these challenges. Lesser own resources will affect the economy as well as weaken other sectors. Our country possesses good resources for development of agriculture and livestock breeding sectors. Our country has been recognized as a country to contribute to food security of the world. Moreover, our country produces oil, natural gas and various minerals such as copper, iron and tin. So, we have to utilize these natural resources and sound foundations of agriculture and livestock breeding sectors in order to boost the economy and overcome challenges of harming the economy.

In the past, the country suffered impacts of COVID-19 pandemic and economic crisis unavoidably. Due to globally political frictions in the post-COVID period, the world faced energy and fuel problems.

*See Page 14*

# Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win meets officials of Sagaing Region Government, speaks words of comforts to officers, other ranks receiving treatments at local defence services hospital, delivers address to officers, other ranks, spouses in arms, families of Wuntho Station



Vice-Senior General Soe Win meets officials of Sagaing Region Government.

**Nay Pyi Taw October 15**

Vice Chairman of the State Administration Council Deputy Prime Minister Deputy Vice-Senior General Soe Win met with officials of Sagaing Region Government at the office of the regional government in the evening of 14 October and delivered an address on regional stability and security.

Present at the meeting were Chief Minister U Myat Kyaw of Sagaing Region, the commander of the North-West Command, senior officers from the Office of the Commander-in-Chief of Defence Services, ministers of Sagaing Region Government and departmental officials.


First, Chief Minister U Myat Kyaw and regional ministers reported to the Vice-Senior General on administrative, economic and social affairs in the region, offering loans to agriculture and livestock breeding farms and MSMEs in the region from the state economic promotion fund, statistics about respective sectors including education and health, formation of public security and anti-terrorism teams for regional stability and security, cooperation of departmental staff in conducting the population and household census, cooperation of security personnel and departmental staff in regional stability and security matters and other measures.

After hearing the reports, the Vice-Senior General coordinated the necessary measures and delivered an address, saying the State Administration Council has adopted roadmaps and objectives since assumption of its duties and its ultimate aim is to hold free and fair multi-party general elections and to hand over state power to the winning government while preparations for them are being made. Then, the Vice-Senior General discussed the importance of stability and security of regions and state to achieve the objectives, strengthening of security with the cooperation of the entire people as nothing is perfect in security issues, prevention and reduction of security breaches by cooperation of public staff with security awareness, systematic formation of public security and anti-terrorism teams in respective wards and villages, the need to mobilize the people for participation in the teams, the need to consistently raise security awareness of team members, prevention of the infiltration of terrorists into wards and villages, the need to be vigilant about acts of terrorism in cooperation of team members with the public, strengthening security with the participation of the people and proper supervision of responsible officials for law enforcement and public security in wards and villages.

In addition, it is necessary for the relevant authorities to timely fulfill the basic requirements of agriculture, livestock, and other economic activities. In the event of unforeseen natural disasters, provisions should be made to replace damaged crops promptly, including the provision of high-quality seeds and other necessary resources. The results obtained from the census are significant for the country in terms of politics, economy, education, health, and social-economic development. These results help the relevant government departments and organizations responsible for planning to meet their requirements, assisting in understanding the country's real situation. The information gathered will benefit every citizen, and thus, it is necessary for the public to participate more actively than before.



Vice-Senior General Soe Win comforts a patient.



Vice-Senior General Soe Win presents foodstuffs for Tatmadaw members and their families.

*See Page 14*

*From Page 12*

Now, some countries are facing political instabilities. As the ending of political instability may lead to the economic crisis, powerful countries create such situations in advance for serving their interests. As such, only when our country strives to possess reliable human resources without reliance on foreign country will the country stand tall with own natural resources proudly. In order to emerge the future State, efforts were made to accomplish the NCA treaty with the aim of resolve diversity measures at the peace table through negotiations and coordination. So, we all are now on the track of peace. The State Administration Council could manage boosting the State economy from the downtrends and development of other sectors including education, health and agricultural production amid the internal and external attacks and disturbances.

**Esteemed national brethren,**

Since assumption of the State responsibilities, the State Administration Council has adopted the Roadmap. The government has clearly declared that the country will lead to the NCA route to initiate the peace process, emphasizing agreements of NCA as much as possible. Amid many difficulties since its assumption, the government has adopted prioritized tasks and implemented them. At present, the nationwide population and household census is being enumerated. Arrangements are being made to hold the multiparty democratic general election successfully as the final points of the five-Point Roadmap we have guaranteed. Emphasis is being placed on participation of all political parties in the election, and efforts are being made to maintain security conditions to be able to hold the election in relevant regions. Considering the possible conditions in the electoral period, the government will leverage up the security measures and relevant EAOs have to cooperate with the government in these measures. The State Administration Council will go forwards in harmony with relevant sectors included in the Five-Point Roadmap. Only when the country forges peace and stability will the government initiate strengthening of the multiparty democratic system and correct reform processes as quickly as possible.

The State Administration Council is placing special emphasis on achieving two political goals and two national goals. Development can only take place when the country is stable and peaceful. Achieving domestic stability and peace cannot be the sole responsibility of the Tatmadaw. Only when all ethnic armed organizations fully understand the essence of the NCA and cooperate with a strong sense of responsibility toward the state and their commitments to the nation will we be able to reach the shared goals we aspire to.

Unwanted armed conflicts have caused unrest and violence throughout the country. The deaths of innocent people, children and monks are the suffering of the country. It is only our own citizens who are unfaithful to the country and weak in consciousness that are being destroyed with the incitement and support from abroad. In order to strengthen the defense forces of the country and to reduce the violence that is dominated by the instigations from the abroad, we have put into force the People’s Military Service Law that has been enacted since 2010, and have been able to increase the national security sector. In addition, a public security system involving all citizens is also being organized. By being able to do these things, all the people will have the awareness that they are individually responsible for national defense and security.

The armed attacks of the terrorist insurgents throughout the ages are only doing armed terrorist acts under the pretext of politics. It can be seen that they are putting forward their desire to stand separately rather than walking on the path of multi-party democracy and building a great union together. Young people were lured with narcotics drugs and forced to join the war. We all know not only the lives of innocent people, but also road and bridge structures, hospitals and schools, and religious buildings were destroyed. Because of such anarchic behavior, the public hates terrorist acts, and actively cooperates with the Tatmadaw in counter-terrorist operations. In the future, the Tatmadaw will continue to do what is necessary to suppress the terrorist insurgents. I also want to inform the public to be careful being tricked by terrorists.

**Esteemed national brethren,**

For our union to achieve eternal peace, meetings and discussions with political parties and ethnic armed groups are underway. The opinions obtained from such meetings were recorded as the Union Accord. Only when the armed conflict ends through the NCA will we be able to reach our desired goal. We all need to move forward with the spirit of Myanmar together. Otherwise, if we continue to believe in the instigation of foreign countries that are encouraging and supporting armed terrorist acts and plotting the bloodshed of their own citizens, then the future journey we want to take as a nation will be a long way off.

Today, the current situation in our country is due to the influence and control of geopolitically powerful countries, which is creating internal instability. They are causing dissensions in various ways so that there is no unity among the different ethnic groups in our country. We see that they are creating political and economic instability to reduce our country's defense power. What I want to say is that all the ethnic groups living in Myanmar are brothers and sisters who have lived in the same land and drank from the same water for many years. They are the ones who faced and dealt with the difficulties and the crisis by generations hand in hand. Today, instead of destroying the area where we live for the benefit of the powerful countries, we all need to think long-term and cooperate for the benefit of the nation. If we are divided and quarrel with each other, the power of the state will decrease and we may go down in history as a people who follow and obey the will of others. Therefore, today, I would like to urge the ethnic armed groups to join together in the process of national stability and peace being carried out by the Tatmadaw, and negotiate their wishes through dialogues.

**Esteemed national brethren,**

In conclusion, we can't ask for our wishes through armed violence, we can only come to the political dialogue and solve the conflicts peacefully. I would like to say that we will not compromise on the demands of armed terrorists. According to the motto of our government, "Moving forward to the goal", we must all respect and cooperate with the NCA as we move forward with the spirit of "Myanmar". In cooperation, we need to follow through on the transparency, responsibilities and commitments that have already been made with a true desire for eternal peace. I would like to encourage the EAOs and the entire ethnic population to have a security awareness and security perspective and to show the good spirit of the country by participating in the aspects of the pre-election process that will take place after the census. In conclusion, I would like to urge all to work together with the government to put an end to the terrorists who are disrupting the peace and stability of the country. 100

---

*From Page 13*

For the census to be successfully conducted, it is essential for security personnel and responsible officials to exert every effort to collect data thoroughly from designated areas. Additionally, public education is needed to ensure that people provide accurate and complete information during the data collection process. Efforts should be made how to share knowledge and insights through clarifications and discussions on the basic facts required for census collection, the Vice-Senior General said.

Moreover, this morning, SAC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win, together with Sagaing Region Chief Minister U Myat Kyaw, North-West Command Commander Major General Than Htaik, senior military officers from the office of the Commander-in-Chief (Army) and officials, visited the local military hospital in Monywa Township, Sagaing Region, where they provided encouragement to officers and soldiers receiving treatment after being injured while performing national defence and security duties.

Initially, the Vice-Senior General, and the entourage were welcomed at the military hospital in Monywa by the hospital commandant and responsible officials.

Following this, they visited each officer, soldier, Myanmar Police Force member, and local militia who were injured during national defence and security duties to inquire about their injuries, treatment, and health recovery. They provided words of encouragement, addressed necessary issues, and distributed necessary support and honorary cash awards.

Subsequently, Vice-Senior General Soe Win presented honorary funds to the medical personnel serving at the hospital. Furthermore, he visited the Wuntho Station to meet and provide words of encouragement to officers, soldiers, police officers, and their families, offering support, food supplies, and honorary funds. 100

---

# Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တောင်ကိုရီးယားလေတပ်က ကိုရီးယားကျွန်းဆွယ်တွင် ဂျာမနီထုတ် Taurus ဒုံးကျည်များဖြင့် တိုက်ရိုက်ပစ်ခတ်လေ့ကျင့်မှုပြုလုပ်



တောင်ကိုရီးယားလေတပ် (RoKAF) သည် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများမြင့်တက်နေချိန် ဂျာမနီထုတ် Taurus ဒုံးကျည်များဖြင့် တိုက်ရိုက်ပစ်ခတ်လေ့ကျင့်မှုပြုလုပ်ခဲ့သည်ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ပင်လယ်ဝါတွင်ပြုလုပ်ခဲ့သည့် အဆိုပါလေ့ကျင့်မှုများသည် မြောက်ကိုရီးယား၏ ရန်စမှုများကြားတွင် နိုင်ငံ၏ကာကွယ်ရေးစွမ်းရည်ကို အားကောင်းစေရန်အတွက် တောင်ကိုရီးယားနိုင်ငံ၏ ကြိုးပမ်းမှုများကို မီးမောင်းထိုးပြနေသည်။

စစ်ရေးလေ့ကျင့်မှုအတွင်း F-15K တိုက်လေယာဉ်မှ Taurus ဒုံးကျည်တစ်စင်းကို ကီလိုမီတာ ၄၀၀ ကျော် ခရီးနှင်ကာ သတ်မှတ်ထားသော ပစ်မှတ်ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့သည်။ RoKAF က ထုတ်ပြန်ထားသော ဗီဒီယိုဖိုင်တစ်ခုတွင် ဒုံးကျည်ကိုလေယာဉ်၌ တပ်ဆင်ခြင်းမှစ၍ ပစ်လွှတ်ခြင်းထိ တိုက်ပွဲလုပ်ငန်းစဉ်တစ်ခုလုံးကို မှတ်တမ်းတင်ပြသပေးထားသည်။

Taurus ဒုံးကျည်များသည် မြန်နှုန်းမြင့်နှင့် အနိမ့်ပျံသန်းဝင်ရောက်လာနိုင်သော ရန်သူ့ခရူဇ်ဒုံးကျည်များကို ဖော်ထုတ်ခြေရာခံနိုင်စွမ်းကိုလည်း သရုပ်ပြသခဲ့သည်။ E-737 ကြိုတင်သတိပေးရေးနှင့် ထိန်းချုပ်ရေးလေယာဉ်သည် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်ခဲ့ပြီး အခြားတိုက်လေယာဉ်များနှင့် ဗဟိုထိန်းချုပ်ရေးဌာနချုပ်များသို့ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်များကို ဖြန့်ဝေပေးပို့နိုင်ခဲ့သည်။ ယခုစစ်ရေးလေ့ကျင့်မှုသည် တင်းမာမှုများ ဆက်လက်မြင့်မားနေခြင်းကြောင့် တောင်ကိုရီးယားနိုင်ငံ၏ ခံစစ်ပိုင်းကို မြှင့်တင်ပေးနိုင်မည့်လေ့ကျင့်ရေးအစီအစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်သည်။

ဂျာမနီနိုင်ငံ MBDA ကုမ္ပဏီက Saab Bofors Dynamics ကုမ္ပဏီနှင့် ပူးပေါင်း၍ တီထွင်ထားသော Taurus KEPD-350 ဒုံးကျည်သည် တိုက်ခိုက်ရေးမစ်ရှင်များအတွက် ဒီဇိုင်းထုတ်ထားသည်။ အကွာအဝေး ကီလိုမီတာ ၅၀၀ ဖြင့် လုံခြုံဘေးကင်းသောအကွာအဝေးမှအခိုင်အမာပစ်မှတ်များကို တိုက်ခိုက်ချေမှုန်းနိုင်စွမ်းရှိသည်။ Williams P8300-15 တာဘိုဖန်အင်ဂျင်ဖြင့် မောင်းနှင်ထားပြီး ဒုံးကျည်သည် ဆီစားသက်သာမှုနှင့် တိကျမှုကို ပေါင်းစပ်ထားသည်။ ၎င်း၏ နှစ်ဆင့်ကွဲထိပ်ဖူးဖြစ်သော MEPHISTO သည် ဖောက်ခွဲတိုက်ခိုက်ခြင်းမပြုမီ ဖုံးခိုကျင်းများနှင့် မြေအောက်ဘန်ကာလိုအခိုင်အမာအဆောက်အအုံများကို ဦးစွာထိုးဖောက်ဝင်ရောက်ရန်တီထွင်ထားပြီး မဟာဗျူဟာမြောက် အဆောက်အအုံများကို ပစ်မှတ်ထားတိုက်ခိုက်ရာတွင် အသုံးပြုနိုင်သည်။

Taurus ဒုံးကျည်ကို တောင်ကိုရီးယား၏ F-15K Slam Eagle တိုက်လေယာဉ်အုပ်တွင် တပ်ဖြန့်အသုံးပြုနိုင်ခြင်းဖြင့် ပဋိပက္ခဖြစ်ပွားချိန်တွင် မြောက်ကိုရီးယားတို့၏ ကွပ်ကဲမှုဌာနချုပ်များနှင့် နျူကလီးယားသို့မဟုတ် သမားရိုးကျဒုံးကျည်သိုလှောင်ရာနေရာများကို လျင်မြန်စွာတိုက်ခိုက်ချေမှုန်းနိုင်ရန် ရည်ရွယ်ထားသည့် မဟာဗျူဟာနှင့်လည်း ကိုက်ညီမှုရှိသည်။

တောင်ကိုရီးယားသည် တိုက်ခိုက်လာနိုင်မှုများအပေါ် ပြင်းထန်စွာလက်တုံ့ပြန်ရန် ကောင်းမွန်စွာပြင်ဆင်ထားပုံရပြီး တိကျသောတိုက်ခိုက်မှုများနှင့် ခံစစ်ဆင်နိုင်မှုများအတွက် လေကြောင်းစွမ်းအားပိုင်းကို မြှင့်တင်ထားပုံရှိသည်။ Taurus ဒုံးကျည်သည် မဟာဗျူဟာမြောက်အဆောက်အအုံများကို ပစ်မှတ်ထားနိုင်စွမ်းရှိပြီး မြောက်ကိုရီးယား၏ ခြိမ်းခြောက်မှုများမြင့်တက်လာချိန်တွင် တောင်ကိုရီးယားသည် အရေးကြီးနည်းပညာဆိုင်ရာ အားသာချက်ကို ပိုင်ဆိုင်ထားနိုင်ဖွယ်ရှိကြောင်း သိရသည်။

**South Korea Conducts Live Test of Taurus Missile Amid Rising Tensions with North Korea** ကို ဘာသာပြန်ဆိုထားပါသည်။

## အမေရိကန်က GMLRS နှင့် ATACMS ဒုံးကျည်များကို UAE သို့ ရောင်းချရန် အတည်ပြုခဲ့

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အဆင့်မြင့် Guided Multiple Launch Rocket Systems (GMLRS) ဒုံးကျည်များနှင့် Army Tactical Missile Systems (ATACMS) ဒုံးကျည်များအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ဘီလီယံ နိုင်ငံခြားစစ်ဘက်ရောင်းချမှုတစ်ရပ်ကို အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE နိုင်ငံ)သို့ ရောင်းချပေးနိုင်ရန် အတည်ပြုခဲ့သည်ဟု Army Recognition သတင်းဌာနက အောက်တိုဘာ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါရောင်းချမှုတွင် တိကျပဲ့ထိန်းဒုံးကျည်များနှင့် အုပ်ချုပ်ရေး၊ ထောက်ပံ့ပို့ဆောင်ရေးဝန်ဆောင်မှုများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ဤအတည်ပြုချက်သည် နှစ်နိုင်ငံကြား ကာကွယ်ရေးဆက်ဆံမှုကို မီးမောင်းထိုးပြနေပြီး အရှေ့အလယ်ပိုင်းဒေသရှိ မဟာဗျူဟာမြောက် မိတ်ဖက်များအတွက် အမေရိကန်၏ ဆက်လက်ပံ့ပိုးမှုကို ထင်ဟပ်စေလျက်ရှိသည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် GMLRS M31A1 Unitary Pods ၂၅၉ခု၊ ဒုံးကျည်စုစုပေါင်း ၁၅၅၄ စင်းနှင့် ATACMS M57 Unitary Missiles ဒုံးကျည် ၂၀၃ စင်းတို့ဝယ်ယူရန် တောင်းဆိုထားသည်။ ဤဒုံးကျည်စနစ်များသည် ယူအေအီးနိုင်ငံ၏ တာဝေးပစ်စွမ်းအားနှင့် တိကျသောတိုက်ခိုက်မှု စွမ်းရည်များကို သိသာစွာအဆင့်မြှင့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

GMLRS ဒုံးကျည်သည် ရန်သူ့တပ်များနှင့် ပစ္စည်းကိရိယာများကို တိကျစွာပစ်မှတ်ထားရန် ဒီဇိုင်းထုတ်ထားသည့် မြေပြင်မှ မြေပြင်ပစ်ဒုံးကျည်စနစ်မျိုးဖြစ်ကြောင်း သိရသည်။

ATACMS ဒုံးကျည်သည် အကွာအဝေး ကီလိုမီတာ ၃၀၀ အကွာမှ ပစ်မှတ်များကို ပစ်ခတ်နိုင်သည့် တာဝေးပစ် နည်းဗျူဟာမြောက် ဒုံးကျည်ဖြစ်သည်။ ဒုံးကျည်ဟုဆိုသော်လည်း အမြောက်လက်နက်စနစ်တွင် ပါဝင်ပြီး ရန်သူ့ခံစစ်စည်း၊ နောက်ပိုင်းဧရိယာများထိ တိုက်ခိုက်မှုများအတွက် ဒီဇိုင်းထုတ်ထားသည်။ ၎င်းသည် ကွပ်ကဲမှုဌာနချုပ်များ၊ လေယာဉ်ကွင်းများနှင့် ထောက်ပံ့ပို့ဆောင်ရေး ဗဟိုဌာနများကဲ့သို့သော တန်ဖိုးမြင့်ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည်။ တာဝေးစွမ်းရည်ဖြင့် အဖျက်စွမ်းအားပြင်းထိပ်ဖူးများ တပ်ဆင်ပစ်လွှတ်နိုင်စွမ်းရှိသောကြောင့် ATACMS ဒုံးကျည်သည် စစ်မြေပြင်တွင် ရန်သူ၏ စစ်ဆင်ရေးနှင့် အခြေခံအဆောက်အအုံများကို နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်ရန် အားသာချက်များပိုင်ဆိုင်ထားသည်။




အမေရိကန်သည် ခဲယမ်းများရောင်းချမည့်အပြင် ထောက်ပံ့ရေးဝန်ဆောင်မှုအမျိုးမျိုးပါဝင်ပြီး အာရပ်စော်ဘွားများပြည်ထောင်စု တပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်တန်းပေးရေးများထိ ပါဝင်သည်။ ထို့ပြင် ဆော့ဖ်ဝဲဖွံ့ဖြိုးတိုးတက်မှု၊ အမေရိကန်အစိုးရနှင့် ကန်ထရိုက်တာများ၏ အင်ဂျင်နီယာလုပ်ငန်းများ၊ နည်းပညာနှင့် ထောက်ပံ့ပို့ဆောင်ရေး အကူအညီများအတွက် ပံ့ပိုးကူညီမှုများလည်းပါဝင်သည်။ အာရပ်စော်ဘွားများ ပြည်ထောင်စု၏ ကာကွယ်ရေး အခြေခံအဆောက်အအုံအတွင်း အဆိုပါစနစ်များသည် ပေါင်းစည်းလုပ်ဆောင်ရန်နှင့် ကြံ့ခိုင်ထိန်းသိမ်းရန် အာမခံချက်ပေးနိုင်မည်ဖြစ်သည်။

အာရပ်စော်ဘွားများပြည်ထောင်စုသည် ဒေသတွင်းတွင် အဓိကကျသော အမေရိကန်မိတ်ဖက်အဖြစ် ကာလကြာရှည်စွာရပ်တည်ခဲ့ပြီး ယခုသဘောတူညီချက်သည် ခိုင်မာသောကာကွယ်ရေးဆိုင်ရာဆက်ဆံရေးကို ဖော်ညွှန်းပြသနေကြောင်း သိရသည်။

**US Approves $1.2 Billion Sale of GMLRS Rockets and ATACMS Missiles to UAE** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများကိုတွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်တိုင်းဒေသကြီးဝန်ကြီးများက တိုင်းဒေသကြီးအတွင်းရှိ အုပ်ချုပ်ရေး၊ စီးပွားရေး၊လူမှုရေးဆိုင်ရာကိစ္စရပ်များ၊နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများအတွက် ချေးငွေများထုတ်ချေးထားမှု၊ ပညာရေး၊ကျန်းမာရေး စသည့်ကဏ္ဍအလိုက် ဒေသဆိုင်ရာ အချက်အလက်များ၊နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များဖွဲ့စည်းထားရှိမှု၊လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ဌာနဆိုင်ရာအဖွဲ့ဝင်များနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိမှု၊ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးဆိုင်ရာတာဝန်ရှိသူများ၊ဌာနဆိုင်ရာတာဝန်ရှိသူများက အတူတကွဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့် အခြားဆောင်ရွက်နေမှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို စတင်ထမ်းဆောင်ခဲ့ရစဉ် ကပင် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များကို ချမှတ်ဆောင်ရွက်ခဲ့ပြီး အန္တိမရည်မှန်းချက်အနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကိုကျင်းပပြီး အနိုင်ရသည့်အစိုးရကို နိုင်ငံတော်၏အာဏာလွှဲပြောင်းပေးအပ်ရေးပင်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ရန်အတွက်လည်း ကြိုးပမ်းပြင်ဆင်လျက်ရှိပါကြောင်း၊ အဆိုပါရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးသည်အရေးကြီးမှု၊ နယ်မြေလုံခြုံရေးနှင့်ပတ်သက်၍ ပြီးပြည့်စုံသည့်လုံခြုံရေးဟူ၍မရှိသဖြင့် ပြည်သူလူထုအားလုံးပူးပေါင်းပါဝင်မှသာ လုံခြုံရေးသည်ပိုမိုခိုင်မာအားကောင်းနိုင်မည်ဖြစ်သည့် အခြေအနေ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ပစ္စည်းများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

များ၊ပြည်သူ့ဝန်ထမ်းများအနေဖြင့်လုံခြုံရေး အသိ၊လုံခြုံရေးသတိရှိစွာဖြင့် ပူးပေါင်းဆောင်ရွက်ပါက လုံခြုံရေးဆိုင်ရာကျိုးပေါက်မှုများကိုတားဆီးနိုင်မည်၊လျော့ကျစေနိုင်မည်ဖြစ်သည့်အခြေအနေများ။

ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းထားခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာရပ်ကွက်၊ကျေးရွာများအလိုက် စနစ်တကျဖွဲ့စည်းထားရန်၊ ပြည်သူအားလုံး ပါဝင်ပူးပေါင်းလာစေရေးအတွက်လည်း စည်းရုံးဆောင်ရွက်ရန်လိုအပ်သည့်အခြေအနေများ၊ ထို့ပြင် အဆိုပါအဖွဲ့ဝင်များအနေဖြင့် လုံခြုံရေးအသိအမြင်များအမြဲမပြတ်ရှိနေရန် လိုအပ်သည့်အခြေအနေများ၊အကြမ်းဖက်သမားများအနေဖြင့် မိမိတို့ရပ်ကွက်၊ ကျေးရွာများသို့ စိမ့်ဝင်ရောက်မှုမရှိစေရေး၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နိုင်မှု မရှိစေရေးတို့အတွက် သက်ဆိုင်ရာ ပြည်သူ့လုံခြုံရေးနှင့်အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့ဝင်များက ပြည်သူလူထုနှင့်အတူပူးပေါင်း၍လုံခြုံရေးအသိ၊လုံခြုံရေးသတိဖြင့်စောင့်ကြည့်နေရန် လိုအပ်သည့် **အပါအဝင်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့များ၊ စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရမည့်တာဝန်ရှိ အဖွဲ့အစည်းပုဂ္ဂိုလ်များအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးအထောက်အကူပြုနိုင်ရန်နှင့်နိုင်ငံ၏ပကတိအခြေအနေကိုရရှိရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း**၊ ရရှိသည့်အချက်အလက်များသည် ပြည်သူတစ်ဦးချင်းမှစ၍ နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် အကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်သည့်အတွက် ပြည်သူများမှလည်း ယခုထက်ပိုမိုပါဝင်ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်မှုအခြေအနေနှင့်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်စွာကောက်ယူနိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုပ်အားဒါနဖြင့် တာဝန်ယူကောက်ခံနေကြသည့် ဌာနဆိုင်ရာများမှတာဝန်ရှိပုဂ္ဂိုလ်များက သတ်မှတ်ကောက်ကွက်များအလိုက် အတတ်နိုင်ဆုံးပြည့်မီအောင် ကြိုးပမ်းကောက်ယူသွားကြရန်နှင့် စာရင်းကောက်ယူရာတွင် လိုအပ်သည့်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဝန်းသိုတပ်နယ်စားရိပ်သာတွင် စစ်သည်များ နေ့လယ်စာစားသုံးနေမှုကို ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဝန်းသိုတပ်နယ်ရှိ စားရိပ်သာတွင် ကြည့်ရှုစစ်ဆေးစဉ်။

အခြေအနေများ၊ ပြည်သူလူထုပူးပေါင်းပါဝင်မှသာလျှင် လုံခြုံရေးသည်ခိုင်မာအားကောင်းနိုင်မည်ဖြစ်ကြောင်းနှင့် မြို့နယ်များ၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့ဘဝလုံခြုံရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက မှန်မှန်ကန်ကန်ဖြင့် ကြပ်မတ်ဆောင်ရွက်နေရန် လိုအပ်သည့်အခြေအနေများ။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ အခြေခံလိုအပ်ချက်များကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများက အချိန်မီဖြည့်ဆည်းပံ့ပိုးပေးနိုင်ရေးစီမံဆောင်ရွက်ပေးရန်၊မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ပျက်စီးဆုံးရှုံးနိုင်သည့် သီးနှံများအတွက် အချိန်မီအစားထိုးပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည့် မျိုးကောင်းမျိုးသန့်များအပြင် အခြားလိုအပ်သည်များကိုလည်း စီမံဆောင်ရွက်ထားရန် လိုအပ်သည့်အခြေအနေများ၊ **သန်းခေါင်စာရင်းကောက်ယူခြင်းနှင့်** ပတ်သက်၍ စာရင်းကောက်ယူခြင်းမှ **ရရှိလာသည့်ရလဒ်များသည် နိုင်ငံအတွက်အရေးပါသည့် နိုင်ငံရေး၊စီးပွားရေး၊ပညာရေး၊ကျန်းမာရေး** အခြေခံအချက်အလက်များကို ပြည်သူများက ပြည့်စုံမှန်ကန်စွာဖြေကြားနိုင်ရေးအတွက် ရှင်းလင်းဆွေးနွေးပေးခြင်းဖြင့် အသိပညာ၊ ဗဟုသုတများမျှဝေပေးနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်သည့်အခြေအနေများနှင့် ပတ်သက်၍ပြောကြားပြီး အခြားလိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သန်းထိုက်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များကို သွားရောက်ကြည့်ရှု ဂုဏ်ပြုအားပေးစကားပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ထိခိုက်ဒဏ်ရာရရှိခဲ့မှု အခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများ၊ ရောဂါကုသပျောက်ကင်းသက်သာမှု အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းကာ အားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ထောက်ပံ့ပစ္စည်းများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် အဆိုပါဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အဖွဲ့ဝင်များသည် ဝန်းသိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် မိသားစုဝင်များကို သီးခြားစီသွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။(၅၀၁)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဝန်းသိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေများနှင့် မိသားစုဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။

**ရှေ့ဖုံးမှအဆက်**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးမှ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းပြည်ပမှ အသိသက်သေများ၊ ပြည်ထောင်စုတစ်ဝန်းလုံးရှိ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းတို့ဖြင့် ကောင်းကျိုးလိုရာများ ပြည့်ဝနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလျက် နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျာ။

NCA စတင်ချုပ်ဆိုချိန်ကတည်းက **“ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ ဤသဘောတူစာချုပ်ပါ အချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွပူးတွဲ အကောင်အထည်ဖော်ဆောင်ရွက်သွားရန် အပြန်အလှန်သန္နိဋ္ဌာန်ပြုကြသည်”** ဆိုတဲ့အချက်ကို စာချုပ်မှာပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများက အလေးထားမှတ်မိနေကြအုံးမယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်မိပါတယ်။

တစ်နိုင်ငံလုံး တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ဆီ လျှောက်လှမ်းကြမယ်ဆိုတဲ့ ရည်မှန်းချက်များနဲ့ ဖြစ်ပေါ်ခဲ့ရတဲ့ အနှောင့်အယှက်တွေကြားမှာ NCA ကို ကျွန်တော်တို့ ဘယ်လောက်အတိုင်းအတာအထိ အကောင်အထည်ဖော်နိုင်ခဲ့ကြလဲ၊ NCA လမ်းကြောင်း ဘယ်လောက်ခိုင်မာမှုရှိခဲ့ပြီလဲဆိုတာ အားလုံးအသိပဲဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) ဟာ သက်ဆိုင်ရာအဖွဲ့အသီးသီးမှ တာဝန်ရှိသူများရဲ့ တွေ့ဆုံမှုပေါင်းများစွာ၊ ညှိနှိုင်းဆွေးနွေးမှုများစွာကနေ အခြေတည်ဖြစ်ပေါ် လာခဲ့တဲ့ မြန်မာနိုင်ငံရဲ့ သမိုင်းဝင်စာချုပ်သစ်တစ်ခုပဲဖြစ်ပါတယ်။ နှစ်ဖက်သဘောတူညီမှုရရှိတဲ့အထိ အကျေအလည်ဆွေးနွေးခဲ့ရပါတယ်။ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန်နားလည်မှုအပြည့်နဲ့ လိုက်လျောမှုတွေ လုပ်ခဲ့ကြရပါတယ်။ ကျွန်တော့်အနေနဲ့ ဒီသဘောတူစာချုပ်ရေး ထိုးပြီးချိန်ကတည်းက စာချုပ်ပါကတိကဝတ်တွေကို လေးစားပြီး တိုင်းပြည်နဲ့လူမျိုးအကျိုးအတွက် ရပ်တည်ခဲ့ကြတဲ့ EAO များကို တွေ့ရှိခဲ့ရသလို အခွင့်အခါကိုစောင့်ပြီး အခြေအနေပေးရင်ပေးသလို ကတိကဝတ်တွေကိုချိုးဖောက်ပြီး ကိုယ်ကျိုးရှာ နိုင်ငံရေးအမြတ်ထုတ်နေတဲ့ EAO တွေ ပေါ်ပေါက်ခဲ့တာကိုလည်း တွေ့ရှိရပါတယ်။ NCA ကို လက်မှတ်ရေးထိုးရခြင်းရဲ့ ရည်ရွယ်ချက်ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးမှသည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး၊ တိုင်းရင်းသားများအရေးနဲ့ ဒီမိုကရေစီအရေးအတွက်ပဲဖြစ်ပါတယ်။ ဒီမိုကရေစီအရေးနဲ့ တိုင်းရင်းသားအရေးဆိုရာမှာ ကျွန်တော်တို့ဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အနေနဲ့ NCA စာချုပ်ဖြစ်ပေါ်လာပြီး သုံးနှစ်အကြာမှာပဲ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားတဲ့စိတ်နဲ့ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲတာတွေကို အကြိမ်ပေါင်းများစွာ ထုတ်ပြန်ကြေညာပြီး လိုက်လျောဆောင်ရွက်ပေးခဲ့တာကို အားလုံးသိရှိပြီးဖြစ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်တဲ့ မူဝါဒတွေကို ချမှတ်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းပြောကြားတာတွေ၊ လိုက်ပါဆောင်ရွက်တာတွေ ဆောင်ရွက်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးလမ်းစဉ်ဖြစ်တဲ့ တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ကြဖို့လည်း ဖိတ်ခေါ်မှုများကို ပြုလုပ်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ ပဋိပက္ခများဟာ နိုင်ငံရေးအမြင်မတူမှုများကနေ ပေါ်ပေါက်လာခြင်းဖြစ်တာကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းအရဖြေရှင်းကြဖို့ ဖိတ်ခေါ်မှုများ ပြုလုပ်လျက်ရှိပါတယ်။ အားလုံးက နိုင်ငံ့အကျိုးအတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းမှာ ပါဝင်လျှောက်လှမ်းကြဖို့ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ဒီမိုကရေစီလမ်းကြောင်းကိုလျှောက်တဲ့အခါ ပြည်သူတစ်ရပ်လုံးဟာ ဒီမိုကရေစီရဲ့အနှစ်သာရနဲ့ ဒီမိုကရေစီယဉ်ကျေးမှုတွေ မဖြစ်မနေခံစားနိုင်ဖို့လိုအပ်ပါတယ်။ ဒါပေမဲ့ ပြီးခဲ့တဲ့ ကျွန်တော်တို့နိုင်ငံ ဒီမိုကရေစီအစိုးရ အုပ်ချုပ်တဲ့ကာလများမှာ ပြည်သူလူထုအများစုဟာ ဒီမိုကရေစီအနှစ်သာရအပြင် ဒီမိုကရေစီယဉ်ကျေးမှုများနဲ့ အလှမ်းဝေးနေဆဲဖြစ်ခဲ့တာ တွေ့ရှိရပါတယ်။ ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေကနေရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။ မြန်မာနိုင်ငံရဲ့ ဒုတိယအကြိမ်မြောက် ဒီမိုကရေစီအစိုးရ သက်တမ်းကာလမှာ တစ်ခါတုန်းက မြန်မာ့သမိုင်းထဲကလို တိုင်းတစ်ပါးသားများအပေါ် ယုံကြည်ကိုးစားမှု လွန်ကဲခြင်းတွေကြောင့် တိုင်းပြည်ဘဏ္ဍာတွေဆုံးရှုံးခဲ့ရသလို မဖြစ်မနေထိန်းသိမ်းရမယ့် ပြည်တွင်းရေးလျှို့ဝှက်ချက်တွေကိုလည်း အလွယ်တကူပေါက်ကြားစေခဲ့ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခွင့်ရခဲ့ကြတဲ့ အစိုးရအာဏာပိုင်တွေကအစ ဒီမိုကရေစီကျင့်စဉ်ကို လွဲမှားစွာကျင့်သုံးခဲ့ကြပါတယ်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာလည်း အဲဒီအချိန်က အစိုးရရဲ့ မဲမသမာမှုလုပ်ရပ်များဟာ အလွန်အကျည်းတန်စွာ မြန်မာ့သမိုင်းစဉ်မှာ အမည်းစက်ကြီးအဖြစ် ကျန်ရစ်ခဲ့တာ အားလုံးသိပြီးဖြစ်ပါတယ်။

တပ်မတော်အနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူလူထုရဲ့ ရေရှည်အကျိုးကိုမျှော်ကိုးပြီး နိုင်ငံတော်အပေါ်ကျရောက်လာတဲ့ ဘေးအန္တရာယ်အရပ်ရပ်ကိုကာကွယ်ဖို့ သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် မှတ်ယူကြောင်း အလေးအနက်ပြောကြားလိုပါတယ်။ ၂၀၂၁ ခုနှစ်မှာ မမျှော်လင့်ဘဲဖြစ်ပေါ်ခဲ့ရတဲ့ မြန်မာ့နိုင်ငံရေးအပြောင်းအလဲဖြစ်စဉ်မှာ တချို့သော EAO များအနေနဲ့ NCA မှာ လက်မှတ်ရေးထိုးထားရှိခဲ့တဲ့ ကတိကဝတ်များကို ဖောက်ဖျက်ပြီး NUG၊ CRPH အမည်ခံ အကြမ်းဖက်အဖွဲ့တို့ကို တစ်ဖက်လှည့်နည်းနဲ့ ထောက်ခံအားပေးခဲ့ပါတယ်။ အဲဒီအကြမ်းဖက်အဖွဲ့များရဲ့ လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကိုလည်း ထောက်ပံ့မှုမျိုးစုံပေးပြီး အားပေးအားမြှောက်တွေ ပြုခဲ့ကြပါတယ်။ ဒါကြောင့်ပဲ နိုင်ငံတစ်ဝန်း တည်ငြိမ်အေးချမ်းမှုတွေ အားနည်းခဲ့ရပြီး ပြည်သူလူထုဟာလည်း အကြောက်တရားများနဲ့ ကျီးလန့်စာစားတဲ့ဘဝကို ရောက်ရှိခဲ့ကြရပါတယ်။

၂၀၂၃ ခုနှစ် အောက်တိုဘာလမှာ စတင်ခဲ့တဲ့ MNDAA၊ TNLA၊ AA အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့တွေရဲ့ လုပ်ဆောင်ချက်တွေကလည်း ပြည်သူများရဲ့ လူမှုစီးပွားအခြေအနေများကို ပိုမိုဆိုးရွားစေခဲ့ပါတယ်။ ဒီမတိုင်မီမှာလည်း KNPP၊ KNDF၊ PNLO၊ KIA နဲ့ KNU လက်နက်ကိုင်သောင်းကျန်းသူများဟာ နယ်မြေဒေသအသီးသီးမှာ အဖျက်အမှောင့်လုပ်ရပ်များစွာကို ဆောင်ရွက်ခဲ့ကြပါတယ်။ အကျိုးဆက်ကတော့ အပြစ်မဲ့ပြည်သူပေါင်းများစွာ ဆင်းရဲဒုက္ခရောက်ခဲ့ကြရပါတယ်။ အဲဒီလိုအကြမ်းဖက်မှုတွေရဲ့နောက်ကွယ်မှာ အမျိုးမျိုးသော ပံ့ပိုးမှုတွေ အဓိကပါဝင်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒါကို ကျွန်တော်တို့အစိုးရက မှန်ကန်စွာရှုမြင်ပြီး နိုင်ငံတော်ရဲ့အကျိုးစီးပွားကို မထိခိုက်အောင် ကာကွယ်နိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံတစ်ခုတိုးတက်စေဖို့အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ ကာကွယ်ရေးမောင်းနှင်အားများ ကောင်းမွန်နေဖို့လိုအပ်ပါတယ်။ နိုင်ငံရေးအရ အားကောင်းပြီး စီးပွားရေးနှင့် ကာကွယ်ရေးအပိုင်းမှာ အားနည်းနေလို့ မရပါဘူး။ နိုင်ငံရေးအားကောင်းဖို့အတွက် ဦးဆောင်ကြသူများက စနစ်တကျမှန်ကန်စွာဖြင့် ဦးဆောင်ပေးကြရမှာဖြစ်သလို နိုင်ငံသားအားလုံးကလည်း မိမိတို့နိုင်ငံအကျိုးအတွက် စည်းလုံးညီညွတ်မှုရှိကြဖို့လိုပါတယ်။ နိုင်ငံစီးပွားရေးကောင်းမွန်လာဖို့အတွက် နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍကနေ ကြိုးပမ်းဆောင်ရွက်ကြမှသာ တစ်ဦးချင်းကြွယ်ဝချမ်းသာခြင်းကနေ နိုင်ငံစီးပွားရေးကောင်းမွန်လာမှာဖြစ်ပါတယ်။ စီးပွားရေးအား ကောင်းမွန်မှသာ နိုင်ငံရဲ့ ကာကွယ်ရေးအားလည်း တိုးတက်ကောင်းမွန်နိုင်မှာဖြစ်ပါတယ်။ တပ်မတော်ကို စတင်ဖွဲ့စည်းစဉ်ကတည်းက ပြည်ပရန်ကာကွယ်ရေးအတွက်သာဖြစ်ပြီး ပြည်တွင်းလုံခြုံရေးအတွက် မဟုတ်ကြောင်း ပြောကြားလိုပါတယ်။ နိုင်ငံတော်ရဲ့ ပြည်တွင်းလုံခြုံရေးအခြေအနေအရ အစိုးရက တာဝန်ပေးအပ်မှသာ ပြည်တွင်းလုံခြုံရေးအတွက် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါတယ်။

မြန်မာ့တပ်မတော်အနေနဲ့ လွတ်လပ်ရေးရပြီးစ ဖဆပလအစိုးရခေတ်ကတည်းကနေ ဒီနေ့အချိန်အထိ ကာကွယ်ရေးနဲ့ ပြည်တွင်းလုံခြုံရေးကို တာဝန်ပေးချက်အရ ပူးတွဲဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ခေတ်အဆက်ဆက်မှာ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပေးအပ်လာတဲ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့တာကို သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို တပ်မတော်တစ်ခုတည်းမှာပဲ အပြည့်အဝတာဝန်ရှိတယ်လို့ မမှတ်ယူကြဘဲ ပြည်သူများရဲ့အားနဲ့ စစ်မှန်တဲ့ပူးပေါင်းပါဝင်မှုအားတို့လည်း လိုအပ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပထဝီအနေအထား၊ နိုင်ငံရေးအခြေအနေများအရ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို အထူးသတိကြီးစွာ ပြင်ဆင်ဆောင်ရွက်ဖို့လိုအပ်ပါတယ်။

ယနေ့ကာလမှာ အင်အားကြီးနိုင်ငံများရဲ့ အားပြိုင်မှုတွေ၊ အင်အားငယ်တဲ့နိုင်ငံများအပေါ် နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုတွေ၊ နိုင်ငံအချင်းချင်း ပိုင်နက်နယ်မြေအငြင်းပွားမှုတွေ၊ အကြမ်းဖက်တိုက်ခိုက်မှုတွေ၊ ပြည်တွင်းရေး မငြိမ်မသက်မှုတွေဟာ ကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပွားလျက်ရှိတာကို တွေ့ရပါတယ်။ ဒီလိုပြဿနာများနဲ့ ပဋိပက္ခများကို ဖြေရှင်းရာမှာ အချို့ဒေသများမှာဆိုရင် ပြည်တွင်းပဋိပက္ခကို ဒေသတွင်းပဋိပက္ခအခြေအနေအထိဖြစ်ပေါ်အောင် ဖန်တီးနေတာတွေ့ရပါတယ်။ ကမ္ဘာ့နိုင်ငံအများစုကလည်း နိုင်ငံအလိုက် အင်အားစုရရှိရေး ဒေသဆိုင်ရာအဖွဲ့အစည်းများဖွဲ့စည်းပြီး နိုင်ငံရေး၊ စီးပွားရေး စတဲ့ကဏ္ဍအစုံမှာ အဖွဲ့အစည်းအလိုက် ပူးပေါင်းဆောင်ရွက်လာကြပါတယ်။ ဒါပေမဲ့ နိုင်ငံတိုင်းကတော့ မိမိနိုင်ငံရဲ့ အကျိုးစီးပွားပေါ်မှာသာ ခိုင်ခိုင်မာမာရပ်တည်ပြီး ဦးစားပေးလုပ်ဆောင်နေတာကို သတိပြုမိကြဖို့လိုပါတယ်။ လတ်တလောဖြစ်ပွားခဲ့တဲ့ အိမ်နီးချင်းနိုင်ငံတွေ၊ ကမ္ဘာ့နိုင်ငံတွေရဲ့ ပြည်တွင်းရေးပဋိပက္ခနောက်ကွယ်တွေမှာ ဘယ်နိုင်ငံတွေက ဘယ်လိုပါဝင်ပတ်သက်ခဲ့ပြီး တစ်ကျော့ပြန် ခေတ်သစ်ကိုလိုနီနယ်ချဲ့မှုတွေ ဖန်တီးနေတယ်ဆိုတာကို ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး သတိထားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

> **ပြည်တွင်းတည်ငြိမ်အေးချမ်းဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ဆိုတာ တပ်မတော်တစ်ဖက်တည်းကနေပဲ လုံ့လစိုက်နေလို့မရပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ထားရှိပြီးသား ကတိကဝတ်တွေကို အလေးထားလိုက်နာ ပူးပေါင်းဆောင်ရွက်ကြမှသာ ကျွန်တော်တို့အားလုံးသွားချင်တဲ့ ပန်းတိုင်ကို လျင်မြန်စွာရောက်ရှိမှာဖြစ်...**
>
> **လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကို တောင်းဆိုလို့မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကို ရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းနဲ့သာ ပဋိပက္ခတွေကို ပြေလည်စေမှာဖြစ်...**

ကမ္ဘာ့အင်အားကြီးနိုင်ငံများအနေနဲ့ နိုင်ငံငယ်များအပေါ် ဩဇာလွှမ်းမိုးမှုရှိအောင်ဆောင်ရွက်ရာမှာ နိုင်ငံတိုးတက်စေဖို့အတွက် အဓိကကျတဲ့ စီးပွားရေးကဏ္ဍများကို ထိန်းချုပ်နိုင်ရေး ဆောင်ရွက်နေတာတွေ့ရှိရပါတယ်။ ပြည်တွင်းမှာ ပဋိပက္ခမျိုးစုံ၊ အကျပ်အတည်းမျိုးစုံတို့ကို ဖန်တီးပြီး စီးပွားရေးထိခိုက်အောင်၊ လိုသလိုခြယ်လှယ်နိုင်အောင် ဖန်တီးဆောင်ရွက်နေကြပါတယ်။ ဒီလိုအခြေအနေမျိုးမှာ နိုင်ငံငယ်များအနေဖြင့် မိမိနိုင်ငံအတွင်းမှာရှိတဲ့ သယံဇာတနဲ့ အရင်းအမြစ်များရဲ့ စွမ်းအားကိုအသုံးချပြီး ရင်ဆိုင်ကျော်လွှားနိုင်ဖို့ လိုအပ်ပါတယ်။ ကိုယ်ပိုင်အရင်းအမြစ် နည်းပါးတာနဲ့အမျှ စီးပွားရေးထိခိုက်ပြီး အခြားကဏ္ဍအစုံမှာပါ အားနည်းလာမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ စိုက်ပျိုးမွေးမြူရေးကဏ္ဍ တိုးတက်ဖို့အတွက် အရင်းအမြစ်ကောင်းများ ရှိထားပါတယ်။ ကမ္ဘာပေါ်မှာ ကြုံတွေ့လာနေတဲ့ စားနပ်ရိက္ခာလုံခြုံရေးကို ပံ့ပိုးပေးနိုင်သော နိုင်ငံတစ်ခုအဖြစ် အသိအမှတ်ပြုခံထားရပြီးဖြစ်ပါတယ်။ ဒ့ါအပြင် ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ အခြားသော ကြေးနီ၊ သံ၊ ခဲမဖြူ စတဲ့သတ္တုပစ္စည်းများလည်း ထွက်ရှိနေတာကြောင့် ကျွန်တော်တို့အနေနဲ့ ဒီလိုနိုင်ငံတော်ရဲ့ သယံဇာတများနဲ့ စိုက်ပျိုးမွေးမြူရေး အခြေခံကောင်းများကိုအသုံးချပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ဖို့သာ လိုအပ်ပါတယ်။ စီးပွားရေးထိခိုက်အောင် ဆောင်ရွက်နေမှုများကိုလည်း ကျော်လွှားကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ကာလမှာဖြစ်ပွားခဲ့တဲ့ ကိုဗစ်–၁၉ ကပ်ရောဂါနဲ့အတူ စီးပွားရေးထိခိုက်မှုတွေက မလွှဲမရှောင်သာ ကပ်ပါလာခဲ့ပါတယ်။ ကိုဗစ်အလွန်ကာလဖြစ်ပွားခဲ့တဲ့ ကမ္ဘာ့နိုင်ငံရေး ပွတ်တိုက်မှုဖြစ်စဉ်တွေကြောင့် စွမ်းအင်လောင်စာပြဿနာတွေ ပေါ်ပေါက်ခဲ့ပြီး အခုဆိုရင်လည်း တချို့နိုင်ငံတွေမှာ နိုင်ငံရေးမတည်ငြိမ်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ နိုင်ငံရေးမတည်ငြိမ်မှုတွေရဲ့ အဆုံးသတ်မှာ စီးပွားရေးအကျပ်အတည်းဖြစ်စေမှုဆီ ဦးတည်လေ့ရှိတာကြောင့် ပြည်ပနယ်ချဲ့အင်အားကြီးနိုင်ငံတွေဟာ ကြိုတင်ဖန်တီးပြီး သူတို့အကျိုးကို ဖန်တီးနေကြခြင်းပဲဖြစ်ပါတယ်။ ဒ့ါကြောင့် ပြည်ပအမှီအခိုကင်းပြီး ကိုယ့်အားကိုယ်ကိုးနိုင်တဲ့ လူသားအရင်းအမြစ်တွေ ပိုင်ဆိုင်လာအောင် ကြိုးစားနိုင်မှသာ ကိုယ့်နိုင်ငံကိုယ့်သယံဇာတတွေနဲ့ ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်မှာဖြစ်ပါတယ်။ အဲဒီလို အနာဂတ်နိုင်ငံတော်ကြီးပေါ်ပေါက်စေဖို့ မတူကွဲပြားမှုတွေကို ငြိမ်းချမ်းရေးစားပွဲဝိုင်းတွေမှာ စုပေါင်းအဖြေရှာမယ်၊ ညှိနှိုင်းဆွေးနွေးကြမယ်ဆိုပြီး NCA စာချုပ်ကြီး ဖြစ်မြောက်

**စာမျက်နှာ ၁၉ သို့**

## သန်းခေါင်စာရင်း အကောက်မခံရသေးသော ပြည်သူများကို ပြန်လည်ကောက်ခံပေးသွားမည်

❖ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူခဲ့ပါသည်။

❖ အကြောင်းအမျိုးမျိုးကြောင့် သန်းခေါင်စာရင်းအကောက်မခံရသေးသော ပြည်သူများအနေဖြင့် သန်းခေါင်စာရင်းပြန်လည်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီနှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီထံသို့ ဆက်သွယ်နိုင်ပါကြောင်းနှင့် ဆက်သွယ်လာသည့် ပြည်သူများကို ပြန်လည်စာရင်းကောက်ယူပေးသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

❖ ဖုန်းနံပါတ်– ဝ၆၇ – ၄၃၁ဝ၆၂၊ ဝ၆၇ – ၄၃၁၃၅၉၊ ဝ၆၇ – ၄၃၁ဝ၆၇၊ ဝ၆၇ – ၄၃၁၃၃၉ သို့လည်း ဆက်သွယ်မေးမြန်းအကြောင်းကြားနိုင်ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်


**စာမျက်နှာ ၁၈ မှအဆက်**

ပေါ်ပေါက်လာအောင်ကြိုးစားခဲ့ကြလို့ အခုလိုငြိမ်းချမ်းရေးလမ်းကြောင်းပေါ်ကို ရောက်ရှိခဲ့ရခြင်းဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ပြည်တွင်းပြည်ပ အတိုက်အခိုက် အဖျက်အမှောင့်တွေကြားကပဲ နိမ့်ကျနေတဲ့စီးပွားရေးကို ပြန်လည်မြင့်တက်လာအောင်နဲ့ အခြားသော ပညာရေး၊ ကျန်းမာရေးနဲ့ လယ်ယာကုန်ထုတ်လုပ်ငန်းများကို ကဏ္ဍအသီးသီး တိုးတက်မှုရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံ့တာဝန်ကို စတင်ယူခဲ့ချိန်ကတည်းက ရှေ့လုပ်ငန်းစဉ်များကို ချမှတ်ခဲ့ပါတယ်။ ငြိမ်းချမ်းရေးနဲ့ပတ်သက်ရင်လည်း NCA လမ်းကြောင်းအတိုင်း သွားမှာဖြစ်ပြီး NCA သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်သွားမယ်ဆိုတာကို အတိအလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ တာဝန်ယူချိန်ကတည်းက အခက်အခဲများစွာကြားကပဲ ဦးစားပေးလုပ်ဆောင်ရမယ့်တာဝန်တွေကို အဆင့်လိုက်ချမှတ်ပြီး အကောင်အထည်ဖော်ခဲ့ပါတယ်။ ယနေ့မှာဆိုရင် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူတဲ့အဆင့်ကို ရောက်ရှိနေပြီဖြစ်ပါတယ်။ သန်းခေါင်စာရင်းကောက်ယူပြီး ကျွန်တော်တို့ အာမခံထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ရဲ့ နောက်ဆုံးအချက်ဖြစ်တဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးနိုင်ဖို့ စီမံဆောင်ရွက်လျက်ရှိပါတယ်။ ရွေးကောက်ပွဲမှာ ပါတီစုံပါဝင်နိုင်ရေးကို အလေးထားဆောင်ရွက်နေပြီး နယ်မြေဒေသအလိုက် ရွေးကောက်ပွဲကျင်းပနိုင်တဲ့ လုံခြုံရေးအခြေအနေရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရွေးကောက်ပွဲကာလများမှာ ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေများကိုတွက်ဆပြီး လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်သလို သက်ဆိုင်ရာ EAO များကလည်း ပူးပေါင်းပါဝင်ပေးကြဖို့ ပြောကြားလိုပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ ချမှတ်ထားတဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါအတိုင်း ကဏ္ဍအလိုက် ဟန်ချက်ညီ ရှေ့ဆက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တည်ငြိမ်အေးချမ်းမှုရှိမှသာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ မှန်ကန်တဲ့ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်တွေကို အလျင်အမြန်အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဟာ နိုင်ငံရေးရည်မှန်းချက်(၂)ရပ်နဲ့ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်တို့ကို အထူးအလေးထားပြီး အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်နိုင်မှာဖြစ်ပါတယ်။ **ပြည်တွင်းတည်ငြိမ်အေးချမ်းဖို့၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိဖို့ဆိုတာ တပ်မတော်တစ်ဖက်တည်းကနေပဲ လှုံ့လစိုက်နေလို့မရပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးဟာ NCA ရဲ့ အနှစ်သာရတွေကို သိရှိနားလည်ပြီး နိုင်ငံတော်အတွက်ဆိုတဲ့ အသိတရားနဲ့ ထားရှိပြီးသား ကတိကဝတ်တွေကို အလေးထားလိုက်နာပူးပေါင်းဆောင်ရွက်ကြမှသာ ကျွန်တော်တို့အားလုံးသွားချင်တဲ့ ပန်းတိုင်ကို လျင်မြန်စွာရောက်ရှိမှာဖြစ်**ပါတယ်။

မလိုလားအပ်တဲ့ လက်နက်ကိုင်လမ်းစဉ်တွေကြောင့် နိုင်ငံတစ်ဝန်းဆူပူအကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့ရပါတယ်။ အပြစ်မဲ့ပြည်သူများ၊ ကလေးသူငယ်များနဲ့ ရဟန်းသံဃာများပါမကျန် သေဆုံးခဲ့ကြရတာတွေဟာ တိုင်းပြည်ရဲ့နစ်နာမှုတွေပဲဖြစ်ပါတယ်။ ကိုယ့်နိုင်ငံကို သစ္စာမဲ့၊ အသိဉာဏ်အားနည်းတဲ့ ကိုယ့်နိုင်ငံသားများကသာ ပြည်ပကမြှောက်ထိုးပံ့ပိုးမှုများနဲ့ ဖျက်ဆီးနေခြင်းဖြစ်ပါတယ်။ ဒီလိုပြည်ပ ပယောဂတွေလွှမ်းမိုးနေတဲ့ အကြမ်းဖက်မှုတွေလျော့ပါးစေဖို့ တိုင်းပြည်ကာကွယ်ရေးစွမ်းအားတွေ တောင့်တင်းခိုင်မာစေဖို့အတွက် ကျွန်တော့်အနေနဲ့ ၂၀၁၀ ပြည့်နှစ်ကတည်းက ပြဋ္ဌာန်းထားခဲ့တဲ့ ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး နိုင်ငံတော်လုံခြုံရေးကဏ္ဍကို တိုးမြှင့်နိုင်အောင် ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ပြည်သူများအားလုံးပါဝင်တဲ့ ပြည်သူ့လုံခြုံရေးစနစ်အတွက်လည်း ဖွဲ့စည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒီလိုတွေဆောင်ရွက်ပေးနိုင်ခဲ့တာကြောင့် ပြည်သူအားလုံးဟာ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် ကိုယ်စီကိုယ်စီ တာဝန်ရှိကြတယ်ဆိုတဲ့ အသိခံယူချက်ကို ရရှိစေမှာဖြစ်ပါတယ်။

အကြမ်းဖက်သောင်းကျန်းသူများရဲ့ ခေတ်အဆက်ဆက် လက်နက်ကိုင်တိုက်ခိုက်မှုများဟာ နိုင်ငံရေးကိုအကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်တွေကို လုပ်ဆောင်နေကြခြင်းသာဖြစ်ပါတယ်။ သူတို့အနေနဲ့ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်မှာ လျှောက်လှမ်းပြီး ပြည်ထောင်စုကြီးကို အတူတကွတည်ဆောက်ဖို့ထက် တစ်သီးတခြားရပ်တည်လိုစိတ်ကိုသာ ရှေ့တန်းတင်လာကြတာကို တွေ့ရှိရပါတယ်။ လူငယ်လူရွယ်တွေကို မူးယစ်ဆေးဝါးတွေနဲ့ သိမ်းသွင်းမြူဆွယ်ပြီး စစ်ပွဲထဲအတင်းအဓမ္မရောက်ရှိစေခဲ့ကြပါတယ်။ အပြစ်မဲ့ပြည်သူတွေရဲ့ အသက်တွေသာမက လမ်းတံတားအဆောက်အအုံတွေ၊ ဆေးရုံနဲ့ စာသင်ကျောင်းတွေ၊ ဘာသာရေးအဆောက်အအုံတွေပါမကျန် ဖျက်ဆီးခဲ့ကြတာကို အားလုံးသိရှိကြပြီးဖြစ်ပါတယ်။ အဲဒီလို မင်းမဲ့စရိုက်ဆန်တဲ့ ပြုမူမှုတွေကြောင့် ပြည်သူလူထုအနေနဲ့ အကြမ်းဖက်လုပ်ရပ်တွေအပေါ် ရွံရှာမုန်းတီးနေပြီး တပ်မတော်နဲ့အတူ အကြမ်းဖက်နှိမ်နင်းရေးလုပ်ငန်းတွေအပေါ်မှာ တက်ကြွစွာပူးပေါင်းပါဝင်လာခဲ့ကြပါတယ်။ ဆက်လက်ပြီးတော့လည်း တပ်မတော်အနေနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို နှိမ်နင်းဖို့လိုအပ်တဲ့ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်တာတွေကို ထပ်မံဆောင်ရွက်မှာဖြစ်တာကြောင့် ပြည်သူများအနေနဲ့ အကြမ်းဖက်သမားတွေရဲ့ အသုံးချမှုမခံရအောင် သတိပြုကြဖို့ကိုလည်း ကျွန်တော့်အနေနဲ့ ထပ်မံအသိပေး ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

ကျွန်တော်တို့ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိစေဖို့အတွက် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနဲ့ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်လျက်ရှိပါတယ်။ အဲဒီလို တွေ့ဆုံမှုတွေကနေရရှိလာတဲ့ သဘောထားမှတ်ချက်တွေကို UNION ACCORD အဖြစ်မှတ်တမ်းတင်ထားရှိခဲ့ပါတယ်။ NCA ကနေတစ်ဆင့် လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပပျောက်သွားမှသာ ကျွန်တော်တို့ မျှော်မှန်းထားတဲ့ ပန်းတိုင်ကို အရောက်သွားနိုင်မှာဖြစ်ပါတယ်။ အားလုံးအတူတကွ မြန်မာဆိုတဲ့စိတ်နဲ့ ရှေ့ဆက်ကြဖို့ပဲလိုပါတယ်။ ဒီလိုမဟုတ်ဘဲ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်တွေကို အားပေးထောက်ခံပြီး မိမိတို့နိုင်ငံသားချင်း သွေးမြေကျအောင် ကြံစည်ဆောင်ရွက်နေတဲ့ ပြည်ပနိုင်ငံတွေရဲ့ သွေးထိုးမြှောက်ပင့်မှုတွေအပေါ် ယုံစားနေကြအုံးမယ်ဆိုရင် ကျွန်တော်တို့သွားလိုတဲ့ အနာဂတ်နိုင်ငံတော်ခရီးဟာ အလှမ်းဝေးနေအုံးမှာပဲဖြစ်ပါတယ်။

ဒီနေ့ ကျွန်တော်တို့နိုင်ငံမှာဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်ဟာ ပထဝီနိုင်ငံရေးအရ အင်အားကြီးနိုင်ငံများရဲ့ ဩဇာလွှမ်းမိုးချုပ်ကိုင်လိုတဲ့အတွက် ပြည်တွင်းမတည်မငြိမ်ဖြစ်အောင် ဖန်တီးပံ့ဖော်နေခြင်းသာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွင်းမှာရှိတဲ့ မတူကွဲပြားတဲ့ လူမျိုးစုများအကြား စည်းလုံးမှုမရှိအောင် နည်းလမ်းအမျိုးမျိုးနဲ့ သွေးခွဲမှုတွေလုပ်ဆောင်နေတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ကာကွယ်ရေးစွမ်းအား လျော့ပါးလာအောင် နိုင်ငံရေးအရရော စီးပွားရေးအရပါ မတည်မငြိမ်ဖြစ်အောင် ဖန်တီးနေတာတွေ့ရပါတယ်။ ကျွန်တော့်အနေနဲ့ ပြောကြားလိုတာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးအားလုံးဟာ ရေးနှစ်ပေါင်းများစွာကတည်းက အေးအတူပူအမျှ တစ်မြေတည်းနေ တစ်ရေတည်းသောက်ခဲ့ကြတဲ့ ညီအစ်ကိုအရင်းတွေဖြစ်ပါတယ်။ ခေတ်အဆက်ဆက် ကြုံတွေ့လာရတဲ့ အခက်အခဲ၊ အကျပ်အတည်းတွေကို လက်ချင်းချိတ်ပြီး ရင်ဆိုင်ဖြေရှင်းခဲ့ကြတဲ့သူများဖြစ်ပါတယ်။ ဒီနေ့အချိန်မှာ အင်အားကြီးနိုင်ငံများရဲ့ အကျိုးစီးပွားအတွက် မိမိတို့နေထိုင်ရာဒေသကို ပြန်ဖျက်ဆီးနေမယ့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ နိုင်ငံတော်ရဲ့အကျိုးအတွက် အားလုံးက အရှည်ကိုမြော်တွေးပြီး ပူးပေါင်းဆောင်ရွက်ကြဖို့လိုပါတယ်။ ကျွန်တော်တို့အချင်းချင်းသွေးကွဲပြီး ရန်စောင်နေကြမယ်ဆိုရင် နိုင်ငံတော်ရဲ့ စွမ်းအားတွေ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရတဲ့ လူမျိုးတွေအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ ဒီနေ့အချိန်အခါမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေနဲ့ တပ်မတော်က ဆောင်ရွက်နေတဲ့ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးလုပ်ငန်းစဉ်များမှာ ဝိုင်းဝန်းပူးပေါင်းပါဝင်ပြီး မိမိတို့ရဲ့လိုလားချက်များကို တွေ့ဆုံဆွေးနွေးမှုများကနေ ညှိနှိုင်းကြဖို့၊ တောင်းဆိုကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများခင်ဗျား–**

နိဂုံးချုပ်အနေနဲ့ပြောရရင် **လက်နက်ကိုင်အကြမ်းဖက်နည်းနဲ့ မိမိတို့လိုလားချက်ကို တောင်းဆိုလို့မရဘဲ နိုင်ငံရေးစားပွဲဝိုင်းကိုရောက်လာပြီး ငြိမ်းချမ်းစွာဖြေရှင်းခြင်းနည်းနဲ့သာ ပဋိပက္ခတွေကို ပြေလည်စေမှာဖြစ်**ပါတယ်။ ကျွန်တော့်အနေနဲ့ လက်နက်ကိုင်အကြမ်းဖက် တောင်းဆိုမှုတွေအပေါ် လိုက်လျောဖြေရှင်းပေးသွားမှာမဟုတ်ဘူးဆိုတာ ပြောကြားလိုပါတယ်။ ကျွန်တော်တို့ အစိုးရအနေနဲ့ **“ရှေ့သို့ချီမည် ပန်းတိုင်ဆီ”** ဆိုတဲ့ ဆောင်ပုဒ်အတိုင်း ကျွန်တော်တို့အားလုံး **“မြန်မာ”**ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ရှေ့ကိုချီတက်ကြတဲ့နေရာမှာ NCA ကို လေးစားလိုက်နာပြီး ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့နေရာမှာလည်း ထာဝရ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားတဲ့စိတ်နဲ့ အချင်းချင်းပွင့်လင်း မြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနဲ့ ချမှတ်ထားပြီးသား ကတိကဝတ်များကို လိုက်နာစောင့်ထိန်းသွားကြဖို့လိုပါတယ်။ သန်းခေါင်စာရင်းကောက်ယူပြီးဖြစ်ပေါ်လာမယ့် ရွေးကောက်ပွဲဆိုင်ရာ အကြိုလုပ်ငန်းစဉ်ကဏ္ဍများမှာ EAO များရော တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကပါ လုံခြုံရေးအသိ၊ လုံခြုံရေးအမြင်များထားရှိပြီး ကိုယ်စီကိုယ်စီ တစ်တပ်တစ်အားပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့နဲ့ နိုင်ငံ့သားကောင်းစိတ်ဓာတ်တို့ကို ပြသကြဖို့ တိုက်တွန်းလိုပါတယ်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ဆောင်ရွက်နေကြတဲ့ အကြမ်းဖက်သမားများ အလုံးစုံချုပ်ငြိမ်း အဆုံးသတ်သွားနိုင်ရေးအတွက် အစိုးရနှင့်အတူ လက်တွဲဆောင်ရွက်သွားကြပါလို့ တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ပေးပို့၍ မိန့်ခွန်းပြောကြားသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် - ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့မှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များနှင့် ဗဟိုကော်မတီဝင်များ၊ နိုင်ငံရေးပါတီများ အစုအဖွဲ့၏အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Video Message ဖြင့် အဖွင့်မိန့်ခွန်းပြောကြားသည်။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အဖွင့်မိန့်ခွန်းကို စာမျက်နှာ(၁)တွင် သီးခြားဖော်ပြထားပါသည်။)**

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က NCA (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အမှာစကားပြောကြားသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုး နိုင်ငံရေးဆွေးနွေးဆောင်ရွက်ခဲ့မှုနှင့်နှစ်ပတ်လည်နေ့ ကျင်းပဆောင်ရွက်ခဲ့မှုများကို Video Clip ဖြင့် အကျဉ်းချုံးရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသူများနှင့် NCAလက်မှတ်ရေးထိုးပွဲ၌ ပါဝင်ခဲ့ကြသော အသိသက်သေများဖြစ်ကြသည့် UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး(အငြိမ်းစား) ဦးအောင်မင်း၊ UPWC ဒုတိယဥက္ကဋ္ဌနှင့် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးသိန်းဇော်၊ NCA တွင် ပါဝင်ခဲ့သူများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီး မြင့်စိုး(အငြိမ်းစား)၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ဦးဇိုဇမ်နှင့် ဦးကိုကိုကြီး၊ JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးစိုင်းမျိုးသန့်၊ JMC-U အဖွဲ့ဝင် ဦးပြည့်စုံနှင့် CPR မှ ဦးလှမောင်ရွှေတို့က NCA အထိမ်းအမှတ် အမှတ်တရစကားများ ပြောကြားကြသည်။

ယင်းနောက် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများဖြစ်ကြသည့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော်(DKBA)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး(LDU)၊ မွန်ပြည်သစ်ပါတီ(NMSP)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)တို့မှ ခေါင်းဆောင်များက NCA အထိမ်းအမှတ် အမှတ်တရစကားများ ပြောကြားကြသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုး နိုင်ငံရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ NCA စာချုပ်လက်မှတ်ရေးထိုးခဲ့စဉ်က ကိုယ်တိုင်ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသောပုဂ္ဂိုလ်များ၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ထဲထဲဝင်ဝင်ပံ့ပိုးကူညီပေးခဲ့ကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခေါင်းဆောင်များကို NCA(၄)နှစ်မြောက် နှစ်ပတ်လည်နေ့ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။



**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA) (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာကြသူများ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**

အလုပ်ရုံဆွေးနွေးပွဲတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က အလုပ်ရုံဆွေးနွေးပွဲ၏ရည်ရွယ်ချက်နှင့် အစီအစဉ်ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေ့လာဆန်းစစ်ပြုစုတင်ပြရေးအဖွဲ့လေးဖွဲ့က ပြုစုထားသော စာတမ်းလေးစောင်ဖြစ်သည့် **"ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လက်ရှိနိုင်ငံရေးအခင်းအကျင်းနှင့် လိုက်လျောညီထွေဖြစ်မည့် ရွေးကောက်ပွဲစနစ်ကျင့်သုံးအကောင်အထည်ဖော်နိုင်ရေး"၊ "ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြား အာဏာခွဲဝေကျင့်သုံးမှုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ရွေးချယ်ခန့်ထားခြင်း"၊ "ပြည်ထောင်စုစနစ်ခိုင်မာစေရေးနှင့် တိုင်းရင်းသားရေးရာဆိုင်ရာများ"** နှင့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ရွေးကောက်ပွဲနှင့် နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍ"**တို့အား အကျဉ်းချုပ်ဆွေးနွေးတင်ပြသည်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် NCA (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အမှာစကားပြောကြားစဉ်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့ကြသူများ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့မှ ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားထားသည့် ဧည့်သည်တော်များက **"အနာဂတ်မြန်မာနိုင်ငံတော်ကို ပုံဖော်ခြင်း"**ခေါင်းစဉ်ဖြင့် လက်ရှိနိုင်ငံရေးအခြေအနေနှင့်ရွေးကောက်ပွဲကျင်းပရေး၊ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် အခြေခိုင်မာရေး၊ လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရှိန်အဟုန်ဖြင့် ဆက်လက်ဖော်ဆောင်နိုင်မည့် လမ်းကြောင်းများကို ဖော်ထုတ်နိုင်ရေး၊ နိုင်ငံတော်တည်ဆောက်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်နှင့် နည်းလမ်းများ စသည်တို့နှင့်ပတ်သက်ပြီး သဘောထားအမြင်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က ဆွေးနွေးချက်များက ရရှိလာသည့် သဘောထားများကို စုစည်းကောက်နုတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဆွေးနွေးပွဲတက်ရောက်လာကြသူများ၏ ပါဝင်ဆွေးနွေးပြောကြားချက်များအပေါ် ကျေးဇူးတင်စကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို ၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲကို ကြည့်ရှုအားပေး





**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးသည် ယနေ့ညပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင်များ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် သဘင်ကိုချစ်မြတ်နိုးကြသည့် ပြည်သူများ တက်ရောက်အားပေးကြသည်။

ဦးစွာ မကွေးတိုင်းဒေသကြီး ကိုယ်စားပြု "ဖန်ခါးမြေ" ဇာတ်တော်ကြီးအဖွဲ့က မူရင်းမဟာဇနက ဇာတ်တော်ကြီး တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဇာတ်စာ၊ ဇာတ်စကား၊ ဆိုင်ိုပြော ပညာရပ်များနှင့် ပေါင်းစပ်၍ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

"မဟာဇနက" ဇာတ်တော်ကြီး ပြိုင်ပွဲကို တင်ဆက်ရာတွင် ဝီရိယ၏စွမ်းအားသည် အထွတ်အထိပ်သို့ ရောက်တတ်စေခြင်း၊ သစ္စာတန်ခိုးသည် သက်မဲ့များကိုပင် ထက်မြက်စေခြင်း၊ သီလစောင့်ထိန်းမှုသည် ဆာလောင်မှုကို သည်းခံနိုင်ခြင်း၊ သူတော်ကောင်းများနှင့်ဆုံတွေ့ကာ စောင့်ရှောက်မှုခံရနိုင်ခြင်း၊ ဉာဏ်ပညာသည် ဘုန်းတန်ခိုးကို ပိုမိုထက်မြက်စေခြင်း၊ ကာယစွမ်းအားသည်လည်း လူအများအားထားမှုခံရခြင်း၊ မိန်းမမြတ်များသည် မိဂုဏ်ဘဂုဏ် အမျိုးဂုဏ်စောင့်အပ်ခြင်း၊ ယုံမှားသံသယသည် ကောင်းကျိုးပျက်၍ အဆိုးဘက်ရောက်အပ်ခြင်း၊ နိက္ခမပါရမီထူးကြောင့် ခုနစ်ရက်အတွင်း အဘိညာဉ်ကိုရကာ သန္တိသုခရရှိခြင်း စသည့်အနှစ်သာရ များကိုခံစားရရှိနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ယှဉ်ပြိုင်ကပြခြင်းဖြစ်ကြောင်း။

၂၀၂၄ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ "မဟာဇနက" ဇာတ်တော်ကြီးပြိုင်ပွဲကို အောက်တိုဘာ ၁၄ ရက်က ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာရောဇာတ်တော်ကြီးအဖွဲ့ကလည်းကောင်း၊ ယနေ့တွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြု ဖန်ခါးမြေဇာတ်တော်ကြီး အဖွဲ့ကလည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အောက်တိုဘာ ၁၆ ရက်မှ ၂၀ ရက်ထိ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ သက်ဆိုင်ရာ ကိုယ်စားပြုဇာတ်တော်ကြီးအဖွဲ့များက သတ်မှတ်ရက်များအလိုက် ဆက်လက် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေး





**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီးသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂)၌ ကျင်းပသည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ယှဉ်ပြိုင်နေမှုကို တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများနှင့် အနုပညာကို ချစ်မြတ်နိုးကြသူများ တက်ရောက်အားပေးကြသည်။

ဦးစွာ Plenary Hall ၌ ကျင်းပသည့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးအကပြိုင်ပွဲသို့ တက်ရောက်ပြီး ပြိုင်ပွဲဝင်များက ခေါင်း၊ ခါး၊ ခြေ၊ လက် အချိုးအဆစ် ညီညာစွာ အသုံးပြု၍ ငြိမ့်ညောင်းသည့် ကကြိုးကကွက်များဖြင့် မြိုင်မြိုင်ဆိုင်ဆိုင် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် Signing Room ၌ ကျင်းပသည့်"မဟာဂီတ"တေးသီချင်း အဆိုပြိုင်ပွဲ၌ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပြိုင်ပွဲဝင်များက "ပန်းတသင်းသင်း" (ပတ်ပျိုး) သီချင်းဖြင့် သီဆိုယှဉ်ပြိုင်နေမှုကို လည်းကောင်း၊ News Briefing Room ၌ ကျင်းပသည့် စန္ဒရားအတီးပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား ပြိုင်ပွဲဝင်များက "သောင်းသောင်းညံ" (ယိုးဒယား)သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်နေမှုကို လည်းကောင်း ကြည့်ရှုအားပေးပြီး ပြိုင်ပွဲအဆင့်အလိုက် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု သုခုမအမွေအနှစ်များကို ဖော်ထုတ်နိုင်ရန်နှင့် လူငယ်မျိုးဆက်သစ်များကို နိုင်ငံနှင့်လူမျိုး၊ အမျိုးသားယဉ်ကျေးမှုတို့၏ ဂုဏ်သိက္ခာကို အလေးထား၊ တန်ဖိုးထား ထိန်းသိမ်းရန်အတွက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ပြိုင်ပွဲ အမျိုးအစားများအလိုက် သတ်မှတ်ထားသည့် နေရာအသီးသီးတွင် ခမ်းနားထည်ဝါစွာ ကျင်းပလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များက အနုပညာရသပေါ်လွင်စွာဖြင့် ယှဉ်ပြိုင်လျက်ရှိကြသည့်အပြင် အနုသုခုမပညာရပ်ကို စိတ်ပါဝင်စားကြသည့် ဝါသနာရှင်များကလည်း လာရောက်ကြည့်ရှုအားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

# ပညာမြင့်မှ လူမျိုးတင့်မည်

ပြည်စိုးညိမ်း



"ပညာမြင့်မှ လူမျိုးတင့်မည်" ဟူသောဆောင်ပုဒ်သည် အဓိပ္ပာယ်ပြည့်ဝမှုများနှင့် အလွန်လေးနက်မှန်ကန်သောဆောင်ပုဒ်ပင်ဖြစ်ပါ၏။ အခြားနိုင်ငံတွေမှာ ပညာ၏အရေးပါမှုနှင့်ပတ်သက်၍ မည်သို့ဆောင်ပုဒ်များချမှတ်ထားသည်ကို မသိရသော်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ခဏတာရောက်ခဲ့စဉ် မြေအောက်ရထားစီးရင်း စာအုပ်နဲ့မျက်နှာ ထိလုမတတ် စာဖတ်သူတွေကို စာရေးသူတွေ့ခဲ့ဖူးသည်။ ထို့ပြင် ဂျပန်ရောက်ဖူးသည့် မိတ်ဆွေတချို့ကလည်း ဂျပန်ပြည်သူများ၏ ပညာရှာဖွေဆည်းပူးမှုကို ပြောပြသည်။ စင်ကာပူနိုင်ငံသားတို့သည်လည်း ထိုနည်းအတိုင်း ပညာရှာသည်ဟုသိရသည်။ ပညာကြောင့်ပဲ သဲကန္တာရထဲက အစ္စရေးနိုင်ငံမှာ စိုက်ပျိုးရေးနည်းပညာတွင် ထိပ်ဆုံးကရှိနေသည်။ ရေရှားပါးသည့် သဲကန္တာရထဲက အစ္စရေးနိုင်ငံတွင် အခြားသောနိုင်ငံများက စိုက်ပျိုးရေးနည်းပညာများ လာရောက်သင်ကြားနေကြရသည်။ ပညာ၏တန်ဖိုးကြီးမားအကျိုးသက်ရောက်မှုကြောင့် ဒုတိယကမ္ဘာစစ်အပြီး ၁၆ နှစ်အကြာတွင် ဆိုဗီယက်ပြည်ထောင်စုသည် အာကာသခရီးကိုစတင်နိုင်ခဲ့သည်။ ကျွန်းနိုင်ငံပီပီ ဆူနာမီနှင့်ငလျင်ဒဏ်များ မကြာခဏကြုံရလေ့ရှိသည့်ကြားမှ ဂျပန်နိုင်ငံမှာ တိုးတက်ပြီးရင်းတိုးတက်နေဆဲ။ အားလုံး၏အခြေခံသည် ပညာကြောင့်ပင်ဖြစ်ပါ၏။ နိုင်ငံသားများ ပညာအရည်အသွေးမြင့်မားလျှင် နိုင်ငံသည်လည်း တိုးတက်ဖွံ့ဖြိုးလာရသည်မှာ အထင်အရှားပင်ဖြစ်ပါ၏။

မကြာသေးမီက စာရေးသူ AI ဉာဏ်ရည်တုနည်းပညာအကြောင်း ဖတ်လိုက်ရသည်။ အင်မတန်အံ့အားသင့်သွားရ၏။ အကြောင်းမှုကား လူမှုကွန်ရက်တွင် မြင်တွေ့နေရသည့် AI ဖန်တီးချက်များကိုသာ စာရေးသူသိထားခဲ့ခြင်းဖြစ်၏။ အဆိုပါဆောင်းပါးကိုဖတ်လိုက်ရတော့မှ AI နည်းပညာကို လွဲမှားစွာအသုံးချကာ လူ့အဖွဲ့အစည်းအတွင်း လုံခြုံမှု၊ ယုံကြည်မှုများ ပျက်ပြားခြင်းမှတစ်ဆင့် အကြောက်တရားများဖြစ်ပေါ်စေရန် ဆောင်ရွက်နေမှုများကို တွေ့ခဲ့ရသည်။ လူ့အဖွဲ့အစည်းကို အကျိုးပြုနေသည့် AI ဖန်တီးမှုများသည် ကောင်းမွန်လှသော်လည်း ပညာကိုရေလိုက်လွဲ မိုက်မဲသူများကြောင့် အပျက်တရားဆီရောက်ရသည်ကို ဆင်ခြင်သတိပြုမိခဲ့ပါသည်။

စာရေးသူတို့ငယ်စဉ်ကျောင်းသားဘဝတွင် ဆရာတစ်ဦးဆုံးမလေ့ရှိသည့် စကားတစ်ခွန်းမှာ "ပညာဆိုတာ ရတဲ့နေရာယူ၊ လိုတဲ့နေရာသုံး" ဟူ၍ပင်ဖြစ်၏။ ထိုသို့ကြားရစဉ် စာရေးသူ၏ဖခင်နှင့် သူ၏မိတ်ဆွေတစ်ယောက်ကို သတိရမိသည်။ စာရေးသူ၏ဖခင်က သူတို့ခေတ်ပညာရေးအရ ခုနစ်တန်းအောင်ခဲ့သည်။ ထိုစဉ်က ခုနစ်တန်းအောင်သူသည် ယနေ့ တက္ကသိုလ်ဘွဲ့ရနီးနီး အသိအမှတ်ပြုခံရသည်ဆို၏။ အဖေသည် သူ ခုနစ်တန်းပညာဖြင့် စာရေးသူတို့မောင်နှမတွေကို ရှေ့နေ၊ ကွန်ပျူတာဘွဲ့ရ နိုင်ငံ့ဝန်ထမ်းများအဖြစ် သင်ကြားပျိုးထောင်ပေးနိုင်ခဲ့သည်။ အဖေ့မိတ်ဆွေခုနစ်တန်းအောင်သူမှာလည်း စက်မှုသိပ္ပံကျောင်းများ မတက်ခဲ့ရသည့်တိုင်အောင် ရွာမှာပျက်သမျှ ရေစက်၊ မီးစက် မှန်သမျှ ပြုပြင်တတ်သည်။ စက်ဘီးဆိုလည်း ပြင်တတ်ပြန်သည်။ ဆီချေးနံ့တသင်းသင်းဖြင့် ကျောင်းမှာမသင်ခဲ့ရသောပညာကို ဝါသနာ၊ စူးစမ်းလေ့လာမှုတို့မှ တစ်ဆင့်သင်ယူကာ ဝမ်းစာအဖြစ်ကူးပြောင်းခဲ့သည့် အဖေ့မိတ်ဆွေကို စာရေးသူအထင်ကြီးခဲ့မိပါ၏။ ထိုသို့ ပညာ၏အရေးပါမှုကို သိနားလည်ကြသောမိဘများက ယင်းတို့၏ သားသမီးများကို ပညာအမွေပေးဖို့ကြိုးစားခဲ့ခြင်းမှာ မထူးဆန်းပေ။ ပညာ၏အသုံးချတန်ဖိုးနှင့်ပတ်သက်၍ စာရေးသူစွဲနေသော ဇာတ်ကားတစ်ကားရှိသည်။ ကမ္ဘာကျော် အိန္ဒိယရုပ်ရှင် "3 Idiots" ဇာတ်ကားပင်။ အငြိမ်းစားမယူခင်ကာလများအတွင်း လုပ်ငန်းခွင်စိတ်ဖိစီးမှုအချို့နှင့်ကြုံသည့်အခါ ကြည့်ဖြစ်သောရုပ်ရှင်ကားပင်ဖြစ်ပါ၏။ ငွေနောက်မလိုက်ဘဲ ပညာနောက်သာဦးစွာလိုက်ဖို့၊ ရတဲ့နေရာမှာ ပညာရှာပြီး လိုတဲ့နေရာမှာပြန်သုံးဖို့၊ တွေးခေါ်စဉ်းစားမှုကို အသားပေးဖို့ ဦးတည်ချက်ကောင်းများကြောင့်လည်း ကမ္ဘာကျော်ခဲ့ခြင်းဖြစ်သည်ကို ကြည့်ဖူးသူတိုင်း သတိပြုမိကြပါလိမ့်မည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံတွင် ပညာရေးပြုပြင်ပြောင်းလဲမှုကို ဆောင်ရွက်လျက်ရှိသည်။ ၎င်းပြောင်းလဲမှုသည် ကမ္ဘာ့အခြေအနေများကို နှိုင်းယှဉ်သုံးသပ်ပြီး ခေတ်နှင့်လျော်ညီသော ပညာရေးစနစ်ကို အသုံးချကာ လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွန်းလာရေးဆီ ဦးတည်လျက်ရှိကြောင်း စာရေးသူသုံးသပ်မိသည်။ ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ယူခွင့်ရှိစေရန်နှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 ပြီးသည်အထိ ပညာသင်ယူစေရန်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပညာရေးရည်မှန်းချက်ပင်ဖြစ်သည်။ KG+9 အထိ တက်ရောက်အောင်မြင်ပြီးပါက အသက်မွေးဝမ်းကျောင်းပညာရပ်များသင်ယူနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသင်တန်းကျောင်းများကို ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အရေးရရှိပေမည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အလေးထားစဉ်းစားတွေးခေါ်ဆောင်ရွက်နေသည်ကို အစည်းအဝေးများ၊ ခရီးစဉ်တွေ့ဆုံပွဲများမှ ပြောကြားချက်များမှတစ်ဆင့် မြင်တွေ့ကြားသိနေရသည်။ အခြေအနေအရပ်ရပ်ကြောင့် KG+12 အထိ မတက်ရောက်နိုင်သူများကို အနည်းဆုံး KG+9 အထိ ပြီးမြောက်စေလိုသည်။ သို့မှသာ နောက်ထပ်အသက်မွေးဝမ်းကျောင်းပညာရပ်များကို ထပ်မံဆည်းပူးနိုင်မည်ဖြစ်သည်။ သို့သော် ဖြစ်နိုင်လျှင်တော့ အားလုံးကို KG+12 အထိ တက်ရောက်အောင်မြင်စေလိုသည်။ မှန်ပါသည်။ စာရေးသူအထက်တွင် ပြောခဲ့သလို မိဘတိုင်း သားသမီးကို ပညာတတ်ဖြစ်စေလိုသည်။ ဝါသနာအရ အတတ်ပညာနည်းနည်းဖြင့် စူးစမ်းလေ့လာခြင်းသည် ပြည့်စုံမှုမရှိသေးဘဲ အမှန်တကယ်တတ်ကျွမ်းနားလည်သည့် ပညာပြည့်ဝသော နည်းပေးလမ်းပြဆရာများဆီမှပညာများကို သင်ယူထားမှသာလျှင် ထဲထဲဝင်ဝင်သိနားလည်နိုင်ပေမည်။

အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရန် အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ်ဖြစ်ပေါ်စေရေးအတွက် ဆရာ့အရည်အသွေး၊ ကျောင်းသားအရည်အသွေးများကိုပါ မြင့်မားလာအောင် ကြိုးစားလျက်ရှိသည်။ စာပေသင်ကြားရေးအတွက် လိုအပ်ချက်များဖြစ်သည့် အခြေခံအဆောက်အအုံများ၊ အသုံးအဆောင်ပစ္စည်းများ၊ သောက်သုံးရေရရှိမှု၊ ကျောင်းဥပဓိရုပ်သန့်ရှင်းကောင်းမွန်မှုရှိစေရေးတို့အတွက်လည်း ဟန်ချက်ညီညီ ဖြည့်ဆည်းဆောင်ရွက်နေသည်ကို တွေ့ရှိရသောကြောင့် အနာဂတ်နိုင်ငံတော်ကြီးအတွက် အားရဖွယ်ပုံရိပ်များပင်ဖြစ်သည်ဟု စာရေးသူသာမက အမှန်ကို အမှန်အတိုင်း ရှုမြင်တတ်သူများက ယုံကြည်လက်ခံကြသည်။

"ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ၊ ပြီးနိုင်စွာ၏" ဟူ၍ ငယ်စဉ်က သင်ခဲ့ရသည်။ ယနေ့ထက်တိုင်အောင်လည်း နှုတ်ဖျားတွင် အာဂုံဆောင်ထားမိသည်။ ပညာတတ်တိုင်း နှလုံးလှသူမဟုတ်ကြောင်းကို အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ တဖြည်းဖြည်းဆင်ခြင်သုံးသပ်မိလာသည်။ ဥပမာအားဖြင့် လူသားတို့၏ စူးစမ်းလေ့လာမှုကြောင့် အတတ်ပညာ၊ နည်းပညာများထွန်းကားလာရသည်။ ကွန်ပျူတာကို တီထွင်နိုင်ခဲ့ကြသည်။ ကွန်ပျူတာနှင့်လေကြောင်းပညာ တွဲဆက်ခဲ့သည်။ ကွန်ပျူတာနှင့် အင်ဂျင်နီယာ၊ ဆေးပညာများကို ချိတ်ဆက်အသုံးချခဲ့ကြသည်။ လူ့ပတ်ဝန်းကျင်အတွက် ကောင်းကျိုးများပင်ဖြစ်ပါ၏။ သို့သော် အတတ်ပညာပြည့်ဝပြီး အသိပညာအားနည်းသူများက မိမိတို့ကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်၍ အလိုလောဘများနောက်လိုက်ကာ ကွန်ပျူတာနည်းပညာဖြင့် လူပုဂ္ဂိုလ်ရေး နှောင့်ယှက်မှုများ၊ လိမ်လည်မှုများ၊ ထိုမှတစ်ဆင့်တက်သော် သူတစ်ပါးနိုင်ငံ၏ ပြည်တွင်းရေးလျှို့ဝှက်ချက်များကို ထောက်လှမ်းပြီး နိုင်ကွက်ရှာမှုများကို ကျူးလွန်လာခဲ့ကြသည်။ ပညာပြည့်ဝပါလျက် နှလုံးသားမလှပသူများကြောင့် ကမ္ဘာကြီးသည် တဖြည်းဖြည်းချင်းညစ်နွမ်းနေရသည်။ ထိုညစ်နွမ်းမှုများကို သန့်စင်အောင် ကြိုးစားရမည်မှာ မျိုးဆက်သစ်လူငယ်များတွင် တာဝန်ရှိပါသည်။

မျိုးဆက်သစ်လူငယ်များ ထိုကဲ့သို့ တာဝန်များထမ်းဆောင်နိုင်ရန်၊ မှန်ကန်သောအသိပညာ၊ အတတ်ပညာများ ဆည်းပူးနိုင်ရန် ယနေ့အချိန်တွင် နိုင်ငံတော်က စီမံဆောင်ရွက်ပေးနေသည်ဟု ဖြတ်သန်းခဲ့ရသောအတွေ့အကြုံများအရ စာရေးသူ ဆင်ခြင်သုံးသပ်မိသည်။

စာရေးသူတို့ငယ်စဉ်က ကြံရည်ဆိုင်တွင် ကြံရည်တစ်ခွက်ရဖို့အရေး လက်မောင်းများတောင့်အောင် ကြိတ်ကြရသည်ကို မှတ်မိနေသေးသည်။ ယနေ့ မော်တာဖြင့် ကြံရည်ကြိတ်နေကြလေပြီ။ ငယ်စဉ်က ဆံပင်ညှပ်ဆိုင်ရောက်လျှင် စက်ကတ်ကြေး တကျွိကျွိမြည်သံဖြင့် အညှပ်ခံခဲ့ရသည်။ ယနေ့ စက်ကတ်ကြေးဒဏ်မခံရတော့ဘဲ လျှပ်စစ်သုံးမော်တာများဖြင့် သက်သက်သာသာရှိနေကြပါပြီ။ အနီးစပ်ဆုံးတိုးတက်မှုလေးများကို တင်ပြခြင်းဖြစ်ပါ၏။ လှေကြီးထိုးရိုးရိုးနည်းအတိုင်းမဟုတ်ဘဲ ပြောင်းလဲတိုးတက်လာသောနည်းပညာနောက်ကို လိုက်ပါနိုင်စွမ်းရှိမှသာ အချိန်ကုန်လူပန်းခြင်းမှကင်းဝေးပြီး လုပ်အားလည်းမြိုင်လာမည်၊ ဝင်ငွေလည်း တိုးပွားလာမည်ဖြစ်ပေသည်။ Manual စနစ်မှ Mechanization သို့ တဖြည်းဖြည်းကူးပြောင်းနိုင်ခဲ့ခြင်းသည် ပညာကို ဆင့်ပွားခဲ့ခြင်းကြောင့်ပင်ဖြစ်၏။ သူ့ထက်ငါ အပြိုင်အဆိုင်နည်းပညာကို လက်ဦးမှုရယူတီထွင်ကြံဆလျက် ရှေ့သို့ချီနေကြချိန်တွင် စာရေးသူတို့ နိုင်ငံသည်လည်း အပြေးအလွှားကြိုးစားနိုင်ကာမှ တော်ရာကျပေမည်။

စာရေးသူတို့ငယ်စဉ်ကာလ ကလေးဘဝအရွယ် မိုးရာသီတိုင်း နံနက်စောစော ကောက်စိုက်သွားကြသည့်အသံများကိုကြားရသည်။ ကောက်မစိုက်မီ တောင်သူများက ထွန်ကြ၊ ပျိုးကြသည်။ မိုးလေဝသကို ကြည့်ကာ အချိန်အခါအလိုက် ကြဲရမည့်ရက်၊ နုတ်ရမည့်ရက်၊ စိုက်ရမည့်ရက်စသဖြင့် ခေါင်းမဦးချ အလုပ်ကိုလုပ်ခဲ့ကြသည်။ လက်မှုလယ်ယာစနစ်ကြောင့် တောင်သူများပင်ပန်းကြသည်ဟုဆိုကာ ညည်းညူကြသည်။ ယနေ့ စက်မှုလယ်ယာခေတ်သို့ရောက်ရှိနေပါပြီ။ စက်နှင့်စိုက်၍ရသလို စက်နှင့်ပင်ရိတ်ကြသိမ်းကြ၊ ခြွေလှေ့ကြပါပြီ။ အားလုံးသည် ပညာမှအရင်းတည်ခဲ့သည်။ မျိုး၊ မြေ၊ ရေ၊ နည်း အဓိကအချက်ကြီး (၄)ချက်အတိုင်းသာ တိတိကျကျလိုက်နာဆောင်ရွက်ကြမည်ဆိုပါလျှင် အထွက်နှုန်းကောင်းများ ပိုင်ဆိုင်ကြမည်မှာ မလွဲပေ။ မျိုး၊ မြေ၊ ရေ၊ နည်း အချက်ကြီး

စာမျက်နှာ ၂၃ သို့

# နေပြည်တော်ကောင်စီနယ်မြေတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၅**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာအသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏တာဝန်များ ထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ ဖွင့်လှစ်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ နယ်မြေခံသင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ မိုးရာသီစခန်းချလေ့ကျင့်ရေးဆောင်ရွက်နေမှုအခြေအနေများကို ယနေ့မွန်းလွဲပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့်တာဝန်ရှိသူများက သွားရောက်၍ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ လက်နက်ငယ်ဘာသာရပ်လေ့ကျင့်သင်ကြားပေးနေမှုကို ကြည့်ရှုအားပေးခဲ့ပြီး တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သင်တန်းသားများ၏အိပ်ဆောင်နှင့် စားရိပ်သာခန်းမကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဥဝ၁)



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ် သင်တန်းသားများ၏ အိပ်ဆောင်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**စာမျက်နှာ ၂၂ မှအဆက်**

## အသိပညာ၊ အတတ်ပညာများနှင့် ကင်းဝေးနေသူတို့သည် လူ့ဘဝခရီးကို စမ်းတဝါးဝါးနှင့်သာ လျှောက်လှမ်းရမည်ဖြစ်. . .

## တိုင်းပြည်တာဝန်များကို ဆက်ခံရယူကြမည့် မျိုးဆက်သစ်လူငယ်များ ပညာရည်ပြည့်ဝမှသာလျှင် ဆင်ခြင်တွေးခေါ်နိုင်စွမ်းနှင့်အတူ နိုင်ငံတော်ကို အကောင်းဆုံးလက်ဆင့်ကမ်း တည်ဆောက်နိုင်ကြမည်ဖြစ်. . .

(၄)ချက်တွင် တစ်ချက်ချင်းစီအလိုက် သုတေသနပြုထားသော ပညာရပ်များပါဝင်နေသည်။ ပြီးစလွယ်မျိုးကို ကြဲသည့်မြေမှာ ရရာမျိုးစေ့နှင့်စိုက်လျှင်၊ အောင်ရေလည်းမရပါလျှင်၊ နည်းလမ်းကျကျနန မရှိပါလျှင် စိုက်သည်ဟုသာ အမည်တွင်ပါလိမ့်မည်။ သေချာသည်ကား အချိန်ကုန်လူပန်းခြင်းပင်။ “မျှော်သလောက်မရပါဘူး၊ ထင်သလောက်မထွက်ပါဘူး” ဟု တောင်သူများဆိုတတ်ကြသည်။ သိပ္ပံနည်းကျ တွက်ချက်လေ့လာထားသော မျိုး၊ မြေ၊ ရေ၊ နည်းများအတိုင်း ဂရုတစိုက်စိုက်ပျိုးကြည့်ပါက သေချာပေါက် အထွက်နှုန်းကောင်းကို ပိုင်ဆိုင်ကြမည်ဟု စိုက်ပျိုးရေးဝါသနာပါ၍ စမ်းသပ်လုပ်ကိုင်ဖူးရာမှ ရရှိသောအတွေ့အကြုံဖြင့် စာရေးသူက မျှဝေလိုပါသည်။ ဥပမာအားဖြင့် မျိုးစပါး ဆင်းကေရီ-၃ ကို လယ်မြေအမျိုးအစား၌ စိုက်စနစ် ၉ " x ၄" ဖြင့် စိုက်ပျိုးပါက တစ်ကေကောက်ကွက်တွင် ကောက်ပင်ရေ ၁၇၄၂၄၀ ပင်ဝင်ဆံ့မည်ဖြစ်သည်။ ၎င်းကောက်ကွက်ကို မိုးရေချိန် ၂၈" - ၈၀"နှင့် အပူချိန် ၂၅-၃၅˚C အတွင်း ရေလိုအပ်ချက် ၆ ဒသမ သုည(ဧက/ပေ)တွင် မြေဩဇာသွင်းအားစု ယူရီးယားနှစ်အိတ်၊ ပိုတက်တစ်အိတ်၊ နွားချေးတင်း ၄၀ နှင့် ကွန်ပေါင်းတစ်အိတ်ထည့်သွင်းပါက ပန်းတိုင်အထွက်နှုန်းတင်း ၁၀၀ ကို ရရှိမည်ဖြစ်သည်။ ထိုကဲ့သို့ မိရိုးဖလာစိုက်နည်းစနစ်တွင် ခေတ်မီနည်းစနစ်များကို ပေါင်းစပ်ကျင့်သုံးနိုင်ရန်အတွက် ပညာ(အသိပညာ၊ အတတ်ပညာ စသည့်) တတ်မြောက်နေရန်လိုပေသည်။ တစ်ခုတော့သတိပြုဖို့လိုသည်။ ကိုယ့်အရပ်၊ ကိုယ့်ဒေသနှင့် ကိုက်ညီဖြစ်ထွန်းသည့် မျိုးရင်းများဖြစ်ဖို့လိုသည်ကိုတော့ အခြေခံစဉ်းစားကြရပါလိမ့်မည်။

စိုက်ပျိုးရေးသာလျှင်မက မွေးမြူရေးနှင့်ပတ်သက်၍လည်း ထိုအတိုင်းပင်ဖြစ်ပါ၏။ မိသားစု တစ်နိုင်တစ်ပိုင်မွေးမြူခြင်းမှသည် စီးပွားဖြစ်အထိမွေးမြူရေးလုပ်ငန်းများတွင် ဒေသကြက်၊ ဒေသဝက်၊ ဒေသနွားတို့ကို သိပ်အဆန်းတကြယ်သဘောမထားဘဲ မွေးမြူတတ်ကြသည်။ ကိုယ့်ရပ်ကိုယ့်ရွာအတွင်း အချိန်တန်အိမ်ပြန်ရောက်သဘောမျိုး လွှတ်ကျောင်းစနစ်ဖြင့် မွေးမြူသည်ကများကြသည်။ ယနေ့အချိန်တွင် ထိုသို့ရိုးရိုးလွှတ်ကျောင်းစနစ်ဖြင့် မွေးမြူခြင်းထက် ခြံလှောင်မွေးမြူခြင်း၊ နည်းပညာအသုံးပြုမွေးမြူခြင်းတို့ဖြင့် အကျိုးအမြတ်ပိုမိုရရှိလာသည်ကို သိရှိလာကြသည့်နောက် မွေးမြူရေးပုံစံများကိုပါ ပြောင်းလဲကျင့်သုံးလာကြသည်။ အကျိုးဆက်အားဖြင့် ဝင်ငွေသိသာစွာတိုးပွားလာခြင်းပင်ဖြစ်၏။ စာရေးသူတို့ပတ်ဝန်းကျင်တွင် တစ်နိုင်တစ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့်ပင် သားသမီးပညာရေးကို မကြောင့်မကြ ထောက်ပံ့ပေးထားသော မိသားစုအတော်များများကိုသတိပြုမိကြပါလိမ့်မည်။ စိုက်ပျိုးမွေးမြူခြင်းဖြင့် အကျိုးစီးပွားဖြစ်ထွန်းစေမည်ဟူသော အသိတရားကို စဉ်းစားဆင်ခြင်တတ်သည့် ဉာဏ်ပညာမှတစ်ဆင့်ရရှိသည်။ ထိုပညာကို လက်တွေ့အသုံးချခြင်းဖြင့် ဥစ္စာကိုဖြစ်ထွန်းစေကာ ရရှိသောဥစ္စာကို အသိပညာထပ်ပေါင်းလျက် ကုသိုလ်ပြုခြင်းသည် မှန်ကန်သောအသိပညာ၊ အတတ်ပညာတို့ကို ပိုင်ဆိုင်ခြင်းမည်ပေသည်။ စက်ဘီးပြင်သူသည်လည်းကောင်း၊ ပန်းရန်၊ လက်သမားဆရာသည်လည်းကောင်း၊ ဝန်ထမ်းအိမ်ရာမိသားစုမှ လျှပ်စစ်မီးပြင်သမားသည်လည်းကောင်း တက္ကသိုလ်များမှ ဘွဲ့ဒီဂရီများ မရခဲ့သည့်တိုင်အောင် ကျွမ်းကျင်ရာပညာတစ်ခုဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိနေကြသည်။ ထိုအသက်မွေးဝမ်းကျောင်းပညာများ တတ်မြောက်ဖို့ပင်လျှင် အနည်းဆုံးသော အခြေခံပညာကို ဆည်းပူးခဲ့ရမည်ဖြစ်၏။

ထိုထက်မက အတန်းပညာများဆည်းပူးလျက် အဆင့်မြင့်ပညာရပ်များကို ထပ်မံသင်ကြားနိုင် မည်ဆိုလျှင် ဆိုင်သေးသေးမှ ဆိုင်ကြီးကြီးအထိဖြစ်လာပေမည်။ အခြားသူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးလာနိုင်မည်။ ဆိုရသော် ပညာတတ်ခြင်းဖြင့် လူရာဝင်လာခြင်းပင်ဖြစ်၏။ လူ့အဖွဲ့အစည်းကို အကျိုးပြုလာခြင်းပင်ဖြစ်၏။ မြန်မာ့လူပတ်ဝန်းကျင်တွင်လည်း စီးပွားအရှာကောင်းသော်ငြား အတန်းပညာ ချို့တဲ့အားနည်း၍ လူအထင်သေးခံနေရသူများစွာရှိနေသည်ကို စာရေးသူကိုယ်တွေ့သိမြင်ခဲ့ရဖူး၏။ မည်သို့ပင်ဆိုစေ ပညာတတ်သူမှာ ပညာမတတ်သူထက် ဦးခေါင်းတစ်လုံးသာနေမည်သာဖြစ်ပါ၏။

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များသည် အချိန်ကာလ၏ ရွေ့လျားခေါ်ဆောင်မှုကြောင့် အသက်အရွယ်ကြီးလာသည့် လူကြီးသက်သက်ဖြစ်လာရခြင်းမျိုး မဟုတ်ဘဲ ငယ်စဉ်ကလေးဘဝမှစ၍ မိဘဆရာတို့၏ သွန်သင်ဆုံးမမှုနှင့်အတူ လိုက်ပါကြီးပြင်းကြဖို့လိုအပ်သည်။ မျိုးဆက်သစ် သားသမီးများကို အကြောင်းအမျိုးမျိုးကြောင့် လမ်းမှားလိုက်ခြင်း မဖြစ်ရလေအောင် ငယ်ရွယ်စဉ်ကာလမှစ၍ အနီးကပ်အုပ်ထိန်းသူများက တော်တည့်မှန်ကန်စွာ လမ်းကြောင်းမှန် ပြသကြဖို့လိုသည်။ အနီးကပ်အုပ်ထိန်းသူဟုဆိုရခြင်းမှာ အချို့မိဘနှစ်ပါး ငယ်စဉ်ကတည်းက မရှိကြ။ ဆွေမျိုးတော်စပ်သူများနှင့် ကြီးပြင်းကြရသည်။ မည်သူနှင့်ပင် လူလားမြောက်ရသည်ဖြစ်စေ ပံ့ပိုးပေးမည့်သူများကိုယ်တိုင် ပညာပြည့်ဝမှုနှင့်အတူ အတွေးအခေါ် ဉာဏ်ပညာမြင့်မားကြဖို့လိုသည်။ သို့မှသာ လူငယ်များကို လမ်းကြောင်းမှန်ပေါ် ပို့ဆောင်နိုင်ပေမည်။ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများကို လေ့လာကြည့်လျှင် မိစုံဖစုံဖြင့် ငယ်စဉ်ဘဝကို မကြီးပြင်းခဲ့ရသူများလည်းရှိနေကြသည်။ မြတ်စွာဘုရားသည်ပင်လျှင် မိခင်ရင်းဆုံးပါး၍ မိထွေးတော်ဖြစ်သူနှင့် ကြီးပြင်းရ၏။ Broken Family မှ ကြီးပြင်းလာသူတိုင်းလည်း လမ်းမှားမရောက်ကြ။ ပညာဉာဏ်ရင့်သန်စေမည့် စာကောင်းပေမွန်များဖတ်ရှုခြင်း၊ မိဘ၊ ဆရာတို့၏ သွန်သင်ဆုံးမမှုကိုနာခံခြင်း၊ လောကနီတိပါကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာခြင်းတို့ဖြင့် ကောင်းမွန်သော လူငယ်ဘဝကိုတည်ဆောက်နိုင်ကာ ထိုမှတစ်ဆင့် တန်ဖိုးရှိသောလူကြီးများဘဝဆီ ကူးပြောင်းနိုင်မည်ဖြစ်၏။ “ပညာမတတ်သူ အကန်းနှင့်တူ၏” ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာများနှင့် ကင်းဝေးနေသူတို့သည် လူ့ဘဝခရီးကို စမ်းတဝါးဝါးနှင့်သာ လျှောက်လှမ်းရမည်ဖြစ်သည်။ မိမိအတွက်ပင် အကျိုးမပြုနိုင်ပါက မိသားစုအတွက်လည်း အကျိုးမပြုနိုင်၊ နိုင်ငံတော်အတွက်ဆိုပါက ပို၍ဆိုးပေတော့မည်။ တိုင်းပြည်တာဝန်များကို ဆက်ခံရယူကြမည့် မျိုးဆက်သစ်လူငယ်များ ပညာရည်ပြည့်ဝမှသာလျှင် ဆင်ခြင်တွေးခေါ်နိုင်စွမ်းနှင့်အတူ နိုင်ငံတော်ကို အကောင်းဆုံးလက်ဆင့်ကမ်း တည်ဆောက်နိုင်ကြမည်ဖြစ်သည်။

ယနေ့အချိန်တွင် ပြည်တွင်း ပြည်ပအဖျက်သမားမျိုးစုံတို့၏ သွေးခွဲမှိုင်းတိုက်မှုအောက်ဝယ် မျိုးဆက်သစ်လူငယ်အချို့ လမ်းမှားရောက်နေကြသည်မှာ နှမြောဖွယ်ကောင်းလှပါ၏။ ပညာမဲ့သူ အကြမ်းဖက်သမားတို့ကြောင့် အညွန့်တလူလူနှင့် လူငယ်များ၏ ဘဝပေါင်းများစွာ ထိခိုက်နစ်နာခဲ့ကြရသည်။ ထိုသို့သော ပြည်ပမွေ့နောက်ခလောက်ဆန်မှုကြောင့် အချင်းချင်းမညီမညွတ်ဖြစ်ရသည်များကို မိမိတို့အကျိုးမလိုလားသော မြန်မာနိုင်ငံကြီး ပြိုကွဲပျက်စီးရေး ကြိုးပမ်းနေသော ပြည်ပနိုင်ငံများက အားရဝမ်းသာကြည့်လျက် မျက်ကွယ်ရာတွင် လက်ခုပ်လက်ဝါးတီးနေကြမည်မှာမလွဲပေ။ ပညာရည်နိမ့်ပါးသောလူမျိုးများဟုမှတ်ယူလျက် ဟားတိုက်ရယ်မောနေကြမည်ကို မျိုးဆက်သစ်တို့သတိပြုစေလိုမိသည်။ ပညာမမြင့်မားလျှင် လူမျိုးလည်းမတင့်တယ်နိုင်။ ထို့ကြောင့် နောင်တစ်ချိန် နိုင်ငံတော်၏ကြီးမားသောတာဝန်များကို ထမ်းဆောင်ကြမည့် လူငယ်များသည် “ပညာရှာပမာသူဖုန်းစား”၊ “ပညာရွှေအိုးလုမခိုး” ဟူသည့် အဆုံးအမစကားများကို နာခံမှတ်သားလျက် ပညာမြင့်၍တင့်တယ်သောလူမျိုးများအဖြစ် ကမ္ဘာ့အလယ်ဝင့်ထည်နိုင်စေရန် အသိပညာ၊ အတတ်ပညာများကို အပတ်တကုတ်ရှာဖွေကြိုးစားကြရန် တိုက်တွန်းနှိုးဆော်မှုပြုလိုက်ရပါသည်။ ။

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။






ယနေ့တွင် “မဟာဂီတ” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောတောင်စွယ်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပန်းတသင်းသင်း” (ပတ်ပျိုး)သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

“ကာလပေါ်” တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန (၂) Banquet Hall၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သုံးဆယ့်ရှစ်ဖြာမင်္ဂလာ” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဂုဏ်တော်ကိုးသွယ်” သီချင်းဖြင့်လည်းကောင်းယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲ(သီချင်းသံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုခြင်း)ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှု ရတနာခန်းမ၌ကျင်းပရာ အခြေခံပညာ အဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုးဆောင်သယ်ပိုး” ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဝါသနာရှင် အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ဂီတဖြင့်ပြည်အလှဆင်မည်” ခေါင်းစဉ်ဖြင့်လည်းကောင်း ရသစုံလင်စွာ သံစဉ်ထည့်သွင်းလေ့ကျင့်သီဆိုကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မွှေးလွန်းသည့် ပန်း”(ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပန်းဟေဝန်” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက်၁၀နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သောင်းသောင်းညံ” (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

စောင်းအတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်)ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှပြိုင်ပွဲဝင်များက “ရေယမုန်”(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀နှစ်မှ ၁၅နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သီလာမြေယံ”(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ညာသပြေဘောင်” (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ၂၀နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့်စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “တောဟေဝန်လယ်”(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက်၁၀နှစ်မှ၁၅နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက “မြတ်ပလ္လင်တော်ရှေ့” (ဘွဲ့)သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာတီးခတ်ယှဉ်ပြိုင်ကြသည်။

အိုးစည်အတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက်၁၅နှစ်မှ၂၀နှစ်အတွင်း)ပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဆိုင်းဝိုင်းကြီးအဖွဲ့အလိုက် အတီးပြိုင်ပွဲကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးခတ်ယှဉ်ပြိုင်ကြသည်။

ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် “ဝေဿန္တရာ” ဇာတ်တော်ကြီးဖြင့် ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြု တော်ဝင်ရုပ်စုံအမြင့်သဘင် အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကိုဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

ဇာတ်တော်ကြီးပြိုင်ပွဲကို နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက်ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် “မဟာဇနက” ဇာတ်တော်ကြီးဖြင့် မကွေးတိုင်းဒေသကြီးကိုယ်စားပြု ဖန်ခါးမြေဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ ဆိုငိုပြောပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီးယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာအသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

(၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင်များအတွက် အဆင့်သတ်မှတ်ချက်အနေဖြင့် ဝါသနာရှင်အဆင့် (ပထမတန်း)၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)တို့ကို ပြိုင်ပွဲအဆင့်များအဖြစ် သတ်မှတ်ထားသည်။

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်၂၃၀၆ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ယခု ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင်ယှဉ်ပြိုင်ကြသည့်အတွက် ပြိုင်ပွဲဝင်အင်အား ပိုမိုတိုးတက်လာကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်




တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ကျောင်းသားတစ်ဦးအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ကျောင်းသူများကို ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့်စာရေးကိရိယာများကိုပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အလားတူ ပြည်တပ်နယ်တွင်လည်း ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းတက်ရောက်ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများအတွက်စာရေးကိရိယာများကို တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

၂၀၂၄ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့

WORLD FOOD DAY 2024

**"ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး"**

**"Right to Foods for a Better Life and a Better Future"**

အောက်တိုဘာလ (၁၆) ရက်

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ လေ့လာရေးခရီးသွားရောက်



မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ ဖူးမြော်ကြည်ညိုပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၆) တပ်မတော်ဆေးတက္ကသိုလ် ဆေးပညာဘွဲ့ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၆)နှင့် သွားဘက်ဆိုင်ရာဆေးပညာဘွဲ့ဗိုလ်လောင်းသင်တန်း



စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ်တို့မှ ဗိုလ်လောင်းများ နေပြည်တော်ကောင်စီနယ်မြေရှိ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ကြည့်ရှုလေ့လာစဉ်။

အမှတ်စဉ်(၂၇)၊ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆)တို့မှ ဗိုလ်လောင်းများသည် နည်းပြအုပ်ချုပ်သူများလိုက်ပါ၍ အောက်တိုဘာ ၇ ရက်မှ ယနေ့ထိ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နှင့် နေပြည်တော်ကောင်စီနယ်မြေများသို့ လေ့လာရေးခရီး သွားရောက်ခဲ့ပြီး ၎င်းမြို့များရှိ အထင်ကရနေရာများ၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာကြကာ တန်ခိုးကြီးဘုရားစေတီများအားသွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ထိုသို့လေ့လာခဲ့ကြရာတွင် မိတ္ထီလာမြို့ရှိ တပ်မတော်စက်ရုံများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီနယ်မြေရှိတပ်မတော်စစ်သမိုင်းပြတိုက်နှင့် တပ်မတော်ဆေးရုံများသို့လည်းကောင်းသွားရောက်လေ့လာခဲ့ကြရာ တာဝန်ရှိသူများက ဗိုလ်လောင်းများ၏ သိရှိလိုသည့် မေးမြန်းချက်များအပေါ် ရှင်းလင်းပြောကြားသည်။

အဆိုပါ ဗိုလ်လောင်းအဖွဲ့များသည် လေ့လာရေးကာလအတွင်း၌ မိတ္ထီလာမြို့ရှိ တန်ခိုးကြီး ဘုရား၊စေတီပုထိုးများကိုလည်းကောင်း၊နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင်တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဥပ္ပါတသန္တိစေတီတော်တို့ကိုလည်းကောင်း သွားရောက်လေ့လာဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ)

# သဘာဝဘေးကြောင့် တောင်ပြို ပိတ်ဆို့ခဲ့သည့် ကျိုင်းတုံ-ပန်လီ-မိုင်းခုတ်-မိုင်းဆတ်လမ်းများ ပြန်လည်ပြုပြင် ဆောင်ရွက်ပြီးစီး၍ မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်း စက်တင်ဘာ ၉ ရက်မှ ၁၂ ရက်ထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် လမ်းအရှည် ၁၀၅ မိုင် အကျယ် ၁၈ ပေရှိ ကျိုင်းတုံ- ပန်လီ- မိုင်းခုတ်- မိုင်းဆတ် သွားကားလမ်းပေါ်၌ တောင်ပြိုပြီးလမ်းပိတ်ဆို့မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါလမ်းပိတ်ဆို့မှုဖြစ်ပေါ်ခဲ့သည့် နေရာများအား ဆောက်လုပ်ရေးဝန်ကြီးဌာနကို ကျိုင်းတုံခရိုင်နှင့် မိုင်းဆတ်ခရိုင် လမ်းဦးစီးဌာနများတို့က သက်ဆိုင်ရာ လမ်းအပိုင်းအလိုက် စက်တင်ဘာ ၁၁ ရက်မှစတင်၍ ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယခုအခါ မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ယင်းသို့ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (ဗဟ)



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် ကျိုင်းတုံ-ပန်လီ-မိုင်းခုတ်-မိုင်းဆတ်လမ်းများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ပမှပြန်လာသည့် သင်္ဘောသားများအပါအဝင် ပြည်ပပြန်သူအချို့ ရန်ကုန်လေဆိပ်၌ဖမ်းဆီးခံရဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**





ပြည်ပမှပြန်လာသည့် သင်္ဘောသားများအပါအဝင် ပြည်ပနိုင်ငံများတွင်အလုပ်အကိုင်အဆင်မပြေ၍ ပြန်လာသူအချို့ ရန်ကုန်လေဆိပ်၌ဖမ်းဆီးခံရပြီး အဆက်အသွယ်ပြတ်တောက်နေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ရန်ကုန်လေဆိပ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူတစ်ဦး၏ ပြောပြချက်အရ ပြည်ပမှပြန်ဝင်လာသူများကို သက်မှတ်ထားသည့် စည်းကမ်းချက်များအတိုင်း စစ်ဆေးမှုများသာရှိကြောင်း၊ အကြောင်းမဲ့ ဖမ်းဆီးမှု တစ်စုံတစ်ရာ မရှိကြောင်း၊ ပြည်ဖျက်မီဒီယာများအနေဖြင့် နိုင်ငံတော်နှင့်တပ်မတော်အပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှား၍ ကြောက်လန့်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ မဟုတ်မမှန်သည့် သတင်းမှားများ လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (ဗဟ)

# အားကောင်းသော လေဖိအားနည်းရပ်ဝန်း မုန်တိုင်းငယ်အဖြစ် ပိုမိုအားကောင်းလာနိုင်

**နေပြည်တော် အောက်တိုဘာ ၁၅**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော အားကောင်းသော လေဖိအားနည်းရပ်ဝန်း (Well Marked Low Pressure Area)သည် အနောက်-နောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်စပ်ဆက်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် ဆက်လက်တည်ရှိနေသည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်၁၂ နာရီအတွင်း ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် မုန်တိုင်းငယ်(Depression) အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ တမီးနာဒူးလ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းထားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။



## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM၏ “**ပြည်သူ့ကြားကပြည်သူ့စကား**” အစီအစဉ်မှ “**တိုင်းပြည်တည်ငြိမ်မှာကို မလိုလားသူများက သန်းခေါင်စာရင်း ကောက်ခံသူတွေကို ဒုက္ခပေးနေ**” ခေါင်းစဉ်ဖြင့် ၁၆-၁၀-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် “**တော်လှန်ရေးအကြောင်းပြ စတေးခံ PDF အကြမ်းဖက်သမားများ၏ ဘဝနှင့်ကိုယ်ကျိုးရှာအလျှုခံ ပြည်ပသို့ရွှေ့ပြောင်းသူများရဲ့တော်လှန်ရေး**” ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၅၉၅သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။




လုကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

"အဂတိပယ်ခွာ ပြည်သာယာ"
Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင် ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသီရိလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

# ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၀၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရေဦး အောက်တိုဘာ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၀၄၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၇၇၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၀၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ရေဦးခရိုင်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဟင်းသီးဟင်းရွက်သီးနှံစုံ ၆၇၇၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၆၀၄၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ အာလူး၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAPနည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ ဓာတုဓာတ်ကြွင်းအနည်းဆုံးဖြစ်အောင်စိုက်ပျိုးနိုင်ဖို့အသိပညာပေးလုပ်ငန်းတွေဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးခရိုင်တွင် ယခုနှစ် မြို့နယ်အလိုက် ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် ရေဦးမြို့နယ်တွင် ၃၅၇၇ ဧက၊ တန့်ဆည်မြို့နယ်တွင် ၁၃၅၂ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၁၁၁၉ ဧက စုစုပေါင်း ၆၀၄၈ ဧကဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံစုံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ရေဦးမြို့နယ်တွင် ဧက ၃၅၀၀၊ တန့်ဆည်မြို့နယ်တွင် ၁၃၅၂ ဧကနှင့် ဒီပဲယင်းမြို့နယ်တွင် ၁၉၂၃ ဧက စုစုပေါင်း ၆၇၇၅ ဧက ဖြစ်ကြောင်း သိရသည်။

ရေဦးခရိုင်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAPနည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့်သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှုကင်းစင်စေရေး၊ သဘာဝဓာတ်မြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)

# ကြို့ပင်ကောက်မြို့နယ် ဖလံကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကြို့ပင်ကောက် အောက်တိုဘာ ၁၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖလံကုန်းကျေးရွာ၌ နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးခြင်းကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ ချေးငွေများ ထုတ်ချေးပေးရာတွင် ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၈ ဦးကို ၃၉၆ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ၄ ဒသမ ၅ သိန်း ၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လုပ်ကိုင်သူတစ်ဦးကို ၁ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၀၂ သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ပြောပြ၍ သိရသည်။

သန်းလွင်(မကွေး)

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေဖတ်ကြစို့**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေMyawadyWebportal(www.myawady. net.mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ (မေးခွန်းနမူနာပုံစံများအား MyawadyWebportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ရက်နေ့မှ ၁၇-၁၂-၂၀၂၄ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

( ဂ ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃) လက်မ၊ ကိုယ်အလေးချိန်ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady. net.mm/nurse(female)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

( င ) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

( စ ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ (မေးခွန်းနမူနာပုံစံများအား MyawadyWebportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ရက်နေ့မှ ၁၇-၁၂-၂၀၂၄ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

( ခ ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

( ဂ ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

( င ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

( စ ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

( ခ ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

( ဂ ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

( ခ ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

( ဂ ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

( င ) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

( ခ ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

( ဂ ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( င ) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍသတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

( ခ ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

( ဂ ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

( င ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

( စ ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| ( ခ ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| ( ဂ ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| ( င ) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| ( စ ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| ( ဇ ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**








## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာမုနိဘုရားကြီး ဘဏ္ဍာတော်ပိုင် နတ်စင်ဝင်းတိုက်တန်း၊ ဆိုင်ခန်းအမှတ်(၂၉-၃၀)သည် ဦးမျိုးမင်းမြတ် အမည်ပေါက်ဖြစ်ပါသည်။ ဦးမျိုးမင်းမြတ် အမည်မှ ဒေါ်ဇာခြည်သိမ့် အမည်သို့ ဆိုင်ခန်းမှတ်ပုံတင် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ မဟာမုနိဂေါပကအဖွဲ့၊ မန္တလေး

### ပျောက်ဆုံးကြောင်း

(ဘ) ဦးစံမြတ် ၏သား၊ ကျွန်တော် စိုင်းလိတ် (၁၃/ကခန(နိုင်)၀၀၀၃၂၈)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-648412)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၅၂၆၀၉၁၄၊ ၀၉-၇၈၂၂၆၁၆၆၉

### ပျောက်ဆုံးကြောင်း

ပျော်ဘွယ်မြို့နယ်၊ ဆွဲမှန်ကျေးရွာနေ ခိုင်ထူး (ဘ) ဦးမောင်မောင် (၉/ပဘန(နိုင်)၂၀၉၈၈၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(MB-619493)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၅၇၃၂၇၁၆၆

## အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မလှိုင်မြို့နယ်၊ အထက(မုံပင်)၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးမြကြိုင် ၏သမီး မဖြူဖြူသန်း ၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေ စာရင်းအရ မဖြူဖြူသန့် ဖြစ်ပါကြောင်း။

မဖြူဖြူသန့်(၉/မလန(နိုင်)၁၉၃၄၆၉)

## တစ်ဦးတည်းဖြစ်ပါကြောင်း

မလှိုင်မြို့နယ်၊ ကံတွင်းကျေးရွာအုပ်စု၊ ကံတွင်းကျေးရွာနေ ဒေါ်အေးချို(၉/မလန(နိုင်)၀၀၀၇၈၇)၏ဖခင်အမည်မှာ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ပါ ဦးခြား နှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဦးချား သည် တစ်ဦးတည်းဖြစ်ပါကြောင်း။ ဦးခြား (ခ) ဦးချား

# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါ သည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**



❖ လူငယ်အားလုံးအနေဖြင့် "အတ္တနှင့် ပရ" မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန်လိုအပ်...

❖ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် ပြုလုပ်သော ၂၀၂၄ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း

## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများကို တွေ့ဆုံ၊ မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များကို သွားရောက်ကြည့်ရှုအားပေး၊ ဝန်းသိုတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ ရဲမေ၊ မိသားစုများကို တွေ့ဆုံအမှာစကားပြောကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဝန်းသိုတပ်နယ်ရှိ ရဲမေများနှင့် မိသားစုဝင်များကို တွေ့ဆုံအားပေးစကားပြောကြားစဉ်။

နေပြည်တော် အောက်တိုဘာ ၁၅ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများကို အောက်တိုဘာ ၁၄ ရက် ညနေပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ သွားရောက်တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်ပြီး အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆

ပညာမြင့်မှ လူမျိုးတင့်မည်

ဆောင်းပါး စာမျက်နှာ- ၂၂

၂၀၂၄ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲများ ဆက်လက်ကျင်းပ စာမျက်နှာ- ၂၄

